
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


**စီစဉ်သူ**

ကိုမိုး (တောင်ကြီး)

ဆဋ္ဌမအာရုံ မဂ္ဂဇင်း (အယ်ဒီတာချုပ်)

**စီမံအုပ်ချုပ်ရေးမှူး**

ဒေါ်ဌေးဌေးလှိုင်

**မျက်နှာဖုံးဒီဇိုင်း**

ကျော်စွာငွေစိုး

**ပန်းချီ သရုပ်ဖော်**

ဖိုးအောင်

**ထုတ်ဝေသူ**

ဦးဟန်စိန် (၀၁၀၃၅)

ကျီတော် ရုပ်ပြ

**ပုံနှိပ်သူ**

ဦးကျော်သင်း (၀၀၆၂၆)

(သံလွင်ဦး ပုံနှိပ်တိုက်)

**ပုံနှိပ်ခြင်း**

၂၀၁၆ ခုနှစ်

**တန်ဖိုး**

၁၅၀၀ ကျပ်

**ဖြန့်ချိရေး**

ဆဋ္ဌမအာရုံ စာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း (၅၁) အထက်၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၀၀ ၅၀ ၁၆၀။


www.burmeseclassic.com

www.burmeseclassic.com

Sixth Sense
Publishing House

# စေတန်

မကောင်းပန်နဲ့

## ပြောင်းသန်အောင် ပြောကြမယ်

ကျိန်စာအခွဲကြောင့်

သရဲဖြစ်ရသူ တစ်ဦး…၏

သရဲအစစ်များရဲ့

ခြောက်လှန့်ပူးဝင်မှုများ။

တာနိုင်နေချိန်မှာ

ကြုံတွေ့ရတဲ့

ခြောက်စရာကောင်းသော

ဖြစ်ရပ်ဆန်း။

သရဲခြောက်တယ်ဆိုတာ

မြို့လယ်ခေါင်မှာတောင် မဟုတ်ဘူး။

အဝေးရိုကာန် အမှတာ

ဆိုင်မြို့တော်မှာလည်း ခြောက်တယ်

ဆိုတာ…သဘောပေါက်။


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# စေတန်ရဲ့ဝတ္ထုစာအုပ်

## တစ္ဆေ အကြောင်း ရေးသားထားသည့်




သရဲ၊ တစ္ဆေ လုံးချင်းဝတ္ထုများကို ကြိုက်နှစ်သက်သော ပရိသတ်များအတွက် တစ်အုပ်နှင့်တစ်အုပ် ရသမတူ၊ သာမန်ထက် ထူးခြားဆန်းပြားသည့် အကြောင်းအရာများကို ရေးသားထားသည့် စေတန် စာအုပ်များကို စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

Sixth Sense
Publishing House

မတောင်းပန်နဲ့
ပြောင်းဆန်အောင် ခြောက်မယ်

# CHAPTER

1 စွန့်ဦးတီထွင် သရဲအိမ်

2 ကြောက်ရမည်၊ ခြောက်ပြပြီ

3 သရဲအစစ်တွေဆိုတာ ..

4 စုံတွဲတွေမြင်ရင် မနေနိုင်သူ

5 အစွဲချွတ်ပေးမယ့် မကျွတ်သူ

6 သိပ်မိုက်တဲ့ သရဲမ

7 မိစ္ဆာလမ်းမှာ နန်းစိုက်တဲ့ နီလာ

8 တောင်းပန်မရတဲ့ ပြောင်းဆန်မ

9 အလောင်းစွဲ ပြိတ္တာ သရဲ

10 အရိုးကို မီးရှို့သောအခါ ..

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (1)

## စွန့်ဦးတီထွင် သရဲအိမ်

**အထပ်** (၆) ထပ်ရှိပြီး၊ ပေ (၂၀၀) ပတ်လည်ရှိသော ဌာနဆိုင်ရာ အဆောက်အဦကြီးကို ပြန်လည်ပြုပြင် မွမ်းမံထား၏။ အဆောက်အဦကြီးထဲကို ဆယ်ကျော်သက်အရွယ် လူငယ် (၆)ဦး လှမ်းဝင်သွား၏။

လုံခြုံရေး အစောင့်နှစ်ယောက်က ဘေးနားမှာ အရံသင့်။ လူငယ် (၆)ယောက်မှာ ကျားသုံးဦး၊ မသုံးဦးဖြစ်သည်။

ပန့်ကေထောင်ထားသော လူငယ်က–



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

“ဒီစီးပွားရေးကြီးကို ငါ ဦးဆောင်လုပ်ချင်လို့ ကျောင်းကို အဝေးသင် ပြောင်းခဲ့ရတာ၊ မင်းတို့က ငါ့အပေါ် နားမလည်ခဲ့ကြဘူး။ ငါ့လုပ်ငန်းတွေ ပြီးစီးသွားပြီမို့ မင်းတို့ကို လက်တွေ့ခေါ်ပြတာ”

လင်းသန့်အောင်(ပန့်ကေ)က ပြောလိုက်ခြင်း ဖြစ်သည်။ လှယမင်း၊ မြတ်ဆုရတီ၊ ပန်းနှင်းဆီဆိုသော မိန်းမလှလေးတွေက တအံ့တဩနှင့် လိုက်လံ ငေးမောကြည့်နေ၏။

မင်းစစ်ဟန်နဲ့ ဇေယံဟိန်းတို့က ဧရာမ အရိုးခေါင်းဝင်ပေါက်ကြီးက ထွက်နေသော ဆင်စွယ်မကကြီးသည့် အစွယ်ကြီးတွေကို လက်နဲ့ သွားကိုင်ကြည့်နေကြ၏။

“နင်. . သရဲဂိမ်း လုပ်ထားတာလား”

“သရဲခြောက်သည်ဆိုသော အိမ်ကြီးကို လုပ်ထားတာပဲ။ ဧကန္တ နင် ကလေးကစားကွင်း ဖွင့်တော့မယ်ပေါ့၊ ဟက်ပီးဝေါလ်တို့ မြကျွန်းသာတို့လိုလေ”

လှယမင်းနှင့် မြတ်ဆုရတီတို့က သူတို့ထင်ကြေးတွေ ပြောလာကြ၏။ လင်းသန့်အောင်က –

“သရဲခြောက်တဲ့ အရသာကို ကိုယ်တိုင်ခံစားချင်တဲ့ လူတွေအတွက် အပြင်းစား သရဲခြောက်တဲ့၊ သရဲ အခြောက်ကြမ်းတဲ့ ခြောက်ထပ်တိုက်ကြီးလို့ အမည်ပေးထားတယ်”

“ဒီအထဲကို လူတစ်ယောက် ဝင်ခံစားရင် (၃၀၀၀)ကျပ်နှုန်းနဲ့ မကြာခင် ဖွင့်လှစ်တော့မှာလေ။ ငါ အမွေရထားသမျှ ဒီလုပ်ငန်းထဲမှာ သွန်အောထားတာ၊ အစိုးရဆီက နှစ်ငါးဆယ် ငှား ရမ်းထားတယ်”



www.burmeseclassic.com

www.burmeseclassic.com





"ဟာ! . . မင်း တော်တော်မိုက်တာပဲ လင်းသန့်ရာ၊ ဒီအလုပ်က သေချာပေါက် မြတ်မယ်ထင်နေသလား"

"အေးလေ . . မင်းဟာက လူမဝင်ရင် ရှုံးနိုင်တယ်နော်။ မပိုင်ဝက်မွေးအလုပ်ကြီး ဖြစ်ဦးမယ်"

"သိပ်မြတ်တာပေါ့ . . သူငယ်ချင်းတို့ရာ၊ လူတစ်ယောက်ကို (၁)နာရီ၊ ကြေး (၃၀၀၀) သတ်မှတ်ထားတာ။ ဒီအထဲမှာ ကြာနေရင် (၁)နာရီထက် ပိုရင် ပိုသလောက် အပိုကြေးပေးရမယ်"

"ဝင်တဲ့သူကို တစ်နာရီပြည့်တာနဲ့ အလန်းပေးတဲ့ ကဒ်ကလေးက အချက်ပြလိုက်မယ်။ ဝင်ပေါက်ကို အချိန်မီ ပြန်ထွက်ပေါ့၊ မထွက်ရင်တော့ ကျသင့်ငွေကို ဆက်ပေးရလိမ့်မယ်"

မင်းစစ်က စိတ်ပါဝင်စားစွာ နားထောင်နေရာက–

"မင်းဟာက K.T.V တို့၊ မာဆတ်တို့၊ တည်းခိုခန်းတို့လို တစ်နာရီကြေးနဲ့ တောင်းတာဆိုတော့ . . အင်း . . မဆိုးပါဘူး။ လူတွေ အများကြီးကို မင်းမှတ်မိနိုင်ပါ့မလား"

"ကဒ်ကို စစ်ဆေးလို့ရတာပဲ"

"ဝန်ထမ်းတွေ အများကြီး ခန့်ထားရမှာပေါ့"

"လုံခြုံရေးနှစ်ဦး၊ ကွန်ပျူတာ ကျွမ်းကျင်နှစ်ဦးနဲ့ အုပ်ချုပ်တဲ့ ငါကလွဲပြီး ကျန်တာမရှိဘူး။ ငါ့ရုံးခန်းက အပေါ်ဆုံးထပ်မှာ လျှို့ဝှက် ခုတ်လှေကား ရှိတယ်"

"မင်းတို့ကို တစ်ထပ်ချင်းက သရဲခြောက်တဲ့ အခန်းတွေ ပြသွားမှာဆိုတော့ ရိုးရိုးလှေကားကပဲ လိုက်ပြမယ်။ ဒီပိခြောက်တတ်ရင် အောက်က ဧည့်ဆောင်မှာပဲ နေခဲ့လို့ရတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“အံ့မယ် . . စက်တွေ အရုပ်တွေများ . . တကယ် သရဲမှ မဟုတ်တာ မကြောက်ပါဘူးတော်”

လင်းသန့်က လှောင်ပြုံးလေးနှင့် ခပ်ထေ့ထေ့ ကြည့်ပြီး–

“နှလုံးရောဂါရှိတဲ့လူ၊ သိပ်ကြောက်တတ်တဲ့သူ၊ အရွယ်မရောက်သေးတဲ့သူတွေကို ပေးဝင်ခွင့် မပြုဘူး။ တစ်ယောက်ထဲ ဝင်သွားရင် ဒီမြေညီထပ်မှာတင် လန့်သေ သွားနိုင်လောက်တယ်။ လျှော့ကား တပ်ပေးထားတယ်။ အနည်းဆုံး လူလေးယောက်လောက် ပါမှ ဝင်ခွင့်ပေးမှာ”

“ဟယ် . . အပိုတွေ အခု မနက်(၁၀)နာရီပဲ ရှိသေးတယ်။ သရဲခြောက်သည်ဆိုသော အိမ်ကြီးကို ငါနဲ့ပန်းနှင်းဆီတို့ နှစ်ယောက်ထဲ ဝင်ကြည့်ပြီးပြီ။ တို့က သိပ်ကြောက်တတ်တာ မဟုတ်တော့ အရိုးခြောက်တွေက လက်နဲ့ကိုင်ပုတ်၊ အပေါ်ကနေ ခုန်ချ မလိုလုပ်၊ ဘွားခနဲလုပ်လည်း မကြောက်ပါဘူး”

လင်းသန့်အောင်က တစ်ချက်ပြုံးလိုက်ပြီးနောက် သူ၏ သရဲခြောက်သော အိမ်ကြီးအကြောင်း ထပ်မံရှင်းပြလေသည်။

“နောက်ဆုံးပေါ်နည်းပညာတွေနဲ့ ကြောက်စရာ အကောင်းဆုံးဖြစ်အောင် ဖန်တီးထားတာ၊ LED ကားချပ်ကြီးတွေနဲ့ ပြတင်းပေါက်တွေ အကုန် ပိတ်ထားတယ်။ လေဝင်လေထွက်ကောင်းအောင် ပန်ကာတွေ၊ အဲယားကွန်းတွေနဲ့ လုပ်ပေးထားတယ်”

“အပြင်မှာ ဘယ်လောက် လင်းလင်း၊ အထဲရောက်ရင် အလင်းနည်းဖျော့ဖျော့လေးပဲ ထွန်းပေးထားတယ်။ ကျန်တဲ့နေရာတွေ မှောင်မိုက်နေတာပဲ။ ငါ့အထင် ဘယ်သူမှ အပေါ်ဆုံးထပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် တက်လာရဲမှာ မဟုတ်ဘူး။ သတ္တိ သိပ်ကောင်းတဲ့ သူတောင် သုံးထပ်လောက်ပဲ ရောက်လိမ့်မယ်”

“မင်းဟာ ညွှန်းလှချည်လား . . ဒီခေတ် ငါတို့တွေက သရဲကားပေါင်းစုံ ကြည့်ထားတာ။ သရဲပေါင်းစုံလည်း မြင်ထားဖူးပြီးသား။ တရုတ် သရဲ၊ အိန္ဒိယ သရဲ၊ အမေရိကန် သရဲ၊ ထိုင်း သရဲ၊ မလေးရှားစုန်း စုံနေတာပဲ”

မင်းစစ်ဟန်က ပီကေထုတ်ဝါးပြီး ပမာမခန့်ဟန်ဖြင့် ပြောလာ၏။ လင်းသန့်က –

“ငါပြောတာ မယုံဘူးဆိုရင် မင်းတို့ဘာသာ (၆)ထပ် ရောက်အောင် တက်လာခဲ့ကြ . . ငါက ဓာတ်လှေကားနဲ့ တက်သွားမယ်။ အပေါ်ထပ်မှာ မင်းတို့ကို အကျွေးအမွေးနဲ့ စောင့်နေမယ်။ သရဲမတွေနဲ့ ကချင်ရင် K.T.V ခန်းတွေ လေးထပ်မှာ လုပ်ပေးထားတယ်”

“ငါးထပ်မှာ သရဲထီးတွေက လူမိန်းမကို နှိပ်ပေးတဲ့ မာဆတ်၊ သရဲမတွေက လူထီးတွေကို နှိပ်ပေးတဲ့ မာဆတ် အခန်းတွေ ရှိတယ်။ အပေါ်ဆုံး(၆)လွှာမှာတော့ စပါယ်ရှယ် အဖက်တွေ၊ ဆီလီကွန်တွေ၊ ဂျုံတွေ၊ အသားစုံနဲ့ လူသားပုံစံလုပ်ထားတဲ့ လူသားစား ဆိုင်ခန်းတွေ ရှိတယ်”

“မင်းတို့ ကြိုက်တာမှာစား . . လူလက်၊ လူခြေထောက်၊ လူခေါင်းပြုတ်၊ လူ့ကလီစာ၊ အဲ့ဒါတွေကို သရဲစားဖိုမှူးတွေက ချက်ပြုတ်ပေးမယ်။ သရဲမ၊ သရဲထီး စားပွဲထိုးတွေက လာချပေးလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



“ဟယ် . . နင် ပေါက်ကရတွေ လျှောက်လုပ်တယ်”

“အဆန်းတွေပါပဲလား လင်းသန့်ရယ်”

“တကယ် လူသားတွေလား ဟင်”

“ဘယ်က ဟုတ်ရမှာလဲ . . ပေါင်မုန့်တွေ၊ ဝက်၊ ကြက်အူချောင်းတွေ၊ ဝက်သား၊ အမဲသား၊ ကြက်သား၊ ပင်လယ်အသားမျိုးစုံနဲ့ လူလက်၊ လူ့ပေါင်သား၊ လူ့ခြေထောက်ပုံစံတွေ မိုလောင်းသွင်းပြီး တူအောင် တုလုပ်ထားတာပေါ့”

“မင်းတို့သာ မသိတာ၊ ငါ့ဆိုင်ကြော်ငြာက အာဆီယံနိုင်ငံတွေ၊ ဥရောပနိုင်ငံတွေမှာပါ ပလူပျံအောင် ထည့်ပြီးပြီ။ ရှေ့လလယ်မှာ လေယာဉ်စီးလုံးငှား ခရီးသည်တွေ၊ ဇိမ်ခံသင်္ဘောနဲ့ လာမယ့် ခရီးသည်တွေနဲ့ ချိတ်မိထားပြီ။ ကြိုတင် ဘွတ်ကင်တွေတောင် လုပ်ထားပြီးပြီ”

“ခရီးသွားအေဂျင်စီနဲ့ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ထားတာလေ။ သရဲအခြောက်ကြမ်းတဲ့ (၆)ထပ်တိုက်ကြီးဆိုတဲ့ ကြော်ငြာရိုက်ချက်တွေနဲ့ အစမ်းရိုက်ပြပြီး အွန်လိုင်းပေါ်ကအစ တင်ထားပြီးပြီ”

“ဒီလကုန်ဖွင့်တာနဲ့ ပြည်တွင်းက လာရောက်ပြီး သရဲအခြောက်ခံချင်တဲ့ လူတွေ ငါးသောင်းလောက်အထိ ရှိကြတယ်။ ကွန်ပျူတာသမားနှစ်ယောက်က ဖိုင်သွင်းထားပြီးပြီ”

“ကွန်ပျူတာ ထိန်းချုပ်ခန်းက (၄)ထပ်မြောက်မှာ ရှိတယ်။ ငါတို့ ကြော်ငြာထဲမှာ”

လင်းသန့် ရှင်းပြနေတာကို အားလုံး တအံ့တသြနှင့်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေကြ၏။ ပြီးမှ –

"မင်းကတော့ စံပါပဲကွာ"

"ကြဲကြဲဖန်ဖန် စီးပွားရေးကို ထွင်လုပ်တယ်"

"စွန့်ဦးတီထွင် လုပ်ငန်းရှင်လေ"

"ဒါမျိုးလုပ်တာ သူပဲရှိတော့ . . သူပဲ အားပေးကြမှာပေါ့"

"ဟုတ်တယ်လေ K.T.V တွေ၊ မာဆတ်တွေ ရိုးရိုးဟာတွေက ရိုးသွားပြီလေ"

"မင်းတို့ ပထမထပ်မှာ ဘီယာဘားနဲ့ အအေးကောင်တာရှိတယ်။ အမြန်ရ အစားအစာတစ်ဆိုင် ဖွင့်ထားတယ်"

"သရဲထီး သရဲမတွေပဲ ရောင်းမှာလား"

"ဒါပေါ့"

"သိပြီ . . သရဲ အယောင်ဆောင်နိုင်းထားတာ၊ မင်း လျှို့ဝှက်ခန့်ထားတဲ့ အလုပ်သမားတွေပဲ ဖြစ်ရမယ်"

လင်းသန့်က ခေါင်းတွင်တွင်ခါပြလိုက်၏။ ဖေယံက –

"လာနှောက်မနေနဲ့ ငါတို့က ပေါက်ပြီးသားနော်"

"ဟုတ်၊ မဟုတ် မင်းတို့လက်ဖမ်းဆွဲပြီး လူလား၊ သရဲလားဆိုတာ စမ်းကြည့်လိုက်ပေါ့"

"ဒီကောင် . . သူ့လှည့်ကွက်လောက်နဲ့ တို့ကို အထူအပိန်းခတ်လာသွင်းနေတယ် . . တွေ့မယ်"

"ရှော့ခ်ဖြစ်တာတို့၊ အက်ဆီးဒင့်ဖြစ်တာတို့ဆို မင်းတို့အရှုံးနော်၊ ဘာမှမဖြစ်ဘဲ ခြောက်ထပ်ပေါ်ကို ရောက်လာမယ်ဆိုရင် မင်းတို့ကို သိန်းတစ်ထောင် ဆုပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ငါနိုင်ခဲ့ရင်တော့ ငါ့ရဲ့လုပ်ငန်းမှာ မင်းတို့ ရှယ်ယာဝင်ရမယ်။ မင်းတို့လည်း စာမေးပွဲဖြေပြီးရင် ကျောင်းပြီး ပြီလေ။ ငါနိုင်ခဲ့ရင် မင်းတို့ကို စည်းဝေးခန်းမှာ ပရိုဂရမ်တွေနဲ့ ငါ ရှင်းပြမယ်။ ဘယ်လိုလဲ၊ ဝင်ကြမှာလား"

"ဘယ်လောက်လဲ"

"သိန်းနှစ်ရာ၊ သုံးရာ . . မင်းတို့ပါ အကျိုးအမြတ် ခံစား စေချင်လို့ပါ။ အဲ့လောက်ကတော့ မင်းတို့မိဘတွေ မင်းတို့ကို ဘဏ်စာရင်းထဲ ထည့်ပေးထားတာ ရှိကြပါတယ်"

"ရှိတယ် . . ငါတို့ သိပ်ကြောက်ဖို့ကောင်း၊ စိတ်ဝင်စားဖို့ ကောင်းရင် မင်းဆီမှာ ရှယ်ယာဝင်မယ်။ ပြီးတော့ . ."

"ဘာဖြစ်လဲ"

"ငါတို့ပါ သရဲအယောင်ဆောင်ပြီး သရဲအခြောက်ခံချင် တဲ့ ညှော့သည်တွေကို အပီအပြင်ခြောက်လှန့်ပြမယ်"

"ဖေယံပြောတာ ဟုတ်တယ်။ သူတို့ ကြောက်တာကြည့် ပြီး ပျော်ရတာပေါ့ . . နော့"

"အေးလေ . . အဲဒါလည်း ပျော်စရာပဲ"

အားလုံး ထက်သန် တက်ကြွနေကြ၏။ လင်းသန့်က –

"မင်းတို့ပါလို့ မရဘူး။ ပရိုဂရမ်မှာ သူ့ဘာသာရှိပြီးသား . . မင်းတို့က ငွေသိမ်းယူရုံပဲ။ လိုအပ်ရင် ဖေယံတို့က အရေးပေါ် ကား မောင်းပို့ပေးရမယ်။ သိပ်အကြောက်လွန်ပြီး မေ့တာတို့၊ တက်တာတို့ ဖြစ်တတ်တဲ့ ညှော့သည်တွေကိုပေါ့"

အားလုံးက မိုင်ပို ကြွားလုံးထုတ်လွန်းသည်ဆိုသော အထင်





www.burmeseclassic.com

www.burmeseclassic.com


ဖြင့် လင်းသန့်ကို အမြင်မကြည်သလို ကြည့်ကုန်ကြ၏။ လင်းသန့်ကလည်း နပ်ပြီးသား။

“ကဲ . . သူငယ်ချင်းတို့ အရိုးခေါင်းပါးစပ်ပေါက်ကြီးထဲ ဝင်သွားပေတော့ ပွဲစပြီပေါ့”


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (2)

## ကြောက်ရမည်၊ ခြောက်ပြုပြီ

**အမိုးခေါင်း** ပါးစပ်ပေါက်ကြီးထဲ ဝင်လိုက်ကြ၏။ ရုပ်ရှင်ရုံထဲ ရောက်သွားသလိုပင် မျက်လုံးတွေ ပြာဝေသွား၏။ လိုက်ကာ ခန်းဆီးကြီး ဖယ်မပြီးမှ အထဲရောက်၏။ အထဲမှာ အဝါရောင်ဖျော့ဖျော့ အလင်းမီးတွေ ထွန်းညှိထား၏။

နံရံတွေက လူရိုးခေါင်းတွေနှင့် ဖွဲ့ဆောက်ထားသလိုပင်။ အသံ။

"ဘာသံလဲ"



www.burmeseclassic.com

www.burmeseclassic.com

စေတန်

သရဲကားထဲက စိတ်ချောက်ချားစရာ ဂီတသံမျိုးတွေ ထုတ်လွှင့်ပေး၏။

အဝေးက ခေါ်သံလိုလို၊ အုပ်စုလိုက် ပြောဆိုသံလိုလို နှင့် အသေအချာ နားထောင်ကြည့်လျှင် ဘာသံမှမသဲကွဲ။

"ဖေယံ သိပ်အရဲမကိုးနဲ့လေ ဟယ်"

"နှင်းဆီကလည်း ကြောက်လန့်အောင် တမင်ဖန်တီးထားတာတွေများ လာစမ်းပါ။ လှေကားရှာပြီး မြန်မြန်တက်ကြမယ်။ ငါတို့ မကြောက်မရွံ့ဘဲ အပေါ်ရောက်ခဲ့ရင် ဒီကောင့်ဆီက သိန်းတစ်ထောင် အသားတင်ရမှာ အပီကဲလို့ရတယ်"

ယမင်း၊ ရတီနှင့် နှင်းဆီတို့ လက်ချင်းတွဲဆုပ်ထား၏။

"ချောင်းသာ၊ ဖူးခက်၊ ဟာဝိုင်ယီ ပင်လယ်ကမ်းခြေတွေမှာ အပန်းဖြေကြမယ်ပေါ့"

"ဒါပေါ့ ကိုစစ်ရာ . . မင်းက နောက်ဆုံးက လိုက်နေတာလား"

"မချောတွေက သူတို့ နောက်ကျောမလုံလို့ နောက်ဆုံးက လိုက်ပေးနေတာ၊ မိန်းမတွေဟာလေ . . မိုင်ပိုတဲ့ ကာရိုက်တာမျိုးဆို လန့်ထွက်နေတာပဲ"

"စစ် . . ဘာပြောတယ်၊ ယမင်းရဲ့ အချစ်ကိုလိုချင်လို့ဆို . . အဖြေမပေးဘဲ နေလိုက်ရမလား"

"ဟိုက်! . . မလုပ်ပါနဲ့ မိဖုရားလေးရယ်၊ ကျွန်တော်မျိုး ထားရာနေ၊ စေရာသွားဘဝနဲ့ ခစားပေးပါ့မယ်"

"အင်း . . အချစ်ရဲ့ ကျေးကျွန်တစ်ပါးပါလားနော်"



www.burmeseclassic.com

www.burmeseclassic.com



ဇေယံက ညည်းတွား မှတ်ချက်ပြုလိုက်သောအခါ ရတီက ဇေယံရဲ့နောက်ကျောကို လှမ်းထုရိုက်ရင်း–

"စကားကို ဆင်ခြင်ပြော . . ရည်းစားဘဝကနေ ရပ်စဲပစ်လိုက်ရမလား ဟွန့်"

"ရတီကလဲကွာ . . နောက်တာပါ ဘွာတေး အာဘွား"

"ဂျိန်း . . ဒိုင်း . . ဝုန်း . . ကျွီ . . အီး . . အီး . . ဒိန်း"

"ဘာသံတွေလဲ"

"တို့တွေ မကြောက်,ကြောက်အောင် အသံတွေနဲ့ ခြိမ်းခြောက်နေတာပါ"

"ဟိုမှာ ဝင်ပေါက်တစ်ခု"

ရဲတိုက်ဆန်ဆန်ဝင်ပေါက်မှာ မျက်နှာဖုံးစွပ်၊ သံချပ်ကာ ဝတ်စုံဝတ် အစောင့်ရုပ်တုနှစ်ခု၊ တစ်ဖက်တစ်ချက်စီမှာ လှံကိုင်ပြီး စောင့်နေကြ၏။

ငါးယောက်သား အထဲဝင်မည်ပြုသောအခါ လှံကိုင်ရုပ်တုက လက်တွေဆန့်ထွက်လာပြီး ကြက်ခြေခတ်ပုံစံဖြင့် တားမြစ်ထား၏။

"ဒီအပေါက်ကမဝင်လို့ ဘယ်အပေါက်ကဝင်ရမှာလဲ"

ရုပ်တုတွေ အသက်ဝင်နေ၍ မိန်းကလေးတွေ ကြောက်နေကြ၏။ ဇေယံက ရုပ်တုထဲ လူဝင်နေသည်ထင်၍ ဝတ်စုံအနားကပ်ကြည့်ကာ လိုက်စမ်းကြည့်နေ၏။

"ဟာ! . . အထဲမှာ လူမရှိဘူး"

"မင်းကလည်း စက်လက်တံနဲ့ ထိန်းချုပ်ထားမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လုံတံတွေအောက်က ငုံ့ဝင်သွားရအောင်"

"မသွားနဲ့ . . တံတိုင်းအတိုင်း ကွေ့ပတ်သွားရအောင်"

"ဒီအထဲမှာ ဘာရှိသလဲ ဝင်ကြည့်ရတာပေါ့"

ကြက်ခြေခတ် လုံတံအောက်က ငုံ့ဝင်သွား၏။ အထဲရောက်သောအခါ . .

"အား! . ."

"အမလေး! . ."

"ဘုရား . . ကယ်တော်မူပါ"

ရှေ့တည့်တည့်မှ အရိုးခြောက်တွေ ကစဥ့်ကလျား လှုပ်ရှားသွား၏။

"အရိုးခြောက်သရဲတွေ အီး . . ကြောက်တယ်။ စစ်ရေ . . ကြောက် ကြောက်တယ်"

"နေပါဦး . . အရိုးခြောက်တွေက ငါတို့လှုပ်တဲ့အတိုင်း လိုက်လှုပ်တယ်၊ အဲဒါ ငါတို့ရဲ့ အရိုးခြောက်တွေပဲ။ လေဆာ ဆလိုက်နဲ့ ထိုးထားတာ . . အရိုးခြောက်သရဲတွေ မဟုတ်ဘူး"

"ရုတ်တရက် အကွယ်ကနေထွက်လာတော့ လန့်သွားတာပဲ။ ဘုရား ဘုရား"

"ရှော့ . . ရေသန့်ဘူးသေး ယူလာတယ်။ သောက်လိုက်၊ အခန်းထဲမှာ ဘာမှ မရှိတော့ဘူး။ ဒီပြကွက်နဲ့ ခြောက်ထားတာ ပြန်ထွက်ကြမယ်"

အားလုံးပြန်ထွက်လာပြီး ခံတပ်တံတိုင်းကို ကွေ့ပတ်သွားကြ၏။ ချောက်ချားစရာ တီးလုံးသံကလည်း လူ့စိတ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်အောင် ဖမ်းစားနေ၏။

ထောင့်အကွယ်နား ရောက်သောအခါ အသံပိုမြင့်တက်လာပြီး၊ ကွေ့ကိုချိုးလိုက်သည်နှင့် ဘွားခနဲ –

"အား! . ."

"ဟာ! . ."

"အမလေး သေပါပြီ"

စကြိန်လမ်းကျယ်အပြည့် ရောမ ပါးစပ်ပေါက်ကြီးက အစွယ်တွေ ချွန်မြမြနှင့် ပြေးလာဟပ်၏။ ဟပ်လိုက်သည့် အရှိန်ကြောင့် ရှေ့ဆုံးက ဖေယံလန့်ပြီး နောက်ခုန်ဆုတ်ရာက နောက်က သူငယ်ချင်းမတွေကို တက်ဖိမိသလို ဖြစ်သွား၏။ အားလုံး အလဲလဲ အပြိုပြိုဖြစ်ရာက ပြန်မတ်တပ်ရပ်လိုက်၏။

"နောက်ဆုတ်"

"အား! . ."

ဟပ်ပြီး နောက်ပြန်ဆုတ်သွားသော ပါးစပ်ကြီးက နောက်တစ်ကြိမ် ပြေးလာဟပ်ပြန်၏။ ကွေ့အကွယ်လေးက နောက်ဆုတ်ပြီး ရင်တထိတ်ထိတ် လန့်နေတာကို အသာကြိတ်ဖြေကာ စောင့်ကြည့်လိုက်၏။

စက်နှင့်လုပ်ထားသော ရာဘာအရုပ်ခေါင်းကြီး ဖြစ်နေ၏။ ပြေးလာဟပ်လိုက်၊ နောက်ပြန်ဆုတ်သွားလိုက်နှင့်။

"တောက်! . . ထွင်လည်းထွင်တဲ့ လင်းသန့်၊ ပေါက်ကရ လုပ်တဲ့နေရာမှာတော့ နံပါတ်တစ်ပဲကွာ"

"ဒီလမ်းလည်း ပိတ်နေပြီ။ ဘယ်လိုသွားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလမ်းပဲရှိတယ်။ ဒီပါးစပ်ပေါက်ကြီးထဲကို ခုန်ဝင်ပြီး လိုက်သွားကြည့်မယ်"

"အစွယ်ကြီးတွေနဲ့ စူးရှကုန်မှာပေါ့ဟဲ့"

"ရာဘာနဲ့ လုပ်ထားတာပါ။ အဲဒါမှ ရှေ့အခန်းကို ဆက်ပြီး လှေကားကို ရှာနိုင်မှာပေါ့"

စစ်က –

"ခဏလေး"

ဟုပြောကာ လုံ့စွပ်ကိုင်အစောင့်ဘေး တစ်ဘက်နံရံတွေဆုံးအောင် ပြေးလိုက်ကြည့်၏။ ဝင်ပေါက်မရှိ။ ပြန်ပြေးလာပြီး–

"ဟောဟဲ . . မင်းပြောတာ မှန်တယ်။ အဲဒီပါးစပ်ပေါက်ထဲ ခုန်ဝင်ပြီး လိုက်သွား၊ ဟိုဘက်ရောက်ရင် ခုန်ဆင်းနေခဲ့"

ဇေယံက ပြေးလာဟပ်သော သရဲခေါင်းကြီးကို အလိုက်သင့် ခုန်ဝင်လိုက်၏။ အထဲမှာ ရော်ဘာတွေနဲ့ လုပ်ထား၍ အလိုက်သင့် ပါသွား၏။ တစ်ဘက်အခန်းဝရောက်တော့ ခုန်ဝင်လိုက်၏။

အခန်းထဲရောက်မှ ဘေးနားကရပ်နေသူကို ကြည့်လိုက်၏။

"အား! . ."

အသံနက်ကြီးဖြင့် ကြောက်အားတကြီး အော်ဟစ်လိုက်မိတော့သည်။

ခေါင်းပြတ်ကြီး။ ခန္ဓာကိုယ်ကြီးက သူ့ခေါင်းကို ဆွဲဖြုတ်ဆွဲတပ် ပြနေ၏။ အပေါ်ကို ခေါင်းပြတ်အောင်ဆွဲလိုက်လျှင် လည်ချောင်းရိုးနှင့် အကြောတွေ သွေးစက်စက်ယိုစီးကာ တန်းလန်းကြီး။ ဇေယံ လန့်အော်ပြီး မျက်လုံးမှိတ်လိုက်စဉ် အခန်းလေးမှာ မှုတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မှောင်အတိကျသွား၏။

"ဖေယံ ဘာဖြစ်တာလဲ"

"အား! . . မီး . . မီးဖွင့်ခိုင်း၊ လင်းသန့်ကို မီးပြန်ဖွင့်ခိုင်း"

"ငါတို့ဘက်မှာ မီးလာနေတယ်။ မင်းဘက်မှာ မီးပျက်နေတာလား"

"အေး အဲ . . ပြန်လာပြီ။ ဟင်! . . ဘေးမှာ ဘာမှမရှိတော့ဘူး"

"ငါတို့ ကူးလာလို့ ဖြစ်မလား"

"သောက်ကောင် လင်းသန့်၊ ငါ့ကို အလစ်အငိုက် ဖမ်းပြီး ခြောက်လိုက်တာ။ အဲဒီ မကောင်းဆိုးဝါးကြီး ပါးစပ်ပေါက်ထဲကို နှစ်ယောက်တစ်တွဲ ခုန်ဝင်လို့ရတယ်"

"ကြားလား . . နှင်းဆီနဲ့ ရတီတို့တစ်တွဲ ခုန်ဝင်သွား"

"ခုန်ရဲပါဘူး။ နင် တစ်ယောက်ချင်းစီ လိုက်ပို့"

"အဲဒါဆို ငါနဲ့ ယမင်းနဲ့ ခုန်ဝင်သွားမယ်။ နင်တို့ နှစ်ယောက် နေခဲ့၊ နောက်က မကောင်းဆိုးဝါးတွေပေါ်လာရင် နင်တို့ ပြဿနာ နင်တို့ရှင်း"

"အား! . . မနေခဲ့ရဲဘူး၊ လာ . . ရတီ တို့အရင်ဝင်မယ်"

နှင်းဆီက ရတီ့လက်ကိုဆွဲပြီး ပါးစပ်ပေါက်ကြီး အနားရောက်လာချိန်ကို အသင့်ပြင်စောင့်နေလိုက်၏။

"လင်းသန့် . . နင့်ရဲ့ အသည်းလေး နှင်းဆီ ခုန်ဝင်မှာနော်။ သက်သက်ညှာညှာ လုပ်ဦး"

"လင်းသန့် ငါခုန်ဝင်မှာနော်။ နင် တစ်နေရာရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကင်မရာတပ်ပြီး စောင့်ကြည့်နေတာ ငါတို့သိတယ်"

"ဟဲ့ . . ဟိုမှာ အမလေး! . . ဂေါ်ဇီလာခေါင်းကြီးလိုလို၊ ဒိုင်နိုဆော ခေါင်းကြီးလိုလိုနဲ့ ကြောက်စရာကြီး"

ခြောက်လုန့်တီးလုံးကလည်း ပိုမို စူးရှကျယ်လောင်လာ၏။

"ဝူး . . အူး . . ရှူး"

"ရပြီ ခုန်ဝင်တော့"

ပါးစပ်ပေါက်ကြီးက အနားကို လေဖိပွတ်အားဖြင့် ဆိုက်လာ၏။ နှင်းဆီရော၊ ရတီပါ ပြိုင်တူခုန်ဝင်လိုက်၏။ အထဲမှာ လျှာပုံစံလုပ်ထားသော မွေ့ရာကြီးကြောင့် အကျသက်သာသွား၏။

ပါးစပ်ခေါင်းကြီးက နောက်ပြန်ဆုတ်သွားပြီ။ ဘေးနံရံက လက်ကိုင်ကွင်းမှတ်ပြီး ရတီ လှမ်းကိုင်ဆွဲထမည်အပြု . .

"အဲ . . ဘာကြီးလဲ ပျော့စိစိကြီး"

"ဟဲ့ . . အဲဒါ . . မွ . . မြွ . . မြွေကြီး"

"အောင်မလေး ကယ်တော်မူကြပါဦး"

"အား . . မြွေ . . မြွေ"

တကယ့်မြွေအစစ်က လူကြီးလက်ကောက်ဝတ်ခန့် တုတ်၏။ မြွေကို ဆွဲကိုင်ပြီး လှုပ်ခါပစ်သောကြောင့် မြွေက ဒေါသထွက်ပြီး မွေ့ရာပေါ်မှာ ပါးပျဉ်းခွက်ထောင်နေ၏။ တရှူးရှူးနှင့် နှာမှုတ်နေပြီ။ ဒီဘက် ဝင်ပေါက်ရောက်ပြီမို့ နှင်းဆီရော၊ ရတီပါ ကြောက်လန့်တကြား အတင်းဝင်ပြေးကြ၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# မတောင်းပန်နဲ့ ကြောင်းဆန်အောင် ခြောက်ခယ်

**အာခန်း** ထဲရောက်တော့ ကြိုရောက်နေသည့် ဇေယံက လက်တွဲ ဖေးမကူညီ၏။ အကြောက်ကြီးနေသော ရတို့ကို အားပါး တရ ဖက်ပွေ့နှစ်သိမ့်နေ၏။ နှင်းဆီခများတော့ သူမ ဘာသာ လက်နှစ်ဖက်လိုက် ယှက်ပြီး ကိုယ့်ဘာသာ ပြန်လည်ပွတ်သပ် နှိမ့် သိမ့်ဖြေရတော့၏။

"ကိုယ်ကူးလာတုန်းက မြွေမရှိပါဘူး"

"ဘေးနံရံမှာ ကပ်နေတာ . . စစ်နဲ့ ယမင်းတို့ကို အော် သတိပေးလိုက်ဦး"

ဇေယံက အော်ဟစ်ပြီး သတိပေး၏။ စစ်တို့လည်း ခုန် မဝင်ရဲတော့။ ဇေယံက သူ့ဘက်ရောက်လာစဉ် သတိနှင့် ခုန်ဝင် လိုက်၏။ မြွေက နံရံပေါ် ပြန်တွယ်တက်နေ၏။ ဇေယံလည်း မြွေ အမြီးက ဆတ်ခနဲကိုင်ပြီး ခေါင်းရပ်ရာဘာနှင့် နံရံပွတ်တိုက်သည့် ကြားကို မြွေကြီးအား ပစ်ချလိုက်၏။ ရာဘာပျော့တွေ ကြားထဲ မြွေကြီး ပျောက်ကွယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ"

"အောင်မလေး! . ."

"အား! . ."

"ငါဟ . . မြန်မြန်ခုန်ဝင်လိုက်"

ဒီတော့မှ စစ်နဲ့ ယမင်းတို့ ကသောကမျော ခုန်ဝင်လာ၏။ စစ်က ပြူးပြူးပြဲပြဲဟန်ဖြင့်. .

"မြွေ . . မြွေကြီးကော"

"ကြားထဲ လွှင့်ပစ်လိုက်ပြီ"

"မြွေရုပ်ကြီးလား"

"အစစ်ကွ . . ငါ့အထင်တော့ အစွယ်ချိုးထားတာဖြစ်မယ်"

"ဒီကောင် လင်းသန့် ဘာလဲကွ . . သရဲတွေကော၊ မြွေတွေကော"

"ကြောက်မယ်ထင်တာနဲ့ အကုန်ခြောက်နေတာ ဖြစ်မယ်။ ဟိုဘက်ထဲကို ခုန်ကူးကြတော့"

သုံးယောက်လုံး ရတီတို့ထံ ရောက်လာကြ၏။ ငါးယောက်သား စုမိသည်နှင့် အခန်းထဲက ထွက်လိုက်၏။ အခန်းလိုက်ကာ ဖယ်လိုက်စဉ် မြင်တွေ့လိုက်ရသည့် မြင်ကွင်းက ထိတ်လန့်ချောက်ချားစရာအတိ။ မြူတွေ ဝေ့ဆိုင်းသော သချိုင်းကုန်းမြေကြီး။

မြေပုံပေါ်မှာက ကမ္ပည်းတိုင် စိုက်ထားတာတွေရော၊ အုတ်ဂူတွေရော၊ ပေငါးဆယ်လောက်အကွာမှာ ဇရပ်လိုလို၊ အင်္ဂလိပ်ဘိုတဲလိုလိုမျိုး ဆောက်ထားတာ တစ်ခုပဲတွေ့ရ၏။ အရွက်မရှိသော သစ်ခြောက်ပင်ကြီး နှစ်ပင်ကို မြင်ရတာကိုက စိတ်ချောက်ချားစရာ။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး . . အူး . . အူး . . အူး"

ထိတ်လန့်ဖွယ်ရာ တေးသွားထဲမှ ခွေးအူသံတွေက ပါလိုက်သေး၏။ နောက်ခံပိတ် LED ကားချပ်တွေထဲမှာကိုက မြူလွှမ်းဝေဝါးပြီး အမှောင်တွေ လွှမ်းခြုံထား၏။ အလင်းပြာရောင်ပျပျလေးသာ ဆလိုက်မီးသဲ့သဲ့ လင်းသလို လင်းနေ၏။ LED ကားချပ်ကြီးတွေထဲမှ အလင်းတွေ ပြန်နေခြင်းပင်။

"ဖန်တီးထားတာတွေပါ ကြောက်စရာမလိုပါဘူး။ လာ . . ဒီ လျှောက်လမ်းအတိုင်း သွားမယ်"

ဇေယံက ရှေ့က လျှောက်၏။ နောက်က လက်တွဲပြီး တန်းစီလိုက်သွား၏။ ထုံးစံအတိုင်း စစ်က နောက်ဆုံးမှာ။

"ဝုတ် . . ဝူး . . အူး . . အူး . . အူး"

"ဇေ သစ်ပင်ကြီးတွေ ရှေ့နေတယ်"

"ကရိန်းတွေ၊ ခာတ်မီးကြိုးတွေနဲ့ လုပ်ထားတာပါ။ ငါ့အထင် ဟိုဇရပ်နောက်မှာ လေ့ကားပေါက်ရှိလိမ့်မယ်"

ဇေယံက ရှေ့ကို ဆက်တိုးလျှောက်သွား၏။

"ဒုတ်"

"ဟာ! . ."

ဇေယံ ခလုတ်တိုက်မိ၏။ တိုက်မိတာကို သေချာကြည့်လိုက်တော့ အလောင်းတစ်လောင်း၊ အဝတ်တွေနှင့် ပတ်ထုတ်ထား၏။ တောင့်တောင့်ကြီး။

"အမေ့ . . ဘာကြီးလဲ"

"အရုပ်ကြီးကို အဝတ်နဲ့ထုပ်ပြီး အလောင်းပုံစံ လုပ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ထားတာပါ"

"ဟာ . . အား! . . ယမင်း မျက်လုံးမှိတ်ထား"

"စစ် . . ဘာတွေ့လို့လဲ"

"လိုက်မကြည့်နဲ့"

မကြည့်နဲ့ဆိုမှ ဘေးလူတွေ ပတ်ဝန်းကျင်ကို လိုက်ကြည့်မိကုန်ကြ၏။ သင်္ချိုင်းမြေပုံတွေထဲက ယက်နေသံ။ လက်တချို့ ထွက်လာပြီ။ အရိုးခြောက်လက်တွေ၊ တချို့က အသားကပ်ကပ်၊ အကျီစကပ်ကပ် ကျန်နေသေး၏။

"အမလေး မြေပုံပေါ် လက်တက်လာကုန်ကြပြီ"

"ဝုန်း . . ဒုန်း . . ခွမ်း"

"ဘုရား . . ဘုရား အုတ်ဂူကြီးကို ဖောက်ထွက်လာတယ် အီး . . ဟီး . . ဟီး"

"မကြောက်နဲ့ အရုပ်တွေပါဆို"

"ဟုတ်လို့လား . . ဟိုးမှာ ကုန်းကုန်းကြီး အကြောဒေါင့်သန်း ဆွဲသလိုကြီး ထရပ်လာတာ။ လက်ပြတ်တွဲလောင်းကြီးနဲ့ ခေါင်းကြီးကလည်း ဘေးစောင်းလို့ ကြောက်စရာကြီး ဟယ်"

"အရုပ်တွေပါဆို ငါလုပ်ပြမယ်"

ဇေယံက ဘေးနားကမြေပုံကို ယက်နေသော လူအရိုးလက်ဖျံကို ခြေထောက်နှင့် ဖြတ်ကန်ပစ်၏။ အရိုးလက်က ပြတ်လွင့်သွား၏။ ကျန်သော လက်မောင်းရိုးနဲ့ ထပ်ယက်နေပြန်၏။

"မဟုတ်တော့ဘူး တကယ့်သရဲတွေ အီး . . ဟီး . . ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"အား! . ."

နောက်ဆုံးက စစ်ရဲ့ ကြောက်လန့်တကြား အော်သံကြီးကြောင့် ကျန်တဲ့သူတွေ သွေးပျက်ပြီး ရူးမတတ်ဖြစ်ကုန်၏။

"စစ် မင်း ဘာဖြစ်တာလဲ"

"ဖြောင်းခနဲ နရင်းအုပ်သွားတယ်။ လှည့်ကြည့်တော့လည်း ဘာမှ မရှိဘူး"

"တကယ် သရဲခြောက်တာ ဖြစ်မယ်။ လင်းသန့်ကို အော်ပြောလိုက်၊ သူ့ရဲ့ သရဲခြောက်တဲ့အထဲမှာ တကယ်သရဲတွေ ဝင်စီးနေတာ ဖြစ်မယ်"

"အပေါ်ထပ် မျက်နှာကျက်ကိုကြည့်တာ မှောင်မဲနေတာပဲ။ အပေါ်က ဖြတ်ရိုက်တဲ့ လက်လွဲတံတပ်ထားမှာပေါ့။ ရတီတလည်း ကြံဖန်ကြောက်လို့ လင်းသန့်ကို ငါတို့ရှုံးရတော့မယ်"

"ရှုံးပါစေ၊ သူ့ သရဲခြောက်တဲ့ဟာတွေက အရမ်းပီပြင်တာပဲ။ တော်တန်ရုံ ငါလည်း သရဲကြောက်တာမဟုတ်ဘူး"

"ဟင်! . . နင့်ဟာက မကြောက်လို့ပဲ၊ ကြောက်ရင်ဆိပ်ပြာလွင့် သေနေလောက်ပြီ။ ဘာလဲ . . လင်းသန့်ရဲ့ ဒီစီးပွားရေးလုပ်ငန်းမှာ နင်က ရှယ်ယာဝင်တော့မလို့လား"

"အေး. . လာကြည့်တဲ့လူတွေ ကြောက်သေးပါလောက်တယ်။ ငါတို့တောင် မနည်းထိန်းနေရတာ"

"နေပါဟာ၊ စိတ်လေတယ်. . နင်တို့ကြောင့်"

"ဇေ. . ဟိုမှာ . . ဟိုမှာတွေ"

"ဟာ! . ."



www.burmeseclassic.com

www.burmeseclassic.com

## စေတန်

"အမလေး"

"ဟိုက်! . . မဟန်တော့ဘူး။ မိုက်ကယ်ဂျက်ဆင် သရဲ ဒန့်ထဲကလို သရဲတွေအများကြီး မြေကြီးထဲက ဖောက်ထွက် လာပြီ။ တစ်ကောင်၊ နှစ်ကောင် အများကြီးပဲ . . ငါးဆယ်လောက် ရှိမယ်။ ငါတို့ လှေကားဆီ ပြေးရင်ပြေး၊ မပြေးရင် နောက်လှည့် ပြေးကြမှ"

သရဲတွေကလည်း ဒေါင့်သန်းတွေဆွဲပြီး တချို့ကလည်း ခေါင်းကြီးတွေ လည်ထွက်လို့။ လောလောလတ်လတ် သေထား တာ မကြာသေးတာမျိုးလည်းပါရဲ့။ အသားကပ်နှင့် အရိုးဂျော ဂျက်တွေလည်းပါရဲ့။

နိုင်ငံခြားထဲက ဗိုင်းရပ်(စ်)ပိုး ကူးစက်ခံထားရတာလိုလို သရဲ၊ တစ္ဆေလိုလိုမျိုးတွေ ပုံစံမျိုးစုံနှင့် ထမီရင်လျား၊ ဆံပင် ဖားလျားနဲ့ လက်ကြီးဆန့်တန်းထားတဲ့ မြန်မာသရဲမကြီးပါ အနားကပ်လာတာ အပီအပြင် တွေ့နေရ၏။

"ငါတို့ ဟိုဇရပ်လိုမျိုးရှိရာကို အမြန်ပြေးကြမယ် လာ . . လိုက်ခဲ့ နောက်ပြန်မလှည့်နဲ့၊ တံခါးတွေပိတ်ထားရင် ဘယ်လိုလုပ်မလဲ။ ရှေ့ဆက်တက်မယ်"

ငါးယောက်သား . . ဇရပ်အိမ်လေးကို ရောက်အောင် သွေးရူးသွေးတန်း ထွက်ပြေးကုန်ကြ၏။

ဇရပ်တံခါးကို တွန်းဖွင့်လိုက်သည်နှင့် –

"အောင်မလေး"

"ဘုရား ကယ်တော်မူပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဆွဲချသေနေသော မသာအလောင်းတွေ။ သွေးစုပ်ဖြူလျော်နေသော မျက်နှာ၊ ပြာနှမ်းနှမ်းမျက်နှာ၊ မျက်လုံးကြီးတွေပြူးထွက်၊ လျှာတန်းလန်းကြီးတွေနှင့်။

"မကြောက်နဲ့ . . ရှောင်သွား ငုံ့သွား၊ ဟိုမှာ လှေကားတွေပြီ"

ရတီလက်ကလေး တုန်ရီအေးစက်နေ၏။ ဇေက ရတီ့လက်ကို မြဲမြဲဆုပ်ပြီး လှေကားဆီရောက်အောင် သွား၏။ လှေကားပေါ် ပြေးတက်စဉ် . .

"ဘုတ် . . ဝုန်း"

အလောင်းသုံးလောင်း အောက်ကို ပြုတ်ကျလာကုန်၏။ နှင်းဆီ၊ ယမင်းတို့ ကတုန်ကယင်နှင့် ငယ်သံပါအောင် အော်ပြီး လှေကားပေါ် ခုန်ပေါက်တက်လာ၏။ စစ်က အလောင်းတစ်လောင်းကို ပိတ်ကန်ခဲ့၏။

"လူ့ . လူသေတွေ"

"အယောင်ဆောင်ပါ ငစစ်ရ"

"နင့်အမေ ထွီး . . လူသားအစစ်တွေကွ . . ကြိုးဆွဲချသေနေတာ။ တကယ်ပဲ ဟိုကောင် လင်းသန့် စိတ်ရူးပေါက်ပြီး တကယ့်လူသေတွေနဲ့ ခြောက်နေသလားပဲ၊ ပုပ်စော်နံနေပြီ။ တက် . . တက် . . အနံ့တွေ ပုပ်ဟောင်နေတာပဲ"

ငါးယောက်သား လှေကားပေါ် ပြေးတက်ကြ၏။

လာပြန်ပြီ၊ ရုပ်ရှင်ရုံလို ဝင်ပေါက်ကြီး။ လိုက်ကာ မဲမဲထူထူကြီးတွေ ဝင်ပေါက်မှာ ကာထားပြန်၏။ ဇေယံက သတိနှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာကို ဖယ်မသောအခါ အထဲက အေးစက်စက် လက်ကြီး တစ်ဘက်က ဇေယံလက်ကို ဆွဲဆုပ်ထား၏။

"ဟာ! . . ဟော့ . . လွှတ်စမ်း"

"အမလေး လက် . . လက်ပြတ်ကြီး အီး"

"ဟယ်တော် . . ပြာနှမ်းနေတဲ့ လက်ပြတ်ကြီး"

"ငါ ကြောက်တယ်၊ ကြောက်တယ် ဟာ"

စစ်က ကြောင်တောင်တောင်ဖြစ်နေသော ဇေရဲ့ လက် ကောက်ဝတ်ကို ဆုပ်ထားသည့်လက်ကို ဖြတ်ရိုက်ချလိုက်၏။ မရသောအခါ ကျောပိုးအိတ်ထဲက ကွန်ဗာကိုထုတ်၊ ကွန်ဗာထဲ က ဒေါက်ဆူးကိုထုတ်ပြီး ထိုးရန် ပြင်လိုက်သည်။

လက်က လိုက်ကာကြားထဲသို့ ပြန်လည် တိုးဝင်ပျောက် ကွယ်သွား၏။ ဇေယံ လက်ကောက်ဝတ်မှာ လက်ဆုပ်ရာ သွေး ကွက်ကြီး ဖြစ်ကျန်ရစ်၏။

"မင်း ဘာလို့ ဘာမှ ပြန်မလုပ်တာလဲ"

"လက်က တအားနာကျင်နေတာ၊ ငါလှုပ်တာနဲ့ သူက ပို ဆုပ်ညှစ်တာကွ အား"

ရတီက သူ့ကျောပိုးအိတ်ထဲမှာ ဆောင်ထားတတ်သော ကျား ပရုပ်ဆီဘူးလေးထုတ်ကာ တယုတယ ပွတ်သပ်ပေးပြီး လက်ကိုင်ပုဝါ စည်းပေးလိုက်၏။

"သူများတွေများ ကြင်နာတတ်လိုက်ကြတာ"

စစ်ကပြောတော့ ယမင်းက မျက်စောင်းလေးခဲရင်း . .

"နင်လည်း အဲလို အဖြစ်ခံလိုက်ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com


"ယမင်းလေးက ကြင်နာယုယ ပြုစုမယ်ပေါ့"

"နပ်ရည်သုတ်ပြီး ပီနန်ကြိုးစည်းပေးလိုက်မယ် ဟွန့်"

စစ် တွန့်သွား၏။

ပန်းနှင်းဆီက မျက်နှာငယ်လေးနှင့် . .

"ငါလည်း အားနာကြပါဦးဟယ်"

"နင့်ဘဲနာ လင်းသန့်က နှိပ်စက်နေတာပဲ။ နင်တောင် ပြောမနိုင် ဖြစ်နေတာ၊ နောက်ဆို . . အဲဒီကောင်ရဲ့အဝှါကို ကိုင်နေရလိမ့်မယ်"

"ဘာအဝှါကို ကိုင်ရမှာလဲလို့"

"နောကို ကိုင်နေရမယ်။ ဟဲ . . ဟဲ 'နော'ဆိုတာ ရင်သား၊ 'ကြော'ဆိုတာ တင်ပါးကိုပြောတာ"

"မြေညီထပ် ကျော်လာပြီ၊ ပထမထပ်ကို ထပ်ကျော်ရမယ်။ အားတင်း ညီညွတ်ထားကြ"

"အောက်ထပ်က လယ်ဗယ်ဝမ်း၊ အခု . . လယ်ဗယ်တူးကို ဖြတ်သန်းရမယ်။ စစ် နင် အရင်ဝင်တော့"

"ဒါမျိုးဆိုတာ ဦးနှောက်သုံးရတယ်၊ ကြည့်နေ"

စစ်က ကျောပိုးအိတ်ချွတ်ပြီး လက်နှင့်ဆန့်ထုတ် ရှေ့ကကာပြီး အထဲကို ဝင်သွား၏။ အန္တရာယ်ပြုရင် ကျောပိုးအိတ်ကို တန်ဆာခံ လုပ်ထားခြင်းပင်။

အထဲဝင်သွား၏။ ဘာမှဖြစ်သံ မကြားရ။

"စစ် စစ် အိုကေရဲ့လား"

"ဝင်ရတာ အိုကေတယ်။ အထဲမှာ . . အထဲမှာ..."


www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ"

"သိချင်ရင် ရဲရဲသာ ဝင်ကြည့်ပေတော့"

ကျန်လေးယောက်လည်း လိုက်ဝင်ကြည့်လိုက်၏။ မြင်လိုက်ရသည့် မြင်ကွင်း၊ သူတို့ရင်တွင်းကို တုန်လှုပ် ချောက်ချားခြင်း ပြင်းစွာ ဖြစ်ပေါ်သွားစေတော့၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



**လှူဒေသ** အခေါင်းတွေ၊ စင်တွေထိုးပြီး တန်းစီထား၏။ တရုတ် ခေါင်းတလား၊ ဥရောပ ခေါင်းတလား၊ မြန်မာ အခေါင်းတွေ၊ ရိုးရိုး အခေါင်း၊ ရှယ် အခေါင်း၊ အထူးရှယ် အခေါင်းတွေ၊ တခြားဘာသာဝင် အခေါင်းတွေရော၊ အခေါင်းပေါင်း ရှစ်ဆယ်ကျော်လောက်ရှိမည်။

အခေါင်းတွေကြားက ဖြတ်သွားရမည်။ ဝက်ဘာလမ်းလို လမ်းဖော်ပေးထားတာပဲ ရှိ၏။ အခေါင်းတွေနှင့် ဝက်ဘာလမ်းပုံ ဖော်ထား၏။

"တော်တော်ထွင်လည်း ထွင်တတ်ပါ့ လေင်းရာ"

"အေးနော် . . သရဲခြောက်တဲ့ အိမ်ကြီးဆိုတာလည်းတို့ ဝင်ကြည့်ဖူးပါရဲ့၊ ဒီလောက်ကြီး မဟုတ်ဘူး။ လင်းသန့်က အပီအပြင်ကို လုပ်ထားတာ တီးလုံးသံ ချောက်ချားစရာကြီးကပေါ်လာပြန်ပြီ"

"ဟိုးမှာ ခေါင်းတိုင်ပုံမျိုးနဲ့၊ ဟော . . မီးတွေဟုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



တောက်ပြီး မီးကျီရဲရဲ အရောင်ပြောင်းသွားပြီ။ အဲဒါ မီးသင်္ဂြိုဟ်စက်ပုံစံ လုပ်ထားတာ"

"ဟဲ့. . ဟိုမှာ ဝတ်ရုံနက်ကြီးခြုံထားတဲ့ လူကြီးဟဲ့၊ မီးသင်္ဂြိုဟ်စက်နားမှာ ဟိုကုန်းဒီကွနဲ့ ဘာတွေ အလုပ်ရှုပ်နေတာလဲ မသိဘူး"

"အဲ. . အခေါင်းတစ်ခုကို မီးသင်္ဂြိုဟ်စက်ထဲ ထည့်လိုက်ပြီ။ မီးတွေ ပိုတောက်လောင်ပြီး မီးခိုးတွေ ထွက်လာတယ်။ မီးခိုးတွေကို လေစုပ်စက်က စုပ်သွားတယ်"

တစ်ယောက်တစ်ပေါက် ပြောနေကြ၏။ စစ်က –

"အဲဒီ ဝတ်ရုံနက် ခေါင်းမြီးခြုံကြီးဆီ ရောက်အောင် သွားမယ်။ အဲဒီမှာ နောက်တစ်ထပ်တက်ဖို့ လှေကားရှိတယ်၊ လာ"

"သတိထား . . အောက်ခြေက မှောင်မိုက်တယ်"

ငါးယောက်သား လမ်းခွဲတွေ့သည်နှင့် –

"ဒီလမ်း နီးတယ်၊ ဒီလမ်းသွားမယ်"

"ဒါ ဝင်္ကဘာကွ. . ဇေယံရ၊ နီးယောင်ပြထားတာ လမ်းပိတ် ဖြစ်နိုင်တယ်။ ဝေးသယောင်ပြထားတဲ့လမ်းကို လျှောက်တာ ပိုကောင်းမယ်"

"လာစမ်းပါကွာ. . အခေါင်းစင်အောက်က ဖြတ်သွားတာက ပိုကောင်းတယ်"

"ဟယ်! . . မှန်တွေ တပ်ထားတယ်။ အခေါင်းစင်အောက်တိုင်းမှာ မှန်အကြည်တွေ တပ်ထားတယ်။ ဖြတ်သွားလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တွေ ခွဲသွားမယ်"

"ဖျက်ဆီးရာ ကျသွားမှာပေါ့"

"လိုရင်းရောက်ဖို့က အရေးကြီးတယ်။ သူ့မှန်တွေခွဲမှ လေလင်းဆိုတဲ့ နောက်ကောင် ထွက်လာမှာ"

"အဲလိုကြီးတော့ မလုပ်ပါနဲ့ဟယ်"

"ဘာလဲ . . နှင်းဆီ၊ နင့်ဘဲပိုင် ပစ္စည်းမို့ နင်က မထိစေချင်တာလား။ နင့်ဘဲက ငါတို့ကို သာသာနဲ့နာနာ နှက်နေတာ၊ ဒီလောက်ထိ သူ မခြောက်သင့်ဘူး။ ဒီမှာတွေ့လား . . ဆယ့်တစ်နာရီခွဲပြီးပြီ၊ ဗိုက်ဆာလာပြီ"

"သူက သရဲခြောက်ခံရတဲ့ အရသာ၊ ထိတ်လန့်ကြောက်ရွံ့တဲ့ အရသာကို အပြည့်အဝ ခံစားစေချင်လို့ပါ။ အပေါ်ရောက်ရင် ကျွေးမှာပဲဟာ၊ အခုပဲ လယ်ဗယ်တူး ရောက်နေပြီ"

"လယ်ဗယ် သရီး၊ လယ်ဗယ် ဖိုး၊ လယ်ဗယ် ဖိုက် ရောက်ပြီး အပေါ်တက်လိုက်တာနဲ့ သူက တို့ကို အောင်မြင်သူတွေ အနေနဲ့ ကြိုဆိုပြီး စည့်ခံ ကျွေးမွေးမှာပါ။ သိန်းတစ်ထောင်ကြီးတောင် ရမှာနော်"

သိန်းတစ်ထောင်ဆိုတာနဲ့ ငနဲသားတွေ မျက်နှာ ဝင်းပသွား၏။ အစိမ်းရောင် မီးရောင်လဲ့လဲ့ထွန်းထားသော မှိန်ပျပျ လမ်းလေးထဲ ရှေ့ဆင့်၊ နောက်ဆင့် လက်တွဲဝင်သွားကြ၏။

"ဒုန်း . . ဂလုံး . . ဝုန်း"

တရုတ်ခေါင်းတလား အဖုံးကြီးကို အထဲက အားနဲ့ ဆောင့်ကန်လိုက်သလို ပွင့်ကန် လွင့်ထွက်သွား၏။ တခြား အခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျပြီး သူတို့သွားလမ်းမှာ ကန့်လန့်ဖြတ်ကြီး လဲကျနေသည်။

ရုတ်တရက်မို့ လန့်သွားပြီး အသာငြိမ် ရပ်ကြည့်နေလိုက်၏။ ပွင့်သွားသော ခေါင်းတလားကြီးထဲမှ အသက်ရှူသံလို ပြင်းပြင်းရဲရဲကြီးကို ကြားလိုက်ရ၏။

"မြန်မြန်သွား . . အခေါင်းထဲက တရုတ်သရဲကြီး ထလာတော့မယ်၊ ခုန်ဆွ ခုန်ဆွနဲ့"

ငါးယောက်သား မြန်မြန်သွက်သွက် သွားလိုက်၏။

"ဟာ . . လမ်းပိတ်ကြီး"

"အခေါင်းဖုံးတွေပေါ်က ကျော်တက်သွား"

"မိန်းကလေးတွေ ဖြစ်မလား"

"ငါတို့ ပြန်လှည့် . . လှည့် . . အောင်မလေး"

"ဘာလဲဟ"

တရုတ်သရဲကြီး ရပ်နေ၏။ မန်ချူးခေတ်က ဝတ်စုံမျိုး ဝတ်ထား၏။ မျက်နှာကြီးက အရိုးခေါင်းမှာ အသားတွေ ချိုင့်ဝင်နေ၏။ ပါးစပ်ထဲက အစွယ်ကြီးတွေက လက်သုံးသစ်ခန့် ရှိမည်။

"ပြန်လှည့်လို့ မရတော့ဘူး၊ ဟော . . လက်နှစ်ဖက် ဆန့်တန်းပြီး အာရုံခံနေပြီ။ ငြိမ်နေကြ၊ အသက်တောင် ပြင်းပြင်း မရှူကြနဲ့"

ငါးယောက်သား ပိတ်နေသော အကန့်လေးထဲမှာ အသာငုံ့ထိုင်ရင်း ငြိမ်ဝပ်နေကြ၏။ တရုတ်သရဲကားထဲကလို –

"ဂီး . . ဂါး . . ဂရား"

www.burmeseclassic.com

www.burmeseclassic.com



တရုတ်သရဲကြီးက အသံပေးပြီး လေထဲခုန်ပျံဝဲလိုက်၊ ခုန်ဆွ ခုန်ဆွ လုပ်လိုက်နှင့် ဝင်ပေါက်ဘက်တွေကို လှည့်ပတ်ရှာနေ၏။

"တောက်! . . အခေါင်းတင်တဲ့ ဒေါက်တွေက အမာတွေ၊ တွန်းလှဲသွားလို့လည်း မရဘူး"

"ဒီလိုလုပ် . . စစ်၊ မင်းက မိန်းကလေးတွေခေါ်ပြီး ဝေးမယ် ထင်ရတဲ့လမ်းအတိုင်း ဝင်သွားကြ၊ ငါက အဲဒီတရုတ်သရဲကို ဟိုဘက်ထဲ မျှားခေါ်သွားမယ်"

"မင်း လုပ်ရဲလို့လား"

"အရုပ်တွေပါ။ လူဝင်ပြီး ဟန်ဆောင်နေတာလည်း ဖြစ်နိုင်တယ်။ ငါထသွားပြီး မျှားမယ်"

ဇေယံ ထထွက်သွား၏။ ရတီ တားချိန်ပင် မရလိုက်။ ဇေယံက –

"ဟေ့ . . သရဲအယောင်ဆောင်ထားတဲ့ ငနဲသား၊ ငါ . . ဒီမှာ လာခဲ့ ကမ်းအွန် . . ချဲလင်း"

တရုတ်သရဲကြီးက ချက်ချင်းလှည့်လာပြီး ဇေယံနောက်ကို ဒေါသတကြီးနှင့် ခုန်ဆွခုန်ဆွလုပ်ကာ လိုက်တော့၏။

စစ်လည်း မိန်းကလေးတွေခေါ်ပြီး ဝေးသည့်လမ်းက စွတ်ပြေးတော့၏။ လမ်းကြောင်းက အကွေ့အကောက်များပြီး မီးသင်္ဂြိုဟ်စက်လို ဆောက်ထားသောနေရာ အနားကိုရောက်သွားကြ၏။

ဇေယံကလည်း ပတ်ပြေးရင်းနဲ့ သူတို့ဆီကို ပြေးလာနေ



www.burmeseclassic.com

www.burmeseclassic.com



၏။ မီးသဂြိုဟ်စက်ရှေ့မှာ ကျောပေးပြီး တောင့်တောင့်ကြီး ရပ်နေသော ဝတ်ရုံနက်ခြုံထားသည့် လူကြီးကို စစ်က–

"ဒီမှာ . . ဦးလေး . . ဒီမှာ"

ခေါ်တာကို လှည့်မကြည့်။ အကျႌလက်ကို အသာဆောင့်ဆွဲလိုက်သောအခါ. .

"အောင်မလေးဗျ"

"အား! . ."

"မြတ်စွာဘုရား ကယ်တော်မူပါ"

ဘာမှမရှိ။ ဝတ်ရုံကြီး ဆွဲချလိုက်သလို . . အပုံလိုက်ကြီး မြေပေါ်ကျသွား၏။

စစ်လို ယောကျ်ားလေးပင် ငယ်သံပါအောင် လန့်အော်မိ၏။ မိန်းကလေးတွေဆိုတာ ဆိုဖွယ်ရာ မရှိတော့။ ဝရုန်းသုန်းကား ပြေးလာသည့် ဇေယံက. .

"ဟေ့ကောင် ဘာရပ်နေတာလဲ၊ လှေကားရှာပြီး တက်တော့လေကွာ။ နောက်မှာလိုက်လာပြီ. . မင်းအဘက"

"ဇေယံ တို့တွေ့ခဲ့တဲ့ ဝတ်ရုံနက်ကြီးက အဝတ်ပဲရှိတယ်။ လူ မရှိဘူး"

"ဘာ! . . ဟင် . . ဒီမီးစက်က မီးအတုတွေပါ"

ဇေယံ နောက်လှည့်ကြည့်လိုက်၏။

"ဗုဒ္ဓေါ"

တရုတ်သရဲကြီး မတွေ့ရတော့။ သွေးကြောင်နေသော စစ်ကို လှုပ်ခါသတိပေးလိုက်ပြီး စက်နောက်က လှေကားကို



www.burmeseclassic.com

www.burmeseclassic.com



ရှာလိုက်၏။ တွေ့ပြီ။

"တောက်! . . တော်တော် ဒုက္ခပေးတဲ့ လေလင်း၊ လာ . . လယ်ဗယ်တူး ရောက်ပြီ။ ဆက်တက်ကြမယ်"

ငါးယောက်သား အပေါ်ကို ဆက်တက်ဖြစ်ကြ၏။

"ဘာနဲ့ခြောက်လှန့်ဦးမလဲ မသိဘူး။ သွားလာရတာ ညောင်းလိုက်တာ။ ရထားတွဲလေး၊ ဂေါက်ကလပ်စီးတဲ့ယာဉ်လေး လုပ်ပေးထားရမှာကို"

"တွေ့ပြန်ပြီ . . ရုပ်ရှင်ရုံလို ဝင်ပေါက်ကြီး"

"တောင့်ထား . . လယ်ဗယ်သရီး ရောက်ပြီ"

"လိုက်ကာထဲကနေ သရဲတွေထွက်ပြီး နပမ်းလုံးနေဦးမယ်၊ သတိထားနော် ဖေယံ"

"ရှုပ်တယ် မကြောက်ဘူးကွ"

လိုက်ကာကြီးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်၏။ ဘွားခနဲ တွေ့လိုက်ရသည့် မြင်ကွင်းက သူတို့ငါးယောက်လုံးရဲ့ အာရုံတွေကို ဖမ်းစားပစ်လိုက်တော့၏။

o o o



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (3)

## သရဲအစစ်တွေဆိုတာ . .

**အခန်း** တစ်ခုလုံး ရောင်စဉ်သက်တံတွေ ဖြာထွက်နေ၏။ ခရမ်း၊ မဲနယ်ပြာ၊ စိမ်းဝါ၊ လိမ္မော်၊ အနီ၊ စိမ်းပြာရောင်စသည်ဖြင့်။ ဖန်တုံးကြီးတွေ၊ ရုပ်တုတွေ၊ အများကြီး ပြန့်ကျဲနေရာယူထား၏။ လှပဆန်းကြယ်သော အပြင်အဆင်မျိုး။

"ဟဲ့ . . ဟိုမှာ တိရိစ္ဆာန်ရုံထဲကကားမျိုး ဆယ်ယောက်လောက် စီးလို့ရတဲ့ ကားရုပ်ထားတယ်"

"ဖေယံ မင်းတောင့်တနေတဲ့ ဆန္ဒပြည့်သွားပြီ။ ကားပေါ်တက်မောင်းကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com





ကားပေါ် တက်ထိုင်ကြ၏။ ဇေယံက သော့ဖွင့်ပြီး လီဗာနင်းလိုက်သည်နှင့် စက်သံမကြား။ ကားက ရွေ့သွား၏။ ဘက်ထရီကြီးနဲ့ မောင်းလို့ရအောင် လုပ်ထားသည့်ကား ဖြစ်နေ၏။

"မင်း အဲဒါတွေကို မတိုက်မိအောင် မောင်းနိုင်ပါ့မလား ဇေယံ"

"ဟိုမှာ လမ်းညွှန်အမှတ်အသားတွေ ပြထားတာပဲ။ အဲဒီအတိုင်း မောင်းမယ်လေ"

"မောင်းကွာ"

မောင်းချလာ၏။ အကွေ့အကောက်၊ အလှည့်အပတ်တွေနှင့်။ ပေ(၆၀)ခန့် မောင်းလာသည်အထိ ဘာမှမဖြစ်။ တစ်နေရာမှာ ပါဝါဟု အင်္ဂလိပ်လိုရေးထားသော ကျောက်တုံးတစ်တုံးကို သွားတွေ့၏။

သင်တို့အသုံးပြုရန်- ဟု ညွှန်ပြထားသောနေရာမှာ မျက်မှန် (၁၀)လက်ခန့်တွေ့ရပြီး 3D မျက်မှန်နှင့် ပုံစံဆင်တူ၏။

"သောက်ငလင်း . . ငါတို့ကို မျက်မှန်တပ်ခိုင်းနေပြီ"

"တပ်ပေါ့ကွာ"

တစ်ယောက်တစ်လက်စီ တပ်လိုက်၏။ မျက်မှန်ထဲမှာ မြင်ရသည့် မြင်ကွင်းက ပြင်ပအလင်းဖျော့ထက်ပို၍ အလင်းမှောင်သမ်းသွား၏။

သူတို့မျက်မှန်ထဲမှာ မြင်နေရသည်က ဖြူလွလွ ခပ်ပါးပါး လူပုံစံ မီးခိုးငွေ့တွေ အလင်းတန်းတွေထဲမှာ ရွေ့လျားနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာတွေက ဖြူပြာပြာ။ မျက်ကွင်းတွေက မျက်လုံးနှစ်ဆခန့် ကွင်းကွင်းညိုနေကြ၏။

မိန်းမ၊ ယောကျ်ားတွေ လူမျက်နှာနှင့် တူကြသော်လည်း အခိုးအငွေ့ပုံစံတွေ ဖြစ်နေ၏။

"အဲ့ဒါ ဝိညာဉ်တွေကွ၊ အများကြီးပဲ. . ကလေးတွေရော၊ မိန်းမ၊ ယောကျ်ားလူကြီးတွေရော မှန်ပုံးထဲကငါးတွေလို လူးလာ ကူးခတ်နေကြတယ်"

"အမေ့! . . ငါ့အနားကို မျက်နှာပြဲပြဲကြီး အနီးကပ် လာကြည့်တယ်"

"ငါ့ကိုလည်း ထိပ်ပြောင်ပြောင် ရှည်မျောမျော လူကြီး ကပ်လာပြီး လျှာတစ်တောင်လောက်ကြီး ထုတ်ပြသွားတယ် ကြောက်စရာကြီး"

"သရဲမလေး အေးတိအေးစက်နဲ့ ချောတော့ ချောတယ်။ မျက်နှာသေကြီးနဲ့ကွ"

"ဟာ! . . ဝိညာဉ်တွေပဲ လိုက်မကြည့်နဲ့၊ ပလာစတာ ကော်နှစ်နဲ့ လုပ်ထားတဲ့ ရောမခေတ်ကလူရုပ်ကြီးက မတ်တပ် ရပ်ပြီး လမ်းလျှောက်လာနေပါ့လား"

"ဟင်! . . အေးဟ၊ ကျောက်သားနဲ့ ထုဆစ်ထားတဲ့ ဘီလူးရုပ်ကြီးကပါ သံလျက်ကြီးတဝင်းဝင်း ရွယ်ပြီး ငါတို့ဆီ လျှောက်လာနေတယ်"

"အမယ်လေး ကျား . . ကျားရုပ်ကြီးကော"

"ဟယ်! . . ဟိုနောက်က ဘာကောင်ကြီးလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို သူတို့ အခုမှ တွေ့သွားသလို၊ ငါတို့ဆီပဲ အာရုံစိုက်ကြည့်ပြီး လာနေကြပြီ။ ဝိညာဉ်တွေ စုပေါင်းပြီး မျက်နှာပြောင်ချောနဲ့ မျက်စိ၊ နှာခေါင်း၊ ပါးစပ်မပါတဲ့ ရေတကောင်းပုံ မျက်နှာရှည်ကြီးဖြစ်ပြီး တို့ဆီကို လာနေပြီ။ ကားကို မြန်မြန်မောင်းပါဟ"

ဇေယံက မျက်မှန်ကို ဆွဲချွတ်လိုက်ပြီး ကားကို ရေတံခွန်ကျနေအောင် ဖန်တီးထားသည့် ရေအိုင်ကြီးတည့်တည့်ကို မောင်းချလိုက်၏။ လယ်ဗယ်ဖိုးကိုရောက်ဖို့ လှေကားက ဒီရေတံခွန်မှာ ရှိမည်ထင်သည်။ ရေကျသံတွေက ပိုမိုပီပြင်လာ၏။

"အား! . ."

"အမလေး! . ."

ရူးရူးဝါးဝါး အော်သံ၊ ငယ်သံပါအောင် အော်သံတွေနှင့်အတူ နောက်က ထိုင်လိုက်လာသူတွေ လက်တွေနှင့် အတင်းပုတ်ခါထုတ်ကုန်ကြ၏။

"ဇေယံ တို့ကို လာလုပ်နေပြီ၊ လွတ်အောင်မောင်းပါကွ။ ဒီမှာ ဆွဲချနေပြီ"

"မင်းတို့ မျက်မှန်တွေ ချွတ်လိုက်တော့"

ဒီလိုအော်လိုက်မှ သူတို့လည်း သတိရပြီး မျက်မှန်တွေ ချွတ်လိုက်ကြ၏။

"မင်းတို့ ထင်တာ၊ မြင်တာတွေ ဘာမှမရှိတော့ဘူး မဟုတ်လား။ အဲဒါ မင်းတို့ရဲ့ အမြင်အာရုံ၊ အကြားအာရုံ၊ အတွေ့အထိအာရုံတွေကို မျက်မှန်ထဲက မြင်ကွင်းတွေနဲ့ လှည့်စားထားတာ။



www.burmeseclassic.com

www.burmeseclassic.com



သေလှိုင်းဖိအားနဲ့ အထိအတွေ့ပုံစံမျိုး ဖမ်းစားထားတာ။ အသံလှိုင်းတွေနဲ့ ကြောက်လှန့်စိတ်ကို နှိုးဆွထားတာ''

''ဟင်း . .''

''အမလေး တော်ပါသေးရဲ့''

''ဟာ! . . ဖေယံ . . ရေ့ . . ရေ့ . . ရေ့မှာ''

''ဘာလဲ''

''ရေအိုင်က တာပေါင်ကို ဝင်တိုက် . . တိုက်''

''ကွန်ကရစ်တာပေါင်က အရှိန်ကို ထိန်းနိုင်ပါတယ်။ မပူ . . မပူ . . ဟာ! . . ရေမြှုပ်ဖော့တုံးတွေ ဖြစ် . . ဖြစ်''

''ဗွမ်း! . .''

ကားက လူကြီးလည်ပင်းခန့် နစ်အောင် လုပ်ထားသော ရေအိုင်ထဲကို ပြုတ်ကျသွား၏။ ဒီရေအိုင်ရဲ့ အောက်ခြေအနက်ကို ယူချင်လို့ လက်ဗယ်တူးမှာ ဇရိယာ တစ်ဝက်ကျော်လောက်သာ နေရာကျယ်ခဲ့တာကိုး။ ရေထဲနစ်သွားမှ ဖေယံ သဘောပေါက်သွားတော့၏။

ကားထဲကထွက်ပြီး နှင်းဆီ၊ ရတီ၊ ယမင်း၊ ငစစ်တို့ကို ရေပေါ် ခေါင်းဖော်အောင် လိုက်ဆွဲထောင်ပေးရ၏။ အားလုံး ရေတွေ ရွှဲနစ်ကုန်ပြီ။

''ဖူး . . ခွီးတယ်မှ၊ ငါအချိန်မီတားရဲ့နဲ့။ ပြုတ်ကျအောင် ခေါင်းသေးတယ်''

''လက်ကိုင်က သံလိုက်ဓာတ်နဲ့ ဆွဲချခံရသလို ဖြစ်သွားတာ။ ဒီဘက်ထဲ ခေါင်းပြန်ယူလို့ မရတော့ဘူးကွ''



www.burmeseclassic.com

www.burmeseclassic.com



"ရေနစ်မသေတာ ကံကောင်း၊ လေလင်းကတော့ လုပ်ချလိုက်ပြန်ပြီ"

"ဒီရေတံခွန်ကြီးအောက်ကနေ ဖြတ်ဝင်ရင် လှေကားပေါက် တွေ့လိမ့်မယ်ထင်တာပဲ"

"ဒီထဲ လိုက်ကြည့်တဲ့ ညှော်သည်တွေက ရေစိုခံပြီး ဝင်ပါ့မလား၊ အဓိပ္ပာယ်မရှိတာ"

"အခြောက်ခံတဲ့အခန်း အပေါ်လေးလွှာမှာ ရှိလို့နေမှာပေါ့၊ လေလင်း လုပ်ထားတာက သရဲခြောက်ခံရတာထက် သည်းထိတ်ရင်ဖိုလမ်းကို စွန့်စား သွားလာနေရသလိုပဲ။ ကျောပိုးအိတ်တွေ စိုကုန်ပြီလား"

"သားရေအိတ်တွေ ဇစ်လည်းလုံတယ်။ မိုးတွင်းလွယ်တဲ့အိတ်တွေဟဲ့"

"ငါ့အိတ်က ဂျင်းအိတ်မို့ တော်တော်စိုသွားတယ်။ နှင်းဆီ နင့်ရဲ့လေလင်းကို ခြောက်အောင် ပြန်လုပ်ခိုင်းပေး"

"အေးပါ . . သိန်းတစ်ထောင်ရခါနီးပြီ။ နောက်ထပ် သုံးလွှာပဲ ကျန်တော့တယ်။ အချိန်ကန့်သတ်ချက် ပေးမထားဘူး၊ အေးဆေးပေါ့"

"(၁၂)နာရီ ခွဲနေပြီ၊ ဗိုက်ဆာနေပြီဟ"

"ရော့ . . ငါ့မှာ ဘီစကစ်မုန့်ထုပ်ပါတယ်။ ငါက အစာအိမ်ရောဂါအခံရှိတော့ ထမင်းစားချိန်မလွန်အောင် ဘီစကစ် စားပေးရတယ်။ နင်တို့လည်းစား၊ ငါလည်းစားမယ်"

ပန်းနှင်းဆီက ကျောပိုးအိတ်ထဲက ဘီစကစ်မုန့်ထုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကျွေး၏။ အားလုံး ဝေမျှစားကြ၏။ ရေထဲကနေ ရေတံခွန် အနားကို ကပ်သွား၏။ ရေတံခွန်က (၇)ပေခန့်မြင့်၏။ အပေါ် ရေပိုက်တန်းတွေက ရေဖြာကျအောင် လုပ်ထားသော ရေတံခွန် အတုဖြစ်နေ၏။

ဇေယံက ရေတံခွန်ကျနေသည့် အောက်ထဲကို ဝင်သွား၏။ ရေတံခွန်ကျနေရာ ဂလိုဏ်ပေါက်ထဲမှာ အရိုးစုတွေ ခါးလယ်ခန့် ပုံထား၏။ တချို့နေရာတွေမှာ အရိုးတွေက ပြန့်ကျဲနေ၏။ နောက်က လိုက်ဝင်လာသူတွေက အရိုးစုတွေမြင်ပြီး လန့်ဖျန့်တုန်ကြ၏။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

**အရိုး** တွေကို ရှောင်ကွင်းပြီးသွားလိုက်ရာ အရိုးစုပုံကြီး ပြိုကျသလို ဖြစ်သွား၏။ အောက်က တစ်စုံတရာ ထိုးထွက်လာ ပုံပေါ်၏။ ငါးယောက်သား ရင်တထိတ်ထိတ်နှင့် အသာဖြတ်သွား သည်အထိ အရိုးပုံထဲက ဘာမှ ထွက်မလာသေး။

"ဘာ . . ဘာကြီးလဲ စစ် "

"နီနီအလုံးကြီး . . ဟာ . . လက်တွေထွက် . . ထွက် လာပြီ။ ခြေ . . ခြေထောက်တွေ ထွက်လာပြီ၊ ခေါင်း . . ခေါင်း"

"အား! . . သရဲ . . သရဲ"

"ဒီမှာ လှေကား၊ လာ . . ပြေးတက်ကြ"

"ဖေယံ လူနီရုပ်ဆိုးကြီး မျက်နှာပြဲပြဲ၊ ရဲရဲကြီးနဲ့ လျှာနီ ကြီး တန်းလန်းနဲ့"

"အဲဒါ မှင်စာဖြစ်လိမ့်မယ်"

"အရမ်းရုပ်ဆိုးတဲ့ အဘိုးကြီးရုပ်ကြီးနဲ့"

"အရုပ်ဖြစ်မှာပါ။ မကြောက်ကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စစ်က နောက်ဆုံးပြေးတက်လာ၏။ ဇေယံက ပြေးဆင်းသွားပြီး မှင်စာလူပု လူနီအဘိုးအို ရုပ်ဆိုးကြီးကို ခြေထောက်နှင့် ဖြတ်ကန်လိုက်၏။

"ဖွိုး . . ခွိုး"

အဘိုးကြီးကလည်း ကြောက်လန့်စရာ ရုပ်သွင်ကြီးနှင့် ဓာန်ဖိပြီး ဇေယံရဲ့ခြေထောက်ကို လက်နှစ်ဖက်နှင့် ဖမ်းဆုပ်ကာ ခြေသလုံးကို သားစိမ်းတုံးလို ကိုက်ခဲဖို့ ပါးစပ်ကြီးကို (၁)ပေလောက် ဖြဲလိုက်၏။ လွှသွားလို သွားစွယ်တွေနှင့်။

"ဟာ! . . လွှတ်စမ်း"

ဇေယံ ခြေတစ်ဖက်ထောက်ပြီး ယိုင်လဲမလို ဖြစ်နေစဉ်မှာ စစ်ကပြေးပြီး ဆောင့်ကန်လိုက်၏။

"ခွပ်"

"ခွိုး"

မျက်နှာကြီး နောက်လှန်သွား၏။ လက်က ခြေထောက်ကို မလွှတ်။ စစ်က နီးရာခြေထောက်ရိုးနှစ်ချောင်း ကောက်ကိုင်ပြီး အဘိုးကြီးရဲ့လက်တွေကို ဖြတ်ရိုက်ပစ်လိုက်၏။

အခါခါဆင့်ရိုက်တာတောင် လက်တွေ မပြုတ်ချင်၊ ပြုတ်ချင်နှင့် ပြုတ်ထွက်သွား၏။ ဇေယံလွတ်သွားသည်နှင့် အဘိုးကြီးက စစ်ကို ရန်ပြုဖို့ ပြင်လိုက်၏။ ဇေယံကလည်း နီးရာအရိုးတွေ၊ ခေါင်းရိုးတွေနှင့် မှင်စာ လူနီ ရုပ်ဆိုးကြီးကို ပစ်ပေါက်၏။

ရုပ်ဆိုးကြီးက ခန္ဓာကိုယ်ကို သင်းခွေချပ်လို လုံးပစ်ပြီး ဇေယံထံ လိမ့်ချလိုက်၊ စစ်ထံ လိမ့်ချလိုက်နှင့် အခွင့်သာသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲထပြီး တိုက်ခိုက်မည့်ပုံ။

“စစ် ပြေးတော့”

“မင်းလည်း . . ပြေး”

နှစ်ယောက်သား ပြေးတက်လာလိုက်၏။ အလုံးကြီးက လှေကားခြေရင်းမှာ ဘောလုံးတစ်လုံးလို လိမ့်လှည့် ကျန်နေရစ်ခဲ့၏။ အပေါ်ထပ်ဝင်ပေါက်မှာ ချောက်ချောက်ချားချား ဖြစ်နေကြသော မိန်းကလေးတွေ။

“အထဲဝင်လေ . . နောက်က လိုက်လာပြီ”

“ဟင်! . .”

“အဟုတ် . . လူသားစားတဲ့ မှင်စာနဲ့ တူတယ်၊ ဖေယံရဲ့ ခြေထောက်ကို ကိုက်စားမလို့”

“အမလေး . . လေး”

မိန်းကလေးသုံးယောက်လုံး လိုက်ကာထဲ စုပြုံ တိုးဝင်သွားကြ၏။ ဖေယံနဲ့ စစ်တို့လည်း နောက်က လိုက်ဝင်သွား၏။ လူနီမှင်စာက အလုံးကိုဖြည်ပြီး လှေကားပေါ်ကို ဒေါနဲ့မောနဲ့ ဆောင့်နင်းပြီး တက်လိုက်လာ၏။

လေးလွှာမြောက်အခန်းထဲကို ရောက်သောအခါ လေမှုတ်ကြီးနှင့် မှုတ်ထုတ်တာ ခံလိုက်ရ၏။

“ဒါ အခြောက်ခံခိုင်းတာ၊ တို့စိုနေတာတွေ မကြာခင် ခြောက်သွားလိမ့်မယ်။ လေလာတဲ့ဘက် စိုနေတဲ့အပိုင်းတွေ လှည့်ထားလိုက်”

လေက တဟူးဟူးနှင့် မှုတ်ထုတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း! . ."

လေ့ကား အတက်အဆင်းတံခါး ပိတ်လိုက်သံ ကြားလိုက်ရ၏။ ဇေယံက –

"လူနီမှင်စာလိုက်လာလို့ နယ်ကျော်မပေးဘဲ တံခါးပိတ်လိုက်တာ နေလိမ့်မယ်။ ဒီအခန်းထဲက မှန်ချပ်တွေကလည်း မှန်အနောက်တွေဆိုတော့ အပြင်ကို မမြင်ရဘူး။ ဟိုမှာ တံခါးပေါက်၊ ငါ သွားကြည့်လိုက်ဦးမယ်"

ဇေယံက အတော်အသင့် ခြောက်သွေ့သွားပြီမို့ အခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

"ဟာ! . ."

"ဇေယံ . . ဘာကောင်တွေ ထပ်တွေ့ပြန်ပြီလဲ"

"မတွေ့ဘူး"

"မင်းက ဘာကို အံ့သြနေတာလဲ"

"လာကြည့်ကြ"

ငါးယောက်သား လေးလွှာအခန်းထဲ ရောက်သွားကြ၏။ နံရံ လေးဘက်အခန်းထဲမှာ ဖန်သားပြင် ပိတ်ကားကြီးတွေ၊ အသံတွေတိုးထားရာက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မကောင်းဆိုးဝါးကောင်ကြီးတွေနှင့် လူသားတွေရဲ့ တိုက်ပွဲ။ နိုင်ငံခြားကားထဲက တိုက်ပွဲအခန်း။ လေးဘက်လေးခန်လုံးမှာ သွေးပျက်ဖွယ်ရာ တိုက်ခိုက် သတ်ဖြတ်နေကြ၏။

သူတို့ငါးယောက် ရပ်နေရာက အနီရောင်ရင်ပြင်ပေါ်မှာ။ အနီရောင် ဖန်သားပြင်ပေါ်မှာ . . သွေးမျက်နှာပြင်ကြီးလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။

"ကျား"

"ယား"

"ချွင်း"

"ခလွှမ်း"

"အား"

"စွိ"

"အီး"

"စွပ်"

"အူး"

သတ်ဖြတ်နေကြပုံတွေက မြင်ရက်စရာ မရှိ။ သူတို့ရှေ့ ကို အသာတိုးလှမ်းသွား၏။ အမိုးထိ,ထိစပ်နေသော ဆင်ရိုင်း ရုပ်ကြီးကို တွေ့ရ၏။ ကျောက်ခေတ်က ဆင်ရိုင်းလို အမွေးအမှင် တွေနှင့်၊ အစွယ်ကြီးတွေက ပြူးကော့နေ၏။

ဆင်ရိုင်းကြီးက လှံပျံတွေ၊ လှံတံတွေ၊ မြှားတွေ စိုက်ဝင်ပြ လေးဘက်ထောက်ကြီး သေဆုံးနေဟန်။ နှာမောင်းကို မြှောက် ထားပြီး မသေမရှင်ဖြစ်သလို ခန္ဓာကိုယ်ကြီး လှုပ်သွားလိုက်၊ ငြိ သွားလိုက်နှင့်။

"အဲဒီ ဆင်ရုပ်ကြီးမှာ လှေကားပေါက်ရှိလိမ့်မယ်"

"ဒီအခန်းက ပေ(၆၀)လောက်ပဲရှိတယ်"

"အေး . . သတိတော့ထား"

အော်သံမျိုးစုံကို ထိတ်လန့်ဖွယ်ရာ ကြားရိုက်ရ၏



www.burmeseclassic.com

www.burmeseclassic.com



ဧယံ အနားကို လေအရှိန်ဟပ်သလို ဖြစ်သွား၏။

“ရှပ်”

“ဗြိ”

“ဟာ! . .”

“ဧယံ . . ဘာဖြစ်”

“ငါ့ဗိုက်ကို ဓားနဲ့ ရှပ်ခုတ်သွားတယ်”

“ဘယ်သူမှလဲ မမြင်ပါလား”

“ရှပ်”

“အား! . .”

“စစ်”

“ငါ့နောက်ကျောကို ဖြတ်ခုတ်သွားတယ်”

အင်္ကျီတွေသာ ဓားထိသလို ပြဲကုန်၏။ အသားကို မထိ။

“ရှိ . . ရှပ် . . ရှတ် . . ရှပ်”

“အား! . .”

“အမလေး! . . ငါ့ပေါင်ကို ခုတ်မိသွားပြီ”

“ရှပ်”

“အား! . . ငါ့ကို စလွယ်ခုတ်သွားပြန်ပြီ”

“အီး . . ဟီး . . ဟီး . . ဘာမှလည်း မမြင်ရဘူး”

“ဟိုမှာ သရဲကြီးတွေ အုပ်စုလိုက်ကြီး ပြေးတက်လာပြီ။ လုပ်ကြပါဦး၊ ကယ်ကြပါဦး အမေရေ”

“မြတ်စွာဘုရား ကယ်တော်မူပါ”

“အဲဒါ မြင်ကွင်းကျယ်ထဲကပါဟ”



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို ဘယ်သူ ဓားနဲ့ လိုက်ခုတ်နေတာလဲ ဟင်"

"သေချာကြည့်နေတာ . . ငါလည်း မတွေ့ရဘူး"

"ငါ့ကျောပိုးအိတ်ကြိုး ပြတ်ကျသွားပြီ"

"ငါ့အင်္ကျီလည်း စုတ်ကုန်ပြီ"

"ငါ့ထမီ ဟက်တက်ကွဲသွားပြီ"

"ငါ့ဘောင်းဘီလည်း . ."

လေထဲမှာ အရှိန်ဟပ်ပြီး တရှပ်ရှပ်နှင့် အခုတ်ခံလိုက်ရတာ သိ၏။ အသားတွေ ပြတ်မသွား။ အဝတ်အစား၊ ကျောပိုးအိတ်, အိတ်ထဲက စာအုပ်တွေသာ ပြတ်ကျကုန်၏။

ရှေ့ဆက်တိုးလေ ပိုအခုတ်ခံရလေပင်။ စစ်နဲ့ ဇေယံက အရိပ်ဟပ်တာနှင့် လိုက်ထိုး၊ လိုက်ကန်၊ လိုက်ချသော်လည်း အချည်းနှီးပင်။ ဆင်ရုပ်ကြီးနား ရောက်သွားသောအခါ အဝတ်အစားတွေ တစ်စစီ ပြတ်ကျကုန်၏။ ငါးယောက်လုံး ဝတ်လစ်စလစ် ဖြစ်ကုန်၏။

"ကိုယ့်အရှက်ကို လုံအောင်ဖုံးကြဟေ့"

"ကိုယ်ကျိုးနည်းပါပြီ။ နင်တို့နှစ်ကောင် လှည့်မကြည့်နဲ့နော်။ ငါတို့မှာ အဝတ်အစားမရှိတော့ဘူး"

"မကြည့်ပါဘူးဟ၊ အရေးထဲ . . နင်တို့လည်း ငါတို့ကို လှည့်မကြည့်နဲ့၊ အကုန် ဖင်ပေါ်ကုန်ပါပြီ။ ခွေးမသား လေင်း ဒီလိုနည်းနဲ့ ဧည့်သည်သွင်းရင် တရားစွဲခံရမှာ ကြိမ်းသေတယ်"

"တကယ် သရဲထင်တယ်ကွ၊ မြင်လည်း မမြင်ရဘူး။ ဓားနဲ့ခုတ်တာလည်း ကျွမ်းကျင်တယ်။ အဝတ်အစားနဲ့ ကျောပိုး



www.burmeseclassic.com

www.burmeseclassic.com



အိတ်တွေအထဲက စာအုပ်ချည့် ခုတ်သွားတာ"

"ပြန်လျှော်နိုင်းရမယ်။ ကျောင်းတစ်ရက်ပြေးပြီး လာလေ့လာမိတာ၊ စာအုပ်ထဲက သင်ခန်းစာတွေ ပြန်ကူးခိုင်းရမယ် လေင်းစုတ်"

"ဟုတ်ပါ့ ဒီတစ်ခါ အရှက်ရလို့၊ ငါလည်း လေင်းကို မုန်းပစ်လိုက်ပြီ။ ဒီနေ့ကစပြီး ရည်းစားဘဝက စွန့်လွှတ်ကြောင်း ကြော်ငြာတော့မယ်။ စိတ်ကုန်တယ် ဟွန့်"

နှင်းဆီကပါ ဒေါကန်ပြီး ပြောလာ၏။ ဝတ်လစ်စလစ်ကိုယ့်လက်နဲ့ ကိုယ့်အရှက်ကို ဖုံးလို့ဖိလို့ပေါ့။

"တောက်! . . ဒါတော့ တကယ့်သရဲခြောက်တာပဲ"

"ကြက်သီးလည်း မထ၊ ခေါင်းနဘမ်းလည်း မကြီးဘဲနဲ့ ကြောက်လန့်ရတာ ဒီတစ်ခါပဲ ရှိတယ်။ တော်တော် တတ်လည်း တတ်နိုင်တဲ့ ခွေးသား လေင်း"

အားလုံး မကျေမနပ်နှင့် လေင်းကို လိမ့်အော်ပြီး မေတ္တာပို့ကုန်ကြ၏။

"ဟေ့ကောင် လေင်း၊ ငါတို့ကို ဒီလို အရှက်တကွဲ အကျိုးနည်းအောင်မလုပ်နဲ့ မင်းကို အရှုံးပေးတယ်။ မင်းကစားပွဲကို ရပ်တော့၊ နှစ်နာရီ ထိုးနေပြီ။ အဝတ်အစားတွေလည်း ဆုံး၊ ကျောင်းစာအုပ်တွေ၊ ကျောပိုးအိတ်တွေလည်း စုတ်ပြတ်ကုန်ပြီ၊ မင်းတော်တော့"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

**အသံ**တွေ တိုးသွား၏။ ပိတ်ကားပေါ်က ရုပ်ပုံတွေ ပျောက်သွား၏။ ဝတ်လစ်စလစ်နှင့် ခရမ်းပြာရောင် မီးရောင်လဲ့လဲ့လေးထဲမှာ ရုပ်နေပြီး ဟိုကြည့်၊ ဒီကြည့်ဖြစ်နေကြစဉ် –

မှန်သားပြင် ပြန်လင်းလာပြီး လင်းသန့်ရဲ့ ရုပ်သွင် ပေါ်လာ၏။ ဆုံလည်ဆက်တီနှင့် စားပွဲပေါ်ကို ခြေနှစ်ချောင်းထပ်ချိတ်တင်ပြီး အမေရိကန်ပန်းသီးကို ဟန်ပါပါ ကိုက်စားပြနေသေးရဲ့။

"ဟော့ကောင် ငလင်း၊ မင်း ငါတို့ကို စော်ကားလိုက်တာပဲ။ မင်းကို သူငယ်ချင်းစာရင်းက ဖြုတ်ပစ်မယ်။ ငါတို့ကို ဒီထဲက အပြင်ရောက်အောင် လုပ်ပေး"

"ဟုတ်တယ် . . နင်သိပ်လွန်တယ် ငလင်း"

"နင့်ကို ငါမုန်းတယ်"

"ဒီလိုမျိုး နိုင်ငံခြားက ဧည့်သည်တွေကို မင်းဆက်ဆံရင် သေဒဏ်တောင် အပေးခံရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို ဂျပန်ဆာမူရိုင်းသရဲနဲ့ လွှတ်တိုက်လိုက်တာလား"

သူတို့ တစ်ယောက်တစ်ပေါက် ပြောဆိုပြီးသည်နှင့် လင်းသန့်က တဟားဟား အော်ရယ်၏။

"ရယ်ပါ မသာ တေဂျင်းနိုး"

"သောက်ကောင် ‥ အပြင်ရောက်မှ သူ့ကို ဝိုင်းချုတ်ပစ်မယ်"

"သရဲခြောက်တာထက် သောက်ရှက်ခွဲတာပဲ၊ ဟွန့်"

"ကုပ်ဆွဲပစ်ချင်လာပြီနော်"

လင်းသန့်က ထရပ်ပြီး မင်းသားအိုက်တင်နဲ့ စတိုင်(လ်) ဆောင်းဘီထဲ လက်နှစ်ဖက်ထည့်ကာ ကင်မရာ ရှေ့တည့်တည့်က ရပ်၏။

ဒီငါးယောက်ကတော့ လင်းသန့်ရဲ့ မျက်နှာကြီးကို ကားချပ်ပေါ်မှာ အနီးကပ် မြင်နေရတာပေါ့။

"မင်းတို့ ဆက်တက်ဖို့ နောက်ထပ်နှစ်လွှာပဲ ကျန်တော့တယ်လေ။ ဒီ့ထက် ကြောက်ဖို့လန့်ဖို့ကောင်းတာတွေ မြင်ရဦးမှာပါ"

"ဘာ! ‥ ငါတို့က ဒီပုံစံအတိုင်း ဆက်တက်ရမှာလား"

"ဒါပေါ့ ‥ ဒါမှ သရဲတစ္ဆေတွေက မင်းတို့ကို ဖမ်းချုပ်ပြီး အူ အသည်းတွေကို နှုတ်စားချင်စိတ်ပေါ်မှာပေါ့"

"ခွီးတယ်မှ ‥ ဟော့ကောင် တော်ပြီ။ ငါတို့ ဆက်မတက်တော့ဘူး။ ငါတို့ကို ထွက်ခွင့်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"အရှုံးပေးပြီလား . . နှစ်လွှာပဲ ကျန်တော့တယ်လေ"

"ပေးပြီ. . မသာရဲ့ . . ပေးပြီ"

"တစ်ယောက်ချင်းစီ ပြော၊ မပေးချင်တဲ့သူက နောက်နှစ်လွှာကို ဆက်တက်"

"ယမင်း အရှုံးပေးတယ်"

"ရတီ အရှုံးပေးတယ်"

"နှင်းဆီကလည်း အရှုံးပေးတယ်။ နင့်ကို မုန်းလိုက်ပြီ"

"နှင်းဆီ ကိုယ်ရှင်းပြပြီးမှ အဲဒီစကားပြော"

"ဟွန့် မြင်ပြင်းကတ်လာပြီ"

"ဟိုနှစ်ကောင် အရှုံးမပေးချင်သေးဘူးလား . . ဆက်တက်လေ ယောကျ်ားပဲကွာ၊ တောင့်ထား. . ညှော်သည်တွေဆို ဒီလောက်ထိ ငါဘယ်လုပ်မလဲ။ မင်းတို့မို့လို့ အပြင်းစားတွေချည့် လွှတ်လိုက်တာ"

"တောက်! . . ဟင်း . . ငါနော်၊ လင်းစုတ်တော့ကွာ"

"ဟော့ . . လင်း၊ စေစ်က အရှုံးပေးတယ်ကွာ"

"ဓေယံကရော"

"အေး . . ပေးတယ်။ မင်းအလှည့်ကျရင်လည်း မနွဲ့စတမ်းနော်"

"အေးပါ. . ကိုဖင်ပေါ်ရယ်။ မင်းတို့ပုံတွေကို အင်တာနက်ပေါ် မတင်ပါဘူး။ ဘာကင်မရာနဲ့မှလည်း ရိုက်မထားပါဘူး။ ကဲ . . မင်းတို့ကို ဝတ်ကောင်းစားလှတွေ လက်ဆောင်ပေးမယ်။ စားကောင်းသောက်ဖွယ်တွေနဲ့ ကြိုဆိုနေမယ်။ ဆင်စွယ်ကို ဖို့ချလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ရဲ့ဖင်ပေါက်က တံခါးပွင့်သွားမယ်"

"နောက်တစ်ခန်းကိုရောက်ရင် မင်းတို့ ကိုယ်တိုင်းတွေ ကြိုယူထားပြီးသား။ အကောင်းစားဆိုတဲ့ အဝတ်အစားတွေ မင်းတို့ ဝတ်ရစေမယ်။ ကျောပိုးအိတ်တွေရောပေါ့။ စာအုပ်တွေကတော့ မင်းတို့ စားသောက်နေတဲ့အချိန်၊ ငါ့ရဲ့လူတွေက စာရွက်အပိုင်းတွေ ဆက်စပ်ပြီး အသစ် ပြန်ကူးပေးလိမ့်မယ်။ စားသောက်ပြီးတာနဲ့ မင်းတို့လွယ်အိတ်ထဲကို အသင့်ရောက်ပြီးသား မှတ်လိုက်"

"အေးပါ . . လုပ်ရတော့ ပြုံးပြုံးလေးပေါ့။ ငါတို့ကို ဘာသရဲနဲ့ ခြောက်လိုက်တာလဲ ပြော"

"စားသောက်ရင်းနဲ့ ပြောကြတာပေါ့။ ခုနေတော့ မရှင်းပြနိုင်သေးဘူး။ မင်းတို့ မြန်မြန်ထွက်ကြနော်။ နောက်ထပ် ဓားသရဲက ပိုဒေါသကြီးတယ်။ အသားတွေ၊ အရိုးတွေ အပိုင်းပိုင်း ပြတ်အောင် ခုတ်ချမှာ နောက်ကျတဲ့လူ၊ ခံရပြီသာမှတ်"

"ဟာ! . ."

"ဟင်! . ."

"ဟယ်! . ."

"လုပ် . . လုပ် ဆင်ရုပ်ကိုသွား"

"ဘာတဲ့ ဆင်အမြီးကို ဆွဲရမယ်ဆိုလား"

"ဆင် ဖင်ကို နှိုက်ပါဟဲ့"

"ဟာ . . ဆင်စွယ်ကို ဆွဲခိုနိမ့်ရမှာပါဟ၊ ငါတို့ကို မကြည့်နဲ့နော်"

"အံမယ်လေး . . သေရေးရှင်ရေးမှာ ဝေလေဝေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ အရင်ဝင်မယ်။ တံခါးဖွင့် နောက်မကျစေနဲ့။ နင်တို့ နှစ်ယောက်ကိုပြောတာ . . နောက်ကျနေမှ တိုးလို့တန်းလန်းတွေ အဖြတ်ခံနေရဦးမယ်”

“တိတ်စမ်းပါဟ . . သေရေးရှင်ရေး၊ နှမပေး လင်း လုပ်လို့ တောက် ! . .”

ဇေယံနဲ့စစ်တို့က ဆင်စွယ်တစ်ချောင်းကို ဆွဲနှိမ့်၏။

“ဆင် ဖင်ပေါက်ပွင့်ပြီလား”

“ဆင်ခြေထောက်နှစ်ချောင်း တုပ်ထားတဲ့ကြားမှာ တံခါး ပေါက်ရှိတယ်။ မပွင့်သေးဘူး”

“စစ် မင်းဘက်က အစွယ်ကို နှိမ့်ရမှာဖြစ်မယ်”

“အေး . . နှိမ့်ပြီ”

“ပွင့်ပြီလား”

“မပွင့်သေးဘူး”

“ငတုံးနှစ်ကောင် . . နှစ်ချောင်းလုံးကို ဆွဲနှိမ့်ကြည့်ပါ လားဟဲ့”

ပန်းနှင်းဆီက လှမ်းအော်ပြောလိုက်၏။ ဒီတော့မှ ဆင် စွယ်နှစ်ချောင်း ပြိုင်တူ ဆွဲနှိမ့်လိုက်၍ တံခါးပွင့်သွားတော့၏။

“ပွင့်ပြီ ပွင့်ပြီ”

“သတိထားဝင် . . မြွေထက်ဆိုးတဲ့နဂါးနဲ့ တွေ့နေဦးမယ်”

ငါးယောက်သား ဆင်နံဘေးဘက် နောက်ထပ်အပေါက် ကနေ ပြန်ထွက်လာကြ၏။ (၄)လွှာထပ်က နောက်တစ်ခန်းထဲ ရောက်သွားခြင်းပင်။ အခန်းက ဆယ်ပေပတ်လည်ခန်း အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေရော၊ ကျောပိုးအိတ်တွေပါ ချိတ်ထား၏။

"ငါ့အဝတ်အစားအတိုင်းပဲတော့ . . အိတ်လည်း အတူ တူပဲ"

"အေးဟယ် . . အံ့ဩစရာပဲ၊ ငါလည်း အဲ့လိုပဲ ပြန်ရတယ်"

"ဒီကောင် တို့ရောက်လာကတည်းက ဒါတွေ ဘယ်လို ကြုံ ခဲ့ယ်လိုက်လဲ မသိဘူး။ ဒီဘောင်းဘီက ငါနဲ့ပွနေသလားလို့"

"ဖစ်ဆိုဒ်ပါပဲကွာ၊ ကောင်မလေးတွေ လှည့်မကြည့်နဲ့"

"ကောက်ညှင်းက မစေးရဘဲ၊ ဆန်ကြမ်းက စေးနေသေး တယ်။ ငါတို့အတွက်က အရေးပေါ်တွေဟဲ့"

"အံမာ . . ငါတို့အတွက်ကျတော့ကော"

"နင်တို့က ဝွေးပေါ်တွေလေ"

ရယ်သံတွေ ပွက်လောညံသွား၏။ ခေါ်သွားထက်က များ ညီစက်ကိုပင် လျက်ရဲသော လူသားတွေပဲလေ။ ဒုက္ခဘေး လွတ် ခွင့်ရတာလေးနှင့်ပင် ကျောင်းသား၊ ကျောင်းသူ ဘာသာဘာဝ နောက်ပြောင်မှုတွေက ကြားဖောက် ပြန်စမိကြပြန်လေသတည်း။

"ကလစ်"

"ဝရော. ."

"ဒုတ်"

"ဟာ! . . အခန်းတံခါးပိတ်သွားပြီ"

"ဒီတစ်ပေါက်ထဲ ရှိတာလား။ ငါတို့ဝင်လာခဲ့တဲ့ အပေါက် ခဲ ရှိတာလား"

"ဟုတ်တယ် . . အဲဒီအပေါက် ပိတ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ရပ်နေရာက ငြိမ့်ခနဲ ဖြစ်သွားကြ၏။

"ဒီအခန်းက ခေါက်လှေကားအခန်းပဲကွ"

"အေး . . ဉာဏ်နီဉာဏ်နက် ငလင်းပဲ"

"တီထွင်ဆန်းသစ်တာ နေမှာပေါ့။ ဝင်ပေါက်ကို ခေါက်လှေကားနဲ့ ပိတ်လို့ရတယ်။ ဖွင့်ချင်ရင် ခေါက်လှေကားကို အပေါ်ထပ်တွေမှာ ထားရုံပဲပေါ့။ ဒါ သီးသန့် ခေါက်လှေကား ဖြစ်မယ်"

"အောက်မှာ ဖရိန်တွေချထားတော့ အခန်းကူးရင် ဘယ်လိုကူးမှာလဲ"

"တစ်ဘက်အခန်းထဲမှာ သူ့ဟာနဲ့သူ စနစ်တကျ ဖောက် ဆင်ထားတဲ့ အံဖုံးတော့ရှိမှာပေါ့၊ နင်တို့ကလည်း ထူလိုက်၊ ပိန်း လိုက်တာ"

"နှင်းဆီ . . ရှင်ဟာလေ ငလင်းနဲ့ မတွေ့ရသေးဘူး။ ငလင်းဘက်က ခပ်ပါပါ ရှေ့နေလိုက်နေပြီ။ ခုနပြောတော့ မိုး လား၊ ကဲလား၊ ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ လက်တွေ့ကျ တော့ ပုရွက်ဆိတ်တောင် မဖမ်းနိုင်တော့ဘူး၊ မဟုတ်လား"

နှင်းဆီက ရှက်ဖိုရှက်ပြုံးလေးနှင့် မူလပုံစံမျိုး အဝတ် အစားနှင့် ဝတ်စုံတွေပြန်ရပြီမို့ အတန်သင့် စိတ်လက်ပေါ့ပါးနေ ကြ၏။

"နှင်းဆီမနော်၊ အမျိုးမျိုးမလုပ်နဲ့"

"ကိုယ်ချင်းစာကြည့်ပေါ့ဟယ် . . နင်တို့လည်း အတွဲ ကိုယ်စီနဲ့ပဲဟာ၊ ငါတို့က ငယ်ချစ်တွေဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်. . တို့ကတော့ ကြီးချစ်တွေပေါ့။ တက္ကသိုလ်ရောက်တော့မှ အားလုံး အတွဲဖြစ်ကြတာကို သူက အမှတ်ပိုယူနေသေးတယ်"

"ကဲ . . ကဲ မိန်းကလေးတွေ အီးပေါက်မနေကြနဲ့၊ အပေါ်ဆုံးထပ်ကို ရောက်ပြီ။ ဓာတ်လှေကား ငြိမ့်ခနဲကနေ ငြိမ်သွားပြီလော"

ဝင်ပေါက်တံခါး လျှောခနဲ ပွင့်သွား၏။ အပေါ်ထပ်ရုံးခန်းက ခံမိခံ နန်းတော်ငယ်လေးအလား။ ခေတ်မီဒီဇိုင်း၊ မီးအလင်းပေးပုံတွေနှင့် အပြတ်သားနားနေ၏။

"ကြိုဆိုပါတယ် . . ရွှေညှော့်သည်တို့"

စက်ရုပ် . . မိန်းမရုပ်ပုံနှင့် စက်ရုပ်။ ဆီလီကွန်အသားအရောင်နှင့်။ ဆံပင်ပုံစံကလည်း ကုပ်ဝဲလေးနှင့်။ မျက်နှာကိုသာ သေသေချာချာ မကြည့်လျှင် စက်ရုပ်ဟုပင် ထင်စရာမရှိ။ မြန်မာဆန်ဆန် ရင်ဖုံး၊ ချိတ်ထမီနှင့် ဝတ်စားထား၏။ လက်နှစ်ဖက်က အခန်းတွင်းကို ညွှန်ပြနေ၏။

စစ်က စက်ရုပ်မကို သေသေချာချာ ကပ်ကြည့်ပြီး. .

"အသည်းလေး . . အိုင်လပ်ယူ"

"အိုင်လပ်ယူ . . ဒါလင်"

"ဟိုက်! . ."

"သွားမနောက်နဲ့ . . စက်ရုပ်စိတ်နောက်ပြီး ကွိုင်တွေအောက်ပြီး ရှော့ခ်တွေဖြစ်ကုန်ရင် သိပ်ကြောက်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီသားနားသော အခန်းထဲ ရောက်သွားသည်နှင့် ဆုံလည် စားပွဲဝိုင်းကြီးနှင့် ထိုင်စောင့်နေသော လင်းသန့်ကို အခန်း သား တွေ့လိုက်ရတော့၏။

ကြည့်ပါဦး။ လုပ်ထားလိုက်ပုံက ဇရာမသရဲကြီး(၆) ကောင် ထိုင်နေကြသည့်ပုံမျိုး ကုလားထိုင်တွေကို လုပ်ထား၏။ သရဲကြီးတွေရဲ့ ရင်ခွင်ထဲကို ဝင်ထိုင်ရသလိုမျိုးပင်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# မတောင်းဝန်နဲ့ ကြောင်းဆန်အောင် ပြောတ်မယ်

**လင်းသန့်** ထိုင်နေသော ထိုင်ခုံကမူ သရဲကြီးပုံမှာ ကြောက်စရာ့ ကြောက်စရာအကောင်းဆုံး သရဲရုပ်ထိုင်ခုံကြီး ဖြစ်နေတော့၏။

"အမလေး !.. ရုတ်တရက် ကြည့်လိုက်တာ ရောမ သရဲသွားထွားကြီးတွေ ထိုင်နေတာမှတ်လို့"

"လင်းသန့်ကို ထိုင်နေတာမြင်မှ သရဲရုပ်တုထိုင်ခုံတွေ ဖြစ်နေမှန်း သိလိုက်ရတော့တယ်"

"သောက်ကောင် လေလင်း၊ မင်းကို ငါတို့ဗျင်းချင်နေတာ သက်ကို ယားနေတာပဲ"

"တော်တော်နှိပ်စက်တဲ့ လေလင်းကွာ"

"အေးလေ .. တော်တန်ရုံဆို မပြောပါဘူး"

"ဟုတ်ပါ့.. မချိမဆန့်တွေ လုပ်တယ်"

"နင် သရဲခြောက်တဲ့ ဒီခြောက်ထပ်တိုက်ကြီးကို နှင်လိုက်ရင် တစ်နေ့မဟုတ်၊ တစ်နေ့တော့ လိပ်ပြာလွင့်သေတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ရှိလာမှာပဲ။ ရှယ်ယာ မထည့်ချင်ဘူး။ ငါတို့ပါ အမှုပတ်နေဦးမယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုနေတာကို လင်းသန့်က . . တဟားဟား အော်ရယ်နေတော့၏။

"ဟော့ကောင် . . မင်း မရယ်နဲ့။ ဘာလဲ ငါတို့ကို လှောင်နေတာလား လင်းသန့်"

လင်းသန့် ရယ်တာ ရပ်သွား၏။ ပုခုံးနှစ်ဘက်နှင့် မျက်ခုံးနှစ်ဘက်ကို ပြိုင်တူတွန့်ပြရင်း –

"အိုကေ . . အိုကေ . . ပေါက်ပြီ၊ သူငယ်ချင်းတို့ ထိုင်ကြပါ"

စားပွဲပေါ်မှာ စားပွဲတွေက အဆင်သင့်၊ အားလုံးက ပူပူနွေးနွေး တရုတ်အစားအစာတွေ ချဉ်စပ်၊ ကုန်းဘောင်၊ တောက်တောက်၊ ချိုချဉ်၊ ဘီးစတိတ်၊ (၁၂)မျိုး ဟင်းချို၊ ဘဲကင်၊ ကြက်ကြော်စသဖြင့် စုံလင်လှ၏။

အားလုံး ဝင်ထိုင်လိုက်ကြ၏။ မိန်းကလေးတွေကတော့ သရဲရင်ခွင်ထဲထိုင်ရမှာကို စိတ်မသန့်ဖြစ်နေ၏။

"ကဲ. . မင်းတို့ နားမလည်နိုင်တဲ့ အချက်အလက်တွေကို မေးနိုင်ပါပြီ"

ဇေယံက အရင်ဦးဆုံး မေး၏။

"(၄)လွှာမှာ ဖြစ်ခဲ့တဲ့ ဘာမှမမြင်ရဘဲ စုတ်ပြတ်သတ်၊ ဝတ်လစ်စတစ်ဖြစ်ကုန်တာ ဘာကြောင့်လဲ၊ တကယ့်သရဲတွေ မွေး ထားတာလား"

"မဟုတ်ဘူး၊ မင်းတို့အဝတ်တွေ အခြောက်ခံတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ငွေ့တစ်မျိုးကိုပါ ပက်ဖျန်းပေးလိုက်တယ်။ အခြောက်ခံ ကော်ထဲကနေပေါ့။ အဲဒီ ဓာတ်ငွေ့ပေးနေတဲ့ မင်းတို့ အဝတ်အစား အသုံးအဆောင်တွေဟာ နောက်တစ်ခန်းမှာ လွှတ်လိုက်တဲ့ ဓာတ်ငွေ့နဲ့ မတည့်ဘူး။ အဝတ်အစားတွေကို စုတ်ပြတ်စေကုန်တယ်"

"ဆပ်ပြာမှုန့်တစ်မျိုး ဈေးကွက်မှာ ပေါ်လာတယ်။ အဲဒီ ဆပ်ပြာမှုန့်နဲ့ လျှော်ရင် အဝတ်အစားကောင်းတွေ သိပ်မကြာဘူး။ ငြိခနဲ ဗြိခနဲ ပြိကုန်ရော၊ အဲဒီဓာတ်ကို ဓာတ်ငွေ့ ခပ်ပြင်းပြင်းလုပ်ထားတာ။ အဲဒီဓာတ်ကို မတည့်တဲ့ ဓာတ်ငွေ့လွှတ်တော့ ခဏလေးနဲ့ ဓားနဲ့ခွဲလိုက်သလို ဖြစ်ကုန်တာ။ မသိရင် ဓားနဲ့မွှန်းသလိုပဲ၊ အသားကိုတော့ မထိခိုက်ဘူးပေါ့၊ အဲဒါ ဖမ်းစားချက်ပေါ့။ မသိရင် သရဲက လိုက်ခုတ်နေသလိုပဲ"

ဇေယံ ရှင်းသွား၏။ စစ်က –

"မြွေ . . မြွေတွေ့တာကရော"

"အစွယ်ချိုးထားတဲ့ မြွေပါ။ ကိုက်လို့ အဆိပ်မသင့်ဘူး"

စစ်လည်း ရှင်းသွား၏။ ယမင်းက –

"သင်းခွေချပ်လို လုံးနေတဲ့ အသားနီတဲ့ လူနီကောင်ပုလူနီလေးကရော"

"အဲဒါက အရိုးအကြောပျော့ပျောင်းတဲ့ ခရီးဆောင်သေတ္တာထဲ ခွေခေါက်ဝင်နိုင်တဲ့ အရိုးပျော့လူကို ငှားထားတာပါ"

"နင်ပြောတော့ အဲ့ဒါတွေ မပါဘူး။ ဝန်ထမ်းက ငါးယောက်ထဲဆို"

"အဲဒါက ငါ့ရဲ့ဌက်ဖဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လင်းသန့် ရယ်ကျဲကျဲ လုပ်နေ၏။ နှင်းဆီက –

"ထပ်မေးဖို့ မလိုတော့ဘူး။ သူနဲ့ငါနဲ့ စာရင်းရှင်းစရာ ရှိသေးတယ်"

"နှင်းဆီ မောင် တောင်းပန်ပါတယ်"

"ရှင့်ကြောင့် ကျွန်မ အပြောခံရတာတွေ များနေပြီ"

"အဲဒီအတွက်လည်း ထပ်ဆင့်တောင်းပန်ပါတယ်"

နှင်းဆီ အတန်အသင့် ကျေနပ်သွား၏။ နာရီကြည့်လိုက်တော့ ညနေ(၃)နာရီထိုးနေပြီ။

"မင်းလူတွေ တော်တော်သုံးခဲ့ရမှာပဲ။ စက်ရုပ်တွေတောင် ဝယ်သုံးနိုင်တယ်ဆိုတော့"

"စက်အကူပစ္စည်းတွေ ပါ,ပါတယ်။ စက်ရုပ်ဆိုလို့ ဧည့်ကြို စက်ရုပ်မလေးပဲ ရှိတယ်"

"ဟင်! . . ဒါဆို . . သင်္ချိုင်းမှာ ထလိုက်လာတာတွေ၊ အခေါင်းဖုံးတွေ ဖွင့်လိုက်လာတာတွေ၊ အဲဒီမှာ သုံးထားတာက ဘာတွေလဲ"

"အဲ့လောက်ကြီး မများပါဘူး"

"တစ်ခန်းမှာ ငါးဆယ်လောက်တောင် သုံးထားတယ်လေ"

"မဟုတ်ဘူး . . မင်းတို့အမြင်မှားတာ ဖြစ်မယ်"

"ငါတင်မဟုတ်ဘူး . . ဟော့ဒီလေးယောက်လုံး ကြုံတွေ့ခဲ့ရတာ။ မယုံရင် မေးကြည့်"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ဝင်ထောက်ခံကြ၏။ လင်းသန့် အံ့အားသင့်သွား၏။ အနည်းငယ်ခန့်အကြာမှာ –

“ကဲ . . ထားလိုက်ပါတော့ စားကြသောက်ကြရအောင်။ အချိုရည်ပဲ သောက်ရမှာနော်၊ ဘီယာတောင် မသောက်ဘူး”

အားလုံး စားသောက်ဖြစ်ကြ၏။ စားရင်း ပြောကြ၊ ပြောရင်း စားကြနှင့် ညနေ(၅)နာရီ ထိုးသွား၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



**စား** သောက်ပြီးသောအခါ လင်းသန့်က ဖုန်းနှင့်ဆက်မေး၏။

“အားလုံး အဆင်သင့် ဖြစ်ပြီလား”

“. . .”

“အေး . . စားပွဲမှာပဲ ထားခဲ့။ (၆)နာရီထိုးတာနဲ့ ပြန်နိုင်ပြီ။ ညဆိုင်းဆင်းမယ့် အစောင့်(၂)ယောက်နဲ့ ဂျူတီချိန်းပြီးချိန်လောက် ငါတို့ ဆင်းလာခဲ့မယ်”

“ငလင်း ငါတို့(၆)နာရီဆို ပြန်မှဖြစ်မယ်။ TAXI ငှားပြီးပြန်ရင် အနိမ့်ဆုံး နာရီဝက်တော့ ကြာတယ်ကွ။ အိမ်က မိဘတွေစိတ်ပူနေကြလိမ့်မယ်”

“အေးပါ . . (၆)နာရီ ဒေါင်ခနဲထိုးတာနဲ့ အောက်ထပ်ရောက်ပြီ။ ဓာတ်လှေကားက တစ်မိနစ်ပဲကြာမှာပါ”

အေးအေးလူလူ ဆက်စကားပြောစဉ် တိုက်ကြီးတစ်ခုလုံး ငလျှင်လှုပ်သလို သွက်သွက်ခါထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



“ငလင်း ငလျင်. . ငလျင် အောက်ကိုရောက်အောင် အမြန် ဆင်းပြေးကြမယ်။ ပြီးရင် အကုန်သေမှာ”

“ငလျင် ရပ်သွားပါပြီ။ အင်း . . (၆)နာရီထိုးဖို့ ငါး မိနစ်ပဲ လိုတော့တယ်။ ကဲ. . အောက်ရောက်အောင် ငါလိုက် ပို့ပေးမယ်။ ငါကတော့ ရုံးခန်းဘေးက အိပ်ခန်းမှာပဲ အိပ်တယ်။ ငါ့ဘဝ၊ ငါ့အိမ်ရာ၊ ငါ့နေရာက ဒီခြောက်ထပ်တိုက်မှာပဲ”

သူငယ်ချင်းတွေက လင်းသန့်ကို ငေးမောကြည့်ရှုကုန် ၏။ လင်းသန့်က သူလုပ်ချင်တာဆိုလျှင် ဘဝပုံနှစ်ပြီး လုပ်တတ် သူ။ ပန်းနှင်းဆီက. .

“လင်း. . ကျွန်မကတော့ ဒီနေရာမှာ လုံးဝမနေနိုင်ဘူး”

“မပူပါနဲ့ နှင်းဆီရယ်၊ သီးသန့်ဓာတ်လှေကား ရှိပြီးသား ပါ။ နှင်းဆီ ဒီမှာ မနေချင်လည်း နှင်းဆီမိဘအိမ်မှာ နေလေ။ ကိုယ် က လာလိုက်၊ သွားလိုက်ပေါ့”

ပန်းနှင်းဆီက မျက်စောင်းခဲ၏။ ဇေယံက –

“မင်းရဲ့အလုပ်မှာ လူအင်အား ဘယ်လောက်သုံးထား သလဲ။ ငါ့ကို အမှန်အတိုင်းပြော၊ ဝှက်ဖဲတွေ၊ ဘာတွေ လုပ်မနေနဲ့။ ငါတို့ စိတ်ဝင်စားရင် ရှယ်ယာဝင်မယ်”

“မကြောက်တတ်တဲ့ ငါတို့ကိုတောင် မင်းရဲ့ သရဲခြောက် ထပ်က ကြောက်လန့်အောင် ဆွဲဆောင်နိုင်တယ်။ အထူးသဖြင့် ဥရောပတိုက်သားတွေက အယုံအကြည် မရှိဘူး။ အဲ့ဒါကြောင့် မင်း ခိုင်ပိုလုပ်ထားတာတွေက ဖော်ရိန်နာတွေအတွက် ကွက်တိဖြစ် နိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ဖေယံ။ အမှန်ဆို ငါ့မိဘ အမွေအနှစ်နဲ့ ငါ့ ဘာသာ ငါ ချီတက်နိုင်တယ်။ မင်းတို့ကိုလည်း မြတ်စွန်းစေချင်လို့ပါ။ နိုင်ငံခြားသားတွေဆိုရင်တော့ ဝတ်လစ်စကစ်ဖြစ်တဲ့အထိ ဘယ်လုပ်ပါ့မလဲ. .၊ ရေစို ရေခြောက်စေတဲ့အခန်းတောင် တော်တော် ဖော့လုပ်ထားတယ်"

လင်းသန့် ရှင်းပြတာတွေကို စစ်က နားထောင်နေ၏။

"ငလင်း ပြင်ပရှယ်ယာတွေ ဖိတ်ခေါ်ထားသေးလား"

"လုံးဝ မခေါ်ထားဘူး"

"3D လို မျက်မှန်မျိုးနဲ့ မင်းလှည့်စားတာ၊ နည်းပညာပိုင်းဆိုင်ရာ သက်သက်လား"

"မျက်လှည့်၊ လက်လှည့်၊ ပဉ္စလက်ဆိုတာ ရှိတယ်။ အောက်လမ်းနည်းနဲ့ အထက်နည်းနဲ့ ကိုယ့်ရဲ့ လယ်မြေ၊ အင်းအိုင်၊ ဥယျာဉ်ခြံတွေ ကိုယ် မစောင့်ရှောက်နိုင်လို့၊ သရဲတစ္ဆေမွေးပြီး ကိုယ်နိုင်နင်းတဲ့ ပရလောကသားကို မွေးပြီး ခိုင်းစေရတာတွေ ရှိတယ်။ ကျေးလက်ဒေသ အခေါ်အရ သရဲ မွေးတယ်ပေါ့ကွာ။ အဲဒါမျိုးတွေလည်း ပါကောင်းပါလိမ့်မယ်"

"ဟ . . သရဲမွေးတာ မှန်မှန် ကျွေးနိုင်မှ၊ မကျွေးနိုင်ရင် မွေးတဲ့လူကို ပြန်စားရော"

"ငါပြောပြီးပြီးလေ။ ကိုယ်နိုင်နင်းတဲ့ အကောင်ပလောင်ကိုမွေးတာ၊ မနိုင်နင်းတာကို မမွေးဘူး။ ငါ့ဘကြီးဆို ငှက်ပျောခြံ ဥယျာဉ်ခြံတွေ အများကြီးပိုင်တယ်။ လူစောင့်က စိတ်မချရဘူး။ သရဲမွေးပြီး အစောင့်ထားတယ်။ သရဲတွေကို ညနေစောင်း အမဲ



www.burmeseclassic.com

www.burmeseclassic.com


သား၊ ဒါမှမဟုတ် ဝက်သားအစိမ်း ကျွေးတယ်"

"အသက်ကြီးလို့ ဘုရားတရားဘက် စိတ်ရောက်သွားတော့ သူ့ခြံတွေကို ရောင်းပစ်တယ်။ သူမွေးထားတဲ့ အကောင်တွေကို နောက်ဆုံး နှုတ်ဆက်ဒါနပွဲပေးပြီး မင်းတို့ လွတ်ရာ၊ ကျွတ်ရာ သွားကြပေတော့၊ ငါနဲ့ မဆိုင်တော့ဘူးဆိုပြီး သွားခွင့်ပြုလိုက်တယ်။ သူနိုင်တဲ့ အကောင်တွေချည့်ပဲ၊ အေး . . မနိုင်တဲ့ အကောင်သွားမွေးရင်တော့ မင်းပြောသလို ဖြစ်ကောင်း ဖြစ်နိုင်တာပေါ့"

ရတီက မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် –

"နင်. . နင် သရဲတွေ မွေးထားတာပေါ့"

"ဝှက်ဖဲ"

"ဟယ် . . နင့်ကို ကြောက်လာပြီ၊ လင်းသန့်ရယ် . . နင် ခေတ်ပညာတတ် လူငယ်ဖြစ်ပြီးတော့ ဒါတွေနဲ့ ပတ်သက်ရသလား"

ရတီက ဝင်ပြောလာခြင်းပင်။ နှင်းဆီက –

"တို့နဲ့ ပတ်သက်ရင် အဲဒီ ရှုပ်ရှုပ်ယှက်ယှက်တွေ လုံးဝ လက်မခံဘူးနော်"

လင်းသန့်က နှင်းဆီကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်လေသည်။

○ ○ ○


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (4)

## စုံတွဲတွေ မြင်ရင် မနေနိုင်သူ

**ညနေ** (၆)နာရီ . . ။ ရန်ကုန်မြို့ကြီး မီးတွေ လင်းထိန်နေပြီ။

"သီးသန့် ခါတ်လှေကားကဆင်းရင် ကြာလှ . . နှစ်မိနစ်ပေါ့"

လင်းသန့် ဦးဆောင်ပြီး အိမ်ပြန်ရန်စိတ်စောနေသည့် သူငယ်ချင်းတွေနှင့် ဓာတ်လှေကားပေါက်မှာ ရပ်စောင့်နေမိ၏။ ဓာတ်လှေကား မီးတွေ ပြတ်တောက်သွား၏။

"(၂၄)နာရီ မီးပေးစနစ် ရှိပါတယ်။ အောက်က အစောင့်တွေ မီးစက်မောင်းလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေကြ၏။ စက်ရုပ်မလေးက ရွှေလျှားဘီးတပ်လေးဖြင့် ပန်းကန်တွေကို ဆေးကြောတဲ့နေရာဆီ ပို့နေ၏။

"ရှင့်စက်ရုပ်မက အားကိုးရသားပဲနော်"

"နှင်းဆီက လူသား အတွင်းရေးမှူးခန့်ရင် အထင်လွဲမှာစိုးလို့ ဒီစက်ရုပ်ကို ဂျပန်နိုင်ငံက ဈေးကြီးပေးမှာရတာ"

ပန်းနှင်းဆီက လင်းသန့်ရဲ့ပုခုံးကို မနာအောင်ထိုးပြီး လင်းသန့်ရဲ့ လက်အောက်ဝင်ပြီး အဖက်ခံနေရ၏။ ကျန်တဲ့စုံတွဲတွေလည်း သူ့စော် သူဖက်ကုန်ကြပြီလေ။

"ဆယ်မိနစ်တောင် ရှိပြီ၊ မီးစက်မမောင်းသေးပါလား. . . လင်းသန့်"

လင်းသန့် ဖုန်းဆက်ခေါ်ကြည့်၏။

"ဘယ်လိုဖြစ်တာလဲ။ ရာသီဥတုလည်း ကောင်းတယ်။ တိုင်လည်း မပျောက်ဘူး။ အပေါ်ထပ်နဲ့ အောက်ထပ်ကို ဆက်သွယ်မှု ဧရိယာ ပြင်ပ ရောက်နေတယ်တဲ့"

"မင်းတပည့်တွေက မင်းကို ပညာပြနေတာဖြစ်မှာပေါ့"

"တောက်! . . ."

"ဓာတ်လှေကား ပြန်မတက်တော့ဘူး။ မီးလည်း မရှိတော့ဘူး။ အရေးပေါ်အခန်းထဲမှာ ဓာတ်မီးတွေ ရှိတယ်။ သွားယူပြီး ရိုးရိုးလှေကားကနေ ဆင်းကြမယ်"

"ဘာရယ် တို့လာခဲ့တဲ့လမ်းအတိုင်းလား. . . လင်း"

"ဟုတ်တယ်လေ . . မီးမရလို့ စက်တွေ ပိတ်ထားပြီး ဘာမှ မခြောက်လှန့်တော့ပါဘူး။ ကွန်ထရိုးလုပ်နေခဲ့ ကွန်မျ



www.burmeseclassic.com

www.burmeseclassic.com



ာ ပညာရှင်တွေလည်း (၆)နာရီထိုးတာနဲ့ ပြန်ကုန်ကြပြီ။ လမ်း
ောင်းကပဲ ဆင်းကြတာပေါ့”

“(၄) လွှာရောက်တဲ့ ဓာတ်လှေကားက အလုပ်မလုပ်
တော့ ဘယ်လိုလုပ်မှာလဲ”

“အရေးပေါ် ရိုးရိုးလှေကားနဲ့ ထွက်ပေါက်တွေ ရှိပါတယ်။
ါ ငါပိုင်တဲ့နေရာပါ။ အပ်ကျတာကအစ သိတယ်”

“ဟေ့.. နင်တို့ မိန်းကလေးတွေ အာရုံလာနှောက် မနေ
ဲ့၊ တို့လာခဲ့တုန်းကလို ခြောက်လှန့်ခံရမှာ မဟုတ်တော့ဘူး။
ူပိုင်ရှင် တစ်ယောက်လုံးပါနေတာ။ နင်တို့က ဘာတွေကို ကြံဖန်
ိုးရိမ်၊ ကြောင့်ကြနေရတာလဲ”

စစ်ရဲ့စကားကြောင့် အားလုံး ငြိမ်သွားကြ၏။ ရုံးခန်းထဲ
ာ ဓာတ်မီးတွေ သွားထုတ်ကြ၏။ တစ်ယောက်တစ်လက်ပေါ့။

လင်းသန့်က စက်ရုပ်မလေးကို ကဒ်ဖြုတ်ခဲ့၏။ လျှို့ဝှက်
ိုးရိုးလှေကားက ဆင်းလာကြ၏။

“ငါးလွှာနဲ့ ခြောက်လွှာ ဟိုဘက်ခန်းကျယ်ဆိုရင် နင်တို့
တ်သန်းလို့ မလွယ်ဘူး။ ငါ့အလုပ်က သရဲမယုံတဲ့ နိုင်ငံခြားသား
တွေကို ယုံတဲ့အထိ ခြောက်လှန့်ရမှာလေ။ ကလေးကစားကွင်း
ာ သရဲခြောက်သလို ခြောက်လို့ ဘယ်ဖြစ်မှာလဲ။ ဒါကြောင့် ပိုပို
ာသာတွေ လုပ်ရတာ”

“အေးပါ.. တို့တွေ အောက်ထပ်ရောက်ရင် ပြီးရော”

လျှို့ဝှက်လှေကားအတိုင်း ဆင်းလာကြ၏။ ငါးလွှာ
ည်း မှောင်အတိကျနေ၏။ ခြောက်ယောက်အင်အားမို့ တော်တန်ရုံ



www.burmeseclassic.com

www.burmeseclassic.com



မကြောက်။ ပိုင်ရှင် လင်းသန့် ကိုယ်တိုင်ပါနေတာကြောင့် ပို့အားရှိ
နေကြ၏။ လေးလွှာမြောက်ရောက်သောအခါမှ –

နံရံတွေက လျှို့ဝှက်ထွက်ပေါက် ဖြစ်နေ၏။

"လင်းသန့် လင်းသန့်"

"ဘာလဲ နှင်းဆီ"

"မီးတွေ ပြန်လာနေပြီ။ ဟိုမှာ အလင်းမီးတွေ ထွန်းညှိ
ထားတယ်။ အောက်ထပ်က လုံခြုံရေးတွေနဲ့ ဆက်သွယ်ကြည့်လိုက်
ဦးလေ"

"ဟုတ်သားပဲ"

လင်းသန့် ဖုန်းဆက်ခေါ်ကြည့်၏။ သူတို့ချင်း တီးတိုး
ပြောပြီးတာနှင့် ဖုန်းပြန်ပိတ်လိုက်၏။

လင်းသန့် မျက်စိမျက်နှာပျက်နေတာကို နှင်းဆီက ကြ
တင် သတိထားမိသွား၏။

"လင်း . . ဘာတဲ့လဲ"

"အိုကေပါတယ်။ ဆက်ဆင်းကြမယ်၊ မြန်မြန်လေ
နော်၊ ရိုးရိုးလှေကားနဲ့ပေါ့"

ကာရာအိုကေခန်း၊ မာဆတ်အနှိပ်ခန်းတွေက ငါးလွှာ
မှာ အခန်းအကန့်တွေနှင့် ဖွင့်ထားကြ၏။

လင်းသန့်က ဓာတ်လှေကားပေါက်ကို မသွား၊ ရိုးရိုး
စည့်သည်တက်ဆင်းရာ လှေကားပေါက်ကို သွားနေ၏။

"လင်း . . မင်းရဲ့ သီးသန့်ဓာတ်လှေကားကို သုံးလေ
မီးလာနေပြီ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ . . ရိုးရိုးလှေကားက ဆင်းတာ အကောင်းဆုံးပဲ၊ (၄)လွှာအထိ ဆင်းတဲ့ ဓာတ်လှေကားတောင် မသုံးတာကောင်းတယ်"

"ဟင်! . . ဘာဖြစ်လို့လဲ"

"နင့်စကားက မထိတ်သာ မလန့်သာ ရှိလိုက်တာ ဟယ်"

"စက်တွေ ကြောင်ကုန်ပြီနဲ့တူတယ်။ ထိန်းချုပ်ထားတဲ့ ကွန်ပျူတာ စနစ်တွေကလည်း ဗိုင်းရပ်(စ်)ဝင်ပြီး ပေါက်ကရ ဖြစ်ကုန်ရော"

"ဟာ! . . အခု အဲ့လိုဖြစ်နေပြီလား"

"ဖြစ်နေတယ်။ မီးစက်ပျက်နေပြီး နှိုးလို့မရဘူးလို့ ညစောင့်က ပြန်ပြောတယ်"

"အို . . ဒီမှာ မီးတွေလင်းနေတာပဲ၊ မီးပြန်လာနေတာ မဟုတ်ဘူးလား"

"လျှပ်စစ်ဆက်သွယ်ရေးက အထိုင်ချထားတဲ့ ထရန်စဖော်မာ လောင်သွားတယ်လို့ ပြောတယ်။ လျှပ်စစ်မီးလည်းမရ၊ မီးစက်လည်း ပျက်နေတယ်"

"ဒါ . . ဒါဆို ဒီမီးတွေက ဘာလို့လင်းနေတာလဲ"

"သဘာဝမကျတဲ့ မီးတွေပေါ့"

"ဘယ်လို သဘာဝမကျတာလဲ"

"နင်တို့ မကြောက်နဲ့နော်"

"အေးပါ ပြောစမ်းပါဟယ်"

"အဲ့ဒါ သရဲမီး သရဲတွေဖန်တီးထားတဲ့ မီးပဲဖြစ်မယ်"

"မြတ်စွာဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"နင်. . နင်မွေးထားတဲ့ သရဲတွေမဟုတ်လား"

"ဒီကောင်တွေက ဒီလောက် ပါဝါမကြီးဘူး။ နိုင်းတာ လုပ်၊ ကျွေးတာစား၊ သူတို့ လုပ်နိုင်သလောက်ထက် ပိုနိုင်းလို့ မရဘူး"

ထိုစဉ်မှာပင်. .

"ဝှစ်"

"ဘုတ်"

"အထဲက လှမ်းပစ်တယ်"

အခန်းအကန့်တွေက အမိုးမရှိ။ အဲဒီထဲက လှမ်းပစ်လိုက်သောအရာကို ကြည့်လိုက်ကြ၏။

"အောင်မလေး! . ."

"အား! . ."

"ခြေထောက်ကြီး သွေးသံရဲရဲနဲ့"

"မကြောက်ကြနဲ့။ ပေါင်မုန့်ကို ခြေထောက်ပုံစံ မိုလောင်းပြီး ပြာနှမ်းနှမ်းအရောင် တင်ဖုတ်ထားတာ၊ ခြေထောက်သွေးသံရဲနေတာ။ အုန်းနီဆံနဲ့ အနီရောင်ကရင်မ်တွေ သုတ်လိမ်းထားတာ၊ တကယ့် ခြေပြတ် မဟုတ်ပါဘူး"

"အခန်းထဲက ဘယ်သူ လှမ်းပစ်လိုက်တာလဲ၊ တစ်ယောက်ယောက် ရှိမှာပေါ့"

"မရှိလောက်ဘူး"

"အဓိပ္ပာယ် မရှိတာ၊ ဟော. . ပစ်ပြန်ပြီ"

ဒီတစ်ခါ လှမ်းပစ်တာ လက်ပြတ်ကြီးပစ်တဲ့အခန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဒေယံက သေချာမှတ်မိ၏။ လှစ်ခနဲပြေးသွားပြီး အခန်းတံခါးကို ဆတ်ခနဲ ဆွဲဖွင့်ပစ်လိုက်၏။

အခန်းထဲမှာ စားပွဲထိုင်ခုံတန်းတွေသာ တွေ့ရ၏။ ကောင်တာနှင့် စားဖိုဆောင်တွေကို လှမ်းကြည့်ဖို့ စစ်နဲ့လင်းကို ခေါ်လိုက်၏။ မိန်းကလေး သုံးယောက်ပါ အတူလိုက်ပြီး ပစ်တဲ့ တရားခံကို ရှာကြ၏။ ဘယ်မှာမှ မတွေ့။

"မင်းရဲ့ ဝန်ထမ်းတွေထဲက ဖြစ်လိမ့်မယ်"

"ငါ့ရဲ့ ဝန်ထမ်းတွေက ပြန်ကုန်ပြီ . . ငါပါရင် ဒီလို မခန့် လေးစား မလုပ်ရဲဘူး"

"ဒါဆို ဘယ်သူ့လက်ချက်လဲ . .၊ မင်းမွေးထားတဲ့ ကောင် တွေရဲ့ လက်ချက်ပေါ့ ဟုတ်လား"

"ဒီကောင်တွေ ငါ့အမိန့်မရဘဲ ဒီလိုမျိုးမလုပ်ရဲဘူး"

"ဒီကောင်တွေပဲ ဖွဲဖောက်ပြီး လုပ်တာဖြစ်မှာပေါ့"

လင်းသန့် တွေခနဲဖြစ်သွား၏။ အခန်းပြင်ဘက်သို့ ခဏ ထွက်ရပ်ပြီး မျက်လုံးစုံမှိတ်ကာ တတွတ်တွတ် ရွတ်ဆိုနေ၏။ နား နှင့်လည်း စိုက်ထောင်နေ၏။ ကျန်တဲ့လူတွေ အသာစောင့်ကြည့် နေကြ၏။

လင်းသန့် မျက်လုံး ပြန်ပွင့်လာ၏။ ဒေယံက. .

"အခြေအနေ ဘယ်လိုလဲ၊ သူတို့လက်ချက် မဟုတ်လား"

"အဲ့ဒါတွေ အသာထား အောက်ထပ်ကို ပြန်ဆင်းကြမယ်၊ မြန်မြန်"

"ဘာတွေဖြစ်နေတာလဲ။ ဘာလို့ ငါတို့ကို အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မပြောရတာလဲ''

"မင်းတို့ သိပ်ကြောက်ကုန်မှာစိုးလို့"

"ဘာ! . . အခု ဘာဖြစ်နေလို့လဲ၊ ပေါက်တဲ့နဖူး မထူးတော့ဘူး။ မကြောက်ဘူး၊ ရှင်းရှင်းသာပြော"

"ဟုတ်တယ် လင်း၊ ဘာမှန်းမသိဘဲနဲ့ ငါတို့က အရူးတွေကျနေတာပဲ၊ နင် ရှင်းရှင်းသာပြော"

"တကယ့် သရဲမကြီး ခြောက်နေတာ၊ ငါတို့ပြောတာ သူ့အကုန်ကြားနေတယ်"

လင်းသန့်ပြောရင်း ကြက်သီးမွေးညှင်းတွေ ထောင်ထကုန်၏။ မိန်းကလေးတွေက ယုံကြ၏။ ဇေယံနဲ့စစ်က မယုံကြ။

"လာလုပ်မနေနဲ့၊ မင်းက လှည့်ကွက်သုံးပြီး ငါတို့ကို ထပ်ခြောက်ဦးမလို့လား။ ဒါမျိုးတွေ ရိုး ဟိုးဟိုးနေပြီ"

"မင်းတို့ မယုံလည်းနေကြ၊ ဒီသရဲမကြီးကတော့ ငါမွေးထားတဲ့ ကောင်တွေလည်း ကြောက်ရတဲ့ ကမ္ဘာ့ဖိဒ္ဒိအစွမ်းကြီးတယ်။ ပြီးတော့ သူက စုံတွဲတွေဆို အရမ်းမုန်းတယ်။ အခွင့်သာတာနဲ့ အဲဒီစုံတွဲတွေ ဘုန်းကံနိမ့်တာနဲ့ လက်စတုံးပစ်တတ်တယ်တဲ့"

"ဟင်! . . အသေသတ်ပစ်တာကို ပြောတာလား"

"ဟုတ်တယ်၊ ဒီအဆောက်အဦကို ငါ့အရင် ငှားရမ်းခဲ့တဲ့လူက K.T.V ဖွင့်ခဲ့တယ်။ နိုက်ကလပ်လည်း ပါတယ်၊ အပေါ်ထပ်မှာ အိပ်ခန်းတွေ၊ ဖိမ်ခံခန်းတွေ ဖွင့်ခဲ့တာ . . နောက်တော့ လူသတ်မှုဖြစ်လို့ ပိတ်လိုက်ရတယ်။ စုံတွဲငါးတွဲလောက် တစ်ညထဲ အသတ်ခံရတာ၊ ငှားတဲ့လူတွေရော ဝိတ်တာသုံးလေးယောက်နဲ့ မန်နေဂျာပါ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကျသွားတာ"

"အမလေး! . . ကြောက်ဖို့ကောင်းလိုက်တာနော်"

"ဒါဆို တို့ဒီထဲက မြန်မြန်ထွက်ကြမယ်"

"အဲဒီအကြောင်းတွေ သိရဲ့သားနဲ့ . . မင်းက ဘာလို့ ဒီအဆောက်အအုံကြီးကို ငှားလုပ်ရတာလဲ"

"ငါလည်း ငှားလုပ်ပြီးမှ သိရတာ။ သတိဝီရိယထားပြီး အောက်ပြန်ဆင်းကြမယ်။ ဓာတ်လှေကားနဲ့ မဆင်းတာက ဓာတ်လှေကားထဲမှာ စုံတွဲတစ်တွဲ သေဖူးတယ်။ ပိတ်မိနေမှာစိုးလို့။ ဓာတ်လှေကားက ကျဉ်းတယ်၊ အကုန်ပိတ်မိနေရင် အဲဒီသရဲမကြီး လုပ်ချင်တာလုပ်ခွင့် ရသွားမှာစိုးလို့"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

**လေး** လွှာဆင်းသည့် ရိုးရိုးလှေကားပေါက်က နံရံတစ်ဘက်မှာ ခေါက်လှေကား ဖြစ်နေ၏။ လှေကားကိုဖြန့်ချပြီး ခတ်မီးနှင့် ရှေ့ဆုံးက လင်းသန့်ဆင်းသွား၏။

"ဖြန်း! . ."

"အား! . ."

"လင်းသန့် ဘာဖြစ်တာလဲ"

"အား. .ကျွတ်. . ကျွတ်. . ဆင်း. . ဆင်းခဲ့ကြ"

အောက်ကို ကမန်းကတန်း ပြေးဆင်းလာကြ၏။ ခတ်မီးနှင့် ထိုးကြည့်ရာ. .

"ဟာ! . . မင်းပါးတစ်ဖက် ယောင်ကိုင်းနေပါလား"

"အေးကွာ . . ရိပ်ခနဲ၊ လှစ်ခနဲပဲ တွေ့လိုက်ရတယ်။ ငါ့ပါးကို ရိုက်ချသွားတယ်။ တောက်! . . သောက်သရဲမကြီး"

လင်းသန့်ကို ဖေးကူကြရ၏။ မိန်းကလေးတွေက အဆောင်းတိုးကပ်ထား၏။ နှင်းဆီက လက်ကိုင်ပုဝါဖြင့် အာငွေ့မှုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com


လင်းသန့်ကို ကြပ်ထုတ်ထိုးပေးနေ၏။

"လေးလွှာရောက်ပြီ။ ငလင်း ဘေးကို . . ဘေးကို"

ရောမကားချပ်ကြီး ပြိုလဲကျလာ၏။ လှေကားနောက်ထဲ အားလုံး တိုးကပ်ပြီး ဘုရားတ,နေလိုက်ရ၏။

"ဝုန်း! . ."

"သွားပါပြီကွာ . . သောက်သရဲမကြီး သောင်းကျန်းနေပြီ။ အဲဒီ ကားချပ်ကြီးတန်ဖိုး မနည်းဘူးကွ"

"အသက်မသေ၊ မထိခိုက်တာဘဲ ကံကောင်းတယ်"

"ကံကောင်းပေမယ့် ဘုန်းကံနိမ့်နေကျလို့၊ ဒီလောက် မြူးပြူးပြဲပြဲကြီး အခြောက်ခံနေရတာပေါ့"

"ဆက်သွားကြမယ်။ ဒီထဲကထွက်ပြီးမှ ဒီသရဲမကြီးကို နှိမ်နင်းဖို့ ဆက်လုပ်ရမယ်"

"မင်းတို့ ယုံပြီမဟုတ်လား ဇေယံ"

"အဲဒါတွေ ပြောမနေနဲ့၊ ငလင်း . . ဟိုးမှာ ထွက်ပေါက်"

ခြောက်ယောက်သား ထိတ်ထိတ်လန့်လန့်နှင့် လှေကားပေါက်ရှိရာကို လျှောက်သွားကြ၏။

"ရှိ"

"ဟာ . . ခုတ်ပြီဟာ"

"ရှပ်"

"ငါ့လည်း ခုတ်တယ်။ အား! . . သွေးတောင် ထွက်တယ်။ ချုပ်ထိ ခုတ်တာ အသားပါထိတယ်။ အီး . . ဟီး . . ဟီး အမေ့ရေ ကယ်ပါဦး"


www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်သွား . . အပေါက်ကို"

"ဝွိ"

"အ"

"ရှိ"

"အီး"

"လေင်း မင်း ခြောက်လှန့်ခဲ့တဲ့အတိုင်းပဲ၊ ငါ့ကျောကို ကြည့် . . ဓားသွားထိတာ ပူခနဲ မျက်ခနဲပဲ"

အခြောက်ခံသည့် အခန်းတံခါးကို ဆွဲဖွင့်ကြ၏။ တံခါးက ကြပ်နေ၏။ စစ်က ဘုရားစာရွတ်ပြီး ဆောင့်ဆွဲဖွင့်မှ ပွင့်သွား၏။ အထဲကို အလျှင်အမြန်ဝင်ပြီး တံခါးပြန်ပိတ်လိုက်ရ၏။

တစ်ဖက်အပေါက်ကိုဖွင့်ပြီး အောက်ဆင်းဖို့ စစ် တွန့်နေ၏။

"သွားလေ . ."

"လူနီမှင်စာ"

"မရှိတော့ပါဘူး။ သူ့တာဝန်ချိန်ပြီးလို့ ပြန်သွားပါပြီ"

လူနီမှင်စာရှိရာ ရောက်တော့ ဘာမှမတွေ့ရ၍ အတန်ငယ် စိတ်ပေါ့သွား၏။ အရိုးစုတွေ ပုံထား၏။ ခြောက်ယောက်သား ဖြတ်သွားစဉ် အရိုးဂေါက်ဂတ်က ထရပ်လာ၏။ ခြေထောက်ရိုး တစ်ချောင်း . . ကျောရိုး နံရိုးတွေသာ ရှိ၏။ ထရပ်လာသော အရိုးက သူ့ဘာသာလက်နဲ့ ခြေထောက်တွေ တပ်ဆင်နေ၏။ ခေါင်းရိုးပါ တပ်လိုက်သေး၏။

"လေင်း . . ဒါ . . ဒါ စက်နဲ့လုပ်ထားတာလား"

"မပါဘူး၊ ဒါ . . သ . . သရဲခြောက်တာ"





www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

"အီး ဟီး ဟီး ဟီး"

"အရိုးခြောက်ကြီး ထရပ်လာပြီ "

"မြန်မြန်သွား"

ဇေယံက တွေ့ရာအရိုးနှင့် အရိုးခြောက်ကြီးကို ကောက်ပေါက်၏။ အရိုးခြောက်ကြီးက ပစ်လိုက်သော လက်ဖျံရိုးကို ဖမ်းပြီး ပြန်ပစ်၏။

"ဒေါက် . . ဂလောက် ဂလောက်"

အရှောင်ကောင်း၍ နံရံကိုသာ ထိမှန်သွား၏။ ရေတံခွန်ကျနေရာက ပြေးကြပြီး ရေထဲကို တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းလိုက်၏။

နောက်ဆုံးကျန်နေသော ဇေယံရဲ့အင်္ကျီလည်ကုပ်ကို အရိုးခြောက်ကြီးက ဖမ်းဆွဲထား၏။ ဇေယံလှည့်ရိုက်၊ လှည့်ထိုး၏။ လက်တွေသာ နာကျင်သွား၏။ အရိုးခြောက်ကြီးက ပြုတ်ထွက်သွား။ ဇေယံရဲ့လည်ပင်းကို ဖမ်းညှစ်ဖို့ လုပ်၏။ ဇေယံက အရိုးလက်တံကို ဖမ်းလိမ်ပြီး အရိုးခေါင်းကို တံတောင်နှင့် ပင့်ရိုက်လိုက်၏။

"ဖျောက်"

လည်ပင်းရိုးကျိုးပြီး ခေါင်းပြုတ်ထွက်သွား၏။ ဇေယံနဲ့ ခုန်တိုက်လိုက်ရာ အရိုးစုကြီးပုံလဲကာ တစ်စစီဖြစ်ကုန်၏။ ဇေယံ ရေထဲကို ဒိုင်ဗင်ထိုးဆင်းလိုက်၏။

ရေထဲကနေ အပေါ်ရောက်အောင် ကုန်းအတက်မှာ-



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! . . ဟင်! . ."

"ဇေယံ မင်းကျောကုန်းမှာ"

"ဘာလဲ"

"အရိုးစုလက်ကြီး"

"လုပ်ပါဦးဟ ဆွဲဖယ်ပါဦး"

လင်းသန့်နဲ့ စစ်တို့က ဆုပ်မိထားသော အရိုးစုလက်ပြတ်ကြီးကို ဆောင့်ဆွဲလိုက်ရာ အင်္ကျီစပြဲဆုတ်ပြီး ပါသွား၏။ အရိုးစုလက်ချောင်းတွေ လှုပ်ပြီး မိရာကို လိုက်ဆွဲနေ၏။ လက်ရိုးစုကြီးကို ရေတံခွန်ဘက်ထဲ လွှင့်ပစ်လိုက်၏။

"နှင်းဆီနဲ့ ရတီ . . ကားကို ရေပေါ် ဆွဲတင်မနေနဲ့၊ ကားပေါ် မတက်နဲ့တော့ ဒီအတိုင်းသွားကြမယ်"

"ဘာဖြစ်လို့လဲ"

"အခန်းထဲမှာ အေးစက်နေပြီ။ သရဲမကြီးစက်ကွင်းထဲ ရောက်နေပြီ. . သူရှိနေပြီ။ လျှပ်စစ်ကို သူတို့က ထိန်းချုပ်ပြုစားနိုင်တယ်။ ကားမောင်းလို့ ရတော့မှာ မဟုတ်ဘူး။ ကားပြင်နေရင် ကြာသွားမယ်။ သူ့စက်မှာ အသက်ပါသွားမယ်။ ဒီအတိုင်း လွတ်အောင် ပြေးကြ၊ မြန်မြန် . . စက္ကန့်နဲ့အမျှ အရေးကြီးတယ်"

"နင်တို့ ဘုရားစာ ရသလောက်ရွတ်ကြ။ ငါတို့ ဘုန်းကံနိမ့်နေလို့ ဒီလောက် လိုက်ဒုက္ခပေး၊ ခြောက်လှန့်နိုင်တာ . . အကြောက်မလွန်စေနဲ့။ အကြောက်လွန်တဲ့လူကို လိပ်ပြာနှုတ်သွားနိုင်တယ်"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# မတောင်းဝန်နဲ့ ဖြောင်းဆန်အောင် ခြောက်မယ်

**ခြောက်** ယောက်သား လင်းသန့် ဦးဆောင်ပြေးရာ လိုက်ကုန်ကြ၏။ ဘွားခန် မြင်လိုက်ရတာက မျက်နှာပြောင်ချောနှင့် ရေတကောင်းပုံ သရဲကြီး။ မိန်းကလေးတွေ ငယ်သံပါအောင် လန့်အော်ကုန်ကြ၏။

ချောက်ချောက်ချားချား အသံတွေတိတ်နေ၍ အော်သံတွေမှာ ပိုပြီး ကျယ်လောင်၏။ တိုက်သံနှင့်လုံးနေ၍ ဟိန်းထွက်နေသည်။

"အဲ့ဒါ မင်းမွေးထားတဲ့ အကောင်ပလောင်တွေ မဟုတ်လား"

"ဟုတ်တယ်. . မှန်ပေါင်းချောင် အခန်းကျယ်ကြီးထဲမှာ နေတာ၊ သူတို့ ဘာမှမလုပ်နိုင်ဘူး"

ဖြုန်းခနဲ ကြက်သီးမွေးတွေ ထောင်ထပြီး ခေါင်းနပမ်းကြီး ထွက်သွားသူက စစ်။

"ဟာ. . ဟို. . ဟိုမှာ. . ဆံပင်ဖားလျားကြီးနဲ့ ကားကားကြီး ရပ်နေတယ်။ ငါတို့ သွားမယ့်လမ်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ နောက်ကိုဆုတ်ရာက ရေတကောင်းကြီး နောက်မှာရှိ၍ အလယ်ကို အတင်းတိုးကပ်ကုန်၏။

အရောင်စုံတွေ မဖြာ။ မှောင်ပိန်းပိန်းမှာ လင်းပျပျလေး၊ သရဲမကြီးက လမ်းပိတ်ရပ်နေ၏။ လက်ကြီးတွေက လက်သည်းရှည်ကြီးတွေနှင့် ကားကားကြီး ထွက်နေ၏။

"ဘယ်သူလဲ၊ ဘာလို့ ငါတို့ကို လိုက်ဒုက္ခပေးနေရတာလဲ"

"ဟီး ဟီး ဟီး ဟီး ဟင်း ဟင်း ဟင်း ဟင်း နင်. . တို့ . . သေ . . ရ . . မယ် . . ငါ့ . . လက် . . က . . မ . . လွတ်. . စေ . . ရ . . ဘူး ဟီး ဟီး ဟီး ဟီး"

သရဲမရဲ့အသံကို ဒီတစ်ခါပဲ ကြားဖူး၏။ လှိုဏ်သံပေါက်ကြီး၊ လေးလေးတွဲတွဲကြီး၊ ရယ်သံကြီးကြားရတာနှင့် ကျောရိုးထဲစိမ့်သွားမိနေ၏။ မိန်းကလေးတွေဆို ဆတ်ဆတ်ကို တုန်နေကြပြီ။ ဖေယံနဲ့စစ်က နောက်ကိုကာပြီး စောင့်ကြည့်နေရ၏။ လင်းသန့်က ရှေ့မှကာပြီး သရဲမကြီးနှင့် ရင်ဆိုင်နေရ၏။

"ခင်ဗျားနဲ့ ကျုပ်တို့က . . ဘာရန်ငြိုးရန်စမှလည်း မရှိဘူး။ ဒီနေရာမှာ ခင်ဗျား နေပိုင်ခွင့်လည်း မရှိဘူး။ ခင်ဗျားရှေ့က ဖယ်ပါ။ ဒီထဲက ထွက်သွားပါ။ ခင်ဗျားကို ကောင်းကောင်း မွန်မွန်နဲ့ နှင်နေတာနော်"

"ဒါ . . ငါ့ . . နေ . . ရာ . . နင် . . သေ . . စမ်း"

လျှပ်တပြက် လှုပ်ရှားလိုက်တာ မြန်လွန်း၏။ ခြောက်ယောက်လုံး မှိုင်းမိပြီး အိပ်မက်ထဲမှာလိုလို ဇဝေဇဝါဖြစ်သွား၏။ လက်တံကြီး ရှည်ထွက်လာကာ လင်းသန့်ရဲ့လည်ပင်းကို ခြေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်လို ရစ်ပတ် ညှစ်တွယ်ပစ်လိုက်၏။

"အား. . အ. . အစ်"

အေးစက်တင်းမာသော လက်ကြီးကို လင်းသန့် ရိုက်ပုတ်ချလည်း မရ။ မိန်းကလေးတွေ ငယ်သံပါအောင် အော်ပြီး နောက်ဆုတ်ကုန်၏။

စစ်က သူ့လည်ပင်းမှာ ဆွဲထားသော လော့ကတ်သီးလေးကို ထောက်ခနဲ ဖွင့်လိုက်ပြီး ဆွဲသီးထဲက ဘုရားပုံတော်ကို သရဲမလက်မှာ ကပ်လိုက်ပြီး ဘုရားစာ ရွတ်ဆိုလိုက်၏။

စစ်က နေ့စဉ် သရဏဂုံသုံးပါးကို အကြိမ်ကြိမ် ဆောက်တည်၏။ သီလလည်း လုံ၏။ ဝစီကံကိုလည်း ထိန်းသိမ်း၏။ စစ်ရဲ့ အာဏာစက်က ထက်မြက်၏။

ရှူးရှူးဝါးဝါး၊ ကမ္ဘာပျက်မတတ် အော်သံကြီးနှင့်အတူ လက်ကြီးရော၊ သရဲမပါ ပျောက်ထွက်သွား၏။

"အဟု. . အဟွတ်. . ဟွတ်. . ဟွတ်"

လည်ပင်းညှစ်ခံရတာ လွတ်သွား၍ လင်းသန့် ချောင်းဟွတ်ဟွတ်ဆိုးပြီး မျက်လုံးပြူး၊ မျက်ဆံပြူးဖြစ်သွား၏။ ပန်းနှင်းဆီက ဘုရားစာ လိုက်ရွတ်ပြီး လင်းသန့်ရဲ့လည်ပင်းကို လက်ဖဝါးနှင့် ပွတ်သပ်ချပေးမှသာ လင်းသန့်လည်း နေရထိုင်ရ သက်သာသွား၏။

ဖေယံလည်း ရေတကောင်းကြီးကို လက်ညှိုးထိုးပြီး ဘုရားစာရွတ်၏။ ရတီက လက်အုပ်ချီပြီး သူမရဲ့ သက်စောင့်ဂါထာဖြစ်သော သမ္ဗုဒ္ဓေဂါထာကို ရွတ်ဖတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အူး . . အူး"

အော်သံဆိုးကြီးနှင့် ရေတကောင်းကြီးလည်း လွင့်ထွက်ပျောက်ကွယ်သွား၏။ အရေးကြုံလျှင် ဘုရား၊ တရားကိုသာ ယုံယုံကြည်ကြည် ရွတ်ဖတ် ကိုးကွယ်ပါ။ မကောင်းဆိုးဝါးတွေ တကယ် လန့်ပြေးပါသည်။

ထမင်းလုံးတစ္ဆေ ခြောက်တာ၊ အိပ်မက်ထဲမှာ သရဲတစ္ဆေတွေ ဝိုင်းခြောက်လှန့်တာခံရလျှင် အိပ်မက်ထဲမှာ ဘုရား၊ တရားဂါထာတွေ ရွတ်လိုက်တာနှင့် လွတ်မြောက် ချမ်းသာရာရကြတာ လူတိုင်းကြုံဖူးကြမှာပါ။

"သရဲမကြီး မရှိတော့ဘူး။ အောက်ထပ်ရောက်အောင် ဆက်ဆင်းကြမယ်။ မင်းအိုကေရဲ့လား . . လင်းသန့်"

"အေး. . သရဲမကြီးက ဒါ သူ့နေရာတဲ့၊ ငါလည်း စဉ်းစားလို့ မရဘူး"

"အကြောင်းရင်းခံတော့ ရှိမှာပေါ့ကွာ"

ခြောက်ယောက်သား လာခဲ့ရာ ထွက်ပေါက်က လိုက်ကာခန်းဆီးကြီးကိုမပြီး အောက်ထပ်ကို ဆင်းလာလိုက်ကြ၏။

မီးသင်္ဂြိုဟ်စက် အပေါက်ဝကနေ ပြန်ထွက်လိုက်သည်နှင့် ထပ်ကြုံရသည်က . .

"အောင်မလေးဗျ"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# မတောင်းပန်နဲ့ ပြောင်းဆန်အောင် ခြောက်မယ်



**သရဲ** တစ္ဆေတွေ ခေါင်းထဲကထွက်ပြီး အပြင်မှာ သွားလာလှုပ်ရှား မွှထနေ၏။

"ငလင်း . . မင်းကောင်တွေ စက်နဲ့လုပ်ထားတာလား။ မွေးထားပြီး အရုပ်တွေမှာ ဝင်ပူးလှုပ်ရှားခိုင်းတဲ့ ကောင်တွေလား"

လင်းသန့်က ဖုန်းဆက်ကြည့်၏။ ကွန်ပျူတာ ထိန်းချုပ်ခန်း ပိတ်နေပြီ။ ဖုန်းက ပြင်ပကအကူအညီကို ခေါ်၍မရ။ ခြောက်ထပ် အတွင်းမှာတော့ ရနေ၏။ လုံခြုံရေးအစောင့်တွေကို ထပ်ခေါ်ဆိုကြည့်၏။ ဖုန်း လိုင်းတွေ မကောင်း၊ ဂျီးဂျီးဂျဲဂျဲတွေ ပလုံစီ ပွက်လောရိုက်နေတာ တွေသာ ကြားရ၏။

"စက်နဲ့ရော၊ မွေးထားတာနဲ့ရော၊ ရောသမမွှေထားတာ။ စက်နဲ့ မဖြစ်နိုင်တော့ဘူး။ မွေးထားတဲ့ကောင်တွေလည်း သရဲမကြီးကို ကြောက်ပြီး ပြေးကုန်လောက်ပြီ။ ဒါ . . သရဲမကြီးရဲ့ အစွယ်အပွားတွေ ဖြစ်လိမ့်မယ်။ သတိထား မကြောက်စိတ်မွေး၊ တင်းထား . . တောင့်ထား"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံနက်ခြုံထားတဲ့ အကောင်ကြီးက လှည့်ပတ်သွားလာနေရင်းက လက်ဆန့်တန်းပြီး လင်းသန့်တို့ကို လမ်းညွှန်ပြလိုက်၏။ သရဲအကောင် ပလောင်တွေအားလုံး လင်းသန့်တို့ရှိရာ ဦးတည်လာကုန်ကြလေပြီ။

"အီး . . ဟီး . . ဟီး . . လာကုန်ပြီ"

"ဘယ်ကို ပြေးရမှာလဲလို့"

"ဒီတစ်ခါတော့ သွားပြီနဲ့တူပါတယ်"

အသံဆိုး၊ အသံနက်၊ အသံဩပေါင်းစုံနှင့် သရဲတွေ ခေါင်းဖုံးတွေကို တွန်းဖယ်ပြီး လာကုန်ကြ၏။

"ဝတ်ရုံနက်ခြုံထားတာက ဘာလဲ ငလင်း"

"မင်းတို့ကို ခြောက်လှန့်တုန်းက အဝေးကမြင်ရတုန်းက လူဝင်နေတာ။ မင်းတို့အနားရောက်လာမှ ဝတ်ရုံထဲက ထွက်ပြီး ဝတ်ရုံထဲလူရှိတဲ့ ပုံမျိုးပေါ်အောင် လုပ်ထားတာ။ အဲဒီဝန်ထမ်းလည်း ပြန်ပြီလေ၊ ဟိုသရဲမကြီးရဲ့ အစွယ်အပွားတွေ ဖြစ်လိမ့်မယ်"

"ငါတို့မှာ အားကိုးအားထားရာ ရတနာသုံးပါး ရှိတယ်။ သရဏဂုံ သုံးပါးသာ မပြတ်ရွတ်နေကြ၊ ဘယ်လောက် ကံနိမ့်နိမ့် ရွတ်နေတဲ့လူကို သူတို့ထိတွေ့လို့တောင် မရဘူး"

စစ်က အော်ပြောလိုက်၏။ အကုန်လုံး ဘုရားစာကိုယ်စီ ရွတ်ပြီး အခေါင်းဝက်ဘာလမ်းထဲက ဖြတ်သန်းရ၏။

အနားကို တိုးလာလိုက်၊ နောက်ကို ပြန်လွင့်သွားလိုက်၊ နောက်တစ်ကောင်က အစွယ်ကြီးတွေ ဖြဲပြီး ကပ်လာလိုက်၊ နောက်ပြန်လွင့်သွားလိုက်။ လျှာနီကြီးတွေ ပလစ်ပလစ်နဲ့ လှမ်းရှပ်ဖို့ နီးလာ



www.burmeseclassic.com

www.burmeseclassic.com


လိုက်၊ ဝေးရာလွင့်သွားလိုက်နှင့်။ မိန်းကလေးတွေက မျက်လုံး စုံမှိတ်ပြီး လက်တွဲခေါ်ရာ လိုက်နေကြ၏။ လင်းသန့်က ရှေ့ဆုံး မှာ။ နောက်ဆုံးက ဇေယံ။ ဘေးက စစ်,လိုက်လာ၏။

ဝတ်ရုံနက်ကြီးက ချွန်းကောက်လှံကြီးနှင့် ဝေ့ဝဲရောက်ရှိ လာပြီး ရှေ့ဆုံးက လင်းသန့်ကို ဖြတ်ပိုင်းချလိုက်၏။

"ဗုဒ္ဓေါ"

လင်းသန့် လန့်အော်လိုက်၏။

လှံကောက်သွားက လင်းသန့် ခန္ဓာကိုယ်ကို အရိပ်လှိုင်း လိုသာ ဖြတ်သွား၏။ လင်းသန့် ဘာမှ ဖြစ်မသွား။ ဝတ်ရုံနက်ကြီး ကို စစ်က ဘုရားပုံတော်ပြလိုက်၏။ ဝတ်ရုံနက်ကြီးထဲက အငွေ့တွေ ထွက်ပြီး ဝတ်ရုံကြီးသက်သက်သာ အောက်ကို အပုံလိုက် ပြုတ်ကျ သွားတော့၏။

အပေါက်ဝကို ရောက်ပြီ။ လိုက်ကာခန်းစည်းစကို လင်းသန့် မလိုက်သည်နှင့် လိုက်ကာကြီးက လင်းသန့်ကို လုံးထွေးရစ်ပတ် တော့၏။

"အ . . အူး . . ဟူး . ."

"လုပ်ပါဦး . . ကိုလင်း . . ကိုလင်း အဝတ်ကြီးထဲမှာ"

နှင်းဆီက အော်ဟစ် အကူအညီတောင်း၏။ စစ်က လိုက် ကာစမှာ ဘုရားပုံတော် ကပ်ပေးလိုက်သောအခါ အသက်ဝင်နေ သလိုဖြစ်သော လိုက်ကာစတွေ ငြိမ်ကျသွား၏။ အထဲက လင်းသန့် လည်း ဝူးဝူးဝါးဝါး အော်ရာက နှင်းဆီဆွဲထုတ်သွား၍ တစ်ဘက် လှေကားပေါ် ရောက်သွား၏။ မွန်းကြပ်သွား၍ လင်းသန့် အသက်


www.burmeseclassic.com

www.burmeseclassic.com



ကို ဝဝရှုနေရ၏။ ဒုတိယလှောမှာ သချိုင်းမြေကို ဖြတ်ရပြန်ပြီ။
ဇရပ်ဆောင်ကြီးထဲက ထွက်လိုက်သည်နှင့် . . မကောင်းဆိုးဝါး
အော်သံ၊ ခွေးအူသံတွေ ဆူညံပွက်လောရိုက်ကုန်၏။

"မင်းတို့ ဒီမှာ ခဏနေခဲ့ကြဦး။ ငါတို့ ဆက်ဆင်းလို့ မဖြစ်
ဘူး။ သရဲမကြီးက သူ့ရဲ့စက်တန်ခိုးတွေနဲ့ ခြောက်လှန့်မှုမျိုးစုံ
ကို အသက်ဝင်အောင်လုပ်ပြီး ငါတို့ကို ဝိညာဉ်နှုတ်ချင်နေတာ။
မင်းတို့ ဘုရားစာသာ ရွတ်ဖတ် သရဏဂုံယူနေကြ"

ပြောပြီး လင်းသန့် အုတ်ဂူတွေ၊ မြေပုံတွေကြားကနေ ရိပ်ခနဲ
ရိပ်ခနဲ ပြေးသွားပြီး အုတ်ဂူတစ်ခုရဲ့ တံခါးပေါက်ထဲဝင်သွား၏။
တအောင့်အကြာမှာ ပြန်ထွက်လာ၏။

"ငါ့နောက်လိုက်ခဲ့ကြ"

သချိုင်းထဲမှာ လှုပ်လှုပ်ရွရွတွေ ဖြစ်ကုန်ကြပြီ။ အရိပ်မဲမဲ
ကြီးက ရောမ လင်းနို့ကြွက်ကြီးပမာ ဟိုပျံ့ဝဲ၊ ဒီပျံ့ဝဲနှင့် အကောင်ကို
မမြင်ရ။ အရိပ် ဖြတ်သွားတာသာ မြင်နေရ၏။ လင်းသန့်နောက်
ကို အမြန်ပြေးလိုက်ကြ၏။

အုတ်ဂူက တံခါးပေါက်နှင့် . .

"လာ . . ဂူထဲဝင်"

"ဟာကွာ . . အဲ့ဒါ လူသေမှလေ"

"ဒါ လှျို့ဝှက်လမ်းကွ . . ခြောက်လှန့်တဲ့အခါ ဒီက ဝင်
ခြောက်ပြီး ဒီထဲဝင် ကိုယ်ယောင်ဖျောက်ရအောင် လှျို့ဝှက်လုပ်
ထားတာ။ ကဲ . . ငါ အရင်ဝင်မယ် လိုက်ခဲ့ကြ"

လင်းသန့်က လေးဘက်ကုန်းပြီး ဝင်သွား၏။ နောက်က



www.burmeseclassic.com

www.burmeseclassic.com



သည်း တန်းစီပြီး လေးဘက်ကုန်း လိုက်လာကြ၏။ နှစ်ကွေ့ခန့်ကို နှစ်မိနစ်ခန့် လျှောက်ပြီးသောအခါ အခန်းတစ်ခုထဲ ရောက်လာပြီး ထရပ်လာနိုင်၏။

"ဟာ! . . ခေါင်း . . ခေါင်းလှေကား"

"အေး . . ဒီလှေကားကို ပြန်သုံးလို့ ရနေတယ်။ ဒီလှေကား နဲ့ပဲ အောက်ကို တန်းဆင်းသွားမယ်"

သူတို့ လေးဘက်ကုန်းဝင်ခဲ့သော လေဝင်လေထွက် ပြွန် ပိုက်ကြီးမှာ သွပ်ပြားတွေနှင့် လုပ်ထားး၍ နောက်က ဝုန်းဒိုင်းကြဲပြီး လိုက်လာသံတွေ ကြားလိုက်ရ၏။

"မြန်မြန် . . အားလုံး ခေါင်းလှေကားထဲ မြန်မြန်ဝင်ကြ"

လန့်ဖျန့်ပြီး ခေါင်းလှေကားထဲ ဝင်လိုက်ကြ၏။ ခေါင်းလှေ ကား တံခါးမပိတ်ခင် ပြွန်ပေါက်ဝဆီထွက်လာသော လက်ကြီးတစ် ဖက်က မီးလောင်ဖုတွေလို အထစ်ထစ်တွေနှင့် လက်သည်းကြီးတွေ က သင်းခွေချပ် လက်သည်းကြီးတွေပမာ။

"အမေ့ . . အု"

ယမင်း လန့်အော်ရင်း သူမပါးစပ်ကို သူမဘာသာ အချိန်မီ ပိတ်လိုက်မိ၏။ ခေါင်းလှေကားအောက် ဆင်းရာက ငြိမ့်ခနဲဖြစ်ပြီး ရပ်တန့်သွား၏။ ခေါင်းလှေကားတံခါး လျှောခနဲ ပွင့်သွားသောအခါ မြင်လိုက်ရသည့် အရာကြောင့် အားလုံးလန့်ကုန်ပြီး ပြိုင်တူလိုလို အော်ဟစ်လိုက်သံကြီး ပွင့်ထွက်သွားတော့၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (5)

## အစွဲချွတ်ပေးမယ့် မကျွတ်သူ

ဦး ကြီးထောက်ပြီး ကားကားကြီး ရပ်နေ၏။ ဆံပင်တွေ
...ချပ်ထား၏။ စုတ်ပြဲနေသော အနက်ရောင်ဝတ်စုံကို ဝတ်ထား၏။
...တွေနှင့် စေးကပ်နေသော အသားအရေက ပုတ်သင်ညို အကြေး
...တွေကဲ့သို့ပင်။

တည့်တည့်ကြီး ရပ်ကြည့်သော်လည်း မျက်နှာနေရာမှာ
...ကတ်စေ့ဖြစ်ပြီး ဆံပင်စုတ်ဖွားဖားလျားကြီး ကျနေ၏။ လင်းသန့်
... ဘာလုပ်ရမယ်မှန်း မသိ။ နောက်ကို ကျောဖိကပ်ပြီး ပြူးလန့်
...ငေး နောက်လှည့်ထားသော ခေါင်းကြီးက ရှေ့သို့လှည့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

မျက်လုံးတစ်ဖက်က မျက်ထောင့်နီ၊ မျက်လုံးတစ်လုံး
မျက်တွင်း ဟောက်ပက် . . သွေးရဲရဲနီစွေးလို့ နှာတံနေရာ
အမွေးနက်တွေဖုံးပြီး ပါးစပ်ရဲရဲကြီးက အစွယ် လက်လေးသစ်
ကြီး ပြူးထွက်ကာ . . တစ်ပေခန့်ရှည်သော လျှာနီကြီးက တစ်လ
ဖြစ်လိုက်၊ ဖြန့်ထုတ်လိုက်၊ ခေါက်သွင်းလိုက်နှင့် မမြင်အပ်သော
ပြိတ္တာ မူလရုပ်ကြီးကို ဘွင်းဘွင်းကြီး ပြသထား၏။

"မျက်လုံးမှိတ်ထား မကြောက်နဲ့ ဘုရားစာရွတ်"

ခတ်လှေကားတံခါးက ပြန်ပိတ်မလို ဖြစ်နေစဉ် ဧယံ
ဖမ်းဆွဲထားလိုက်၏။ စစ်က ဘုရားစာရွတ်ပြီး ဘုရားပုံတော်
အမြတ်တနိုး ပင့်ဆောင်သကဲ့သို့ ရှေ့ကထွက်သွား၏။

ကျန်တဲ့လူတွေလည်း ကြောက်ဖောကြီးပြီး လက်အုပ်
မျက်လုံးမှိတ်ကာ ဘုရားစာ ရွတ်ဖတ်လိုက်ကြ၏။ သံပြိုင်လို ဖြ
သွား၏။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိ"

ဒုတိယမ္ပိ . .။

တတိယမ္ပိ . .။

သရဏဂုံတင်ပြီးသည်နှင့် မျက်လုံး ဖွင့်ကြည့်လိုက်ကြ
သရဲမကြီး မရှိတော့။ အောက်ထပ် ဧည့်လက်ခံခန်းထဲမှာ လုံခြုံ
အစောင့်တွေလည်း မရှိ။ လင်းသန့်ကိုယ်တိုင် အဆောက်အဦ
အရင် ပြေးထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အစောင့်တွေလည်း သရဲခြောက်လိုက်လို့ ပြေးကုန်ပြီနဲ့ ...တယ်။ ငါတစ်ယောက်ထဲလည်း မနေရဲဘူး။ ဘုရား၊ တရား ...ည်ညိုလို့ ငါတို့ ဘုန်းနိမ့်ပေမယ့်လည်း ကံမဆိုးကြဘဲ လွတ် ...ကြတာ"

ခြောက်ယောက်သား နောက်ကို လှည့်ကြည့်၊ လှည့်ကြည့် ...င် ဂိတ်ပေါက်ရောက်လာ၏။ သူတို့ ဂိတ်ပေါက်ရောက်သည်နှင့် ...ထပ် တစ်တိုက်လုံး မီးတွေပြတ်ပြီး မှောင်အတိကျသွားတော့၏။

"မလွယ်ဘူး . . အဲဒီသရဲမကို နိုင်အောင်တိုက်နိုင်မယ့် ...ထက်ဆရာတစ်ယောက်တော့ ရှာရမယ်၊ တတ်ယောင်ကားလောက် ...နဲ့ မဖြစ်ဘူး"

"သံဃာတော် အရှင်သူမြတ်တွေ ပင့်ဖိတ်ပြီး ဆွမ်းကပ် ...ါ . .၊ အန္တရာယ်ကင်း ဆွမ်းကျွေးလေ။ ပရိတ်လေးရွတ်၊ ကမ္မဝါ ...ေးဖတ်လိုက်ရင် အဲဒီသရဲမ အနားတောင် မကပ်ရဲတော့ဘူး"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ရွတ်ဖတ်သရဇ္ဈာယ်တုန်း ခဏ ...ကြာရင် ပြန်ကပ်မှာပဲ။ ငါ့သဘောကတော့ တစ်ခါထဲနဲ့ အပြတ် ...င်းသုတ်ပစ်လိုက်ချင်တယ်"

ပန်းနှင်းဆီက –

"ခဏလေး . . အိမ်က မေမေနဲ့ အန်တီလေးတို့ ကိုးကွယ် ...ဲ့ အထက်ဂိုဏ်းဆရာကြီးတစ်ဦး ရှိတယ်။ အဲ့ဒီဆရာကြီးက အဖိုး ...အခ မယူဘူး။ သူ့ကို အတင်းပေးရင်လည်း လှူပစ်တယ်။ ဘိုးကြေး ...ည်တဲ့ . .၊ သူက ပယောဂတွေ အောက်လမ်းနဲ့ လုပ်ခံရတာ၊ တိုက် ...တာတွေဆို ပျောက်ကင်းအောင် ကုပေး၊ ရှင်းလင်းပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကြေးစည်လေးထု ထုပြီး ကုတာ၊ ကြိမ်လုံးလည်း မကိုင်ဘူး

"ပယောဂဝင်နေတဲ့လူဆိုရင် သူ့ကြေးစည်သံ နားမခံနိုင်ဘူးတဲ့။ ခိုက်တဲ့အိမ်တွေ၊ တိုက်တာတွေကို သူရောက်လာပြီး ကြေးစည်တီးရင် အဲဒီအိမ်၊ တိုက်ကြီးတွေမှာ မခိုကပ်နိုင်ဘူး"

"သူ့ ကြေးစည်သံကို အသံဖမ်းပြီး လွှင့်ပေးရင် ကိုလင်း ခြောက်ထပ်တိုက်ထဲက သရဲမကြီး ဘယ်လာနေရဲတော့မှာလဲ အဲဒီအခွေလေး အိမ်မှာ သိမ်းထားတယ်"

"ဟုတ်လား. . လိုက်ယူမယ်လေ"

"ည (၈)နာရီတောင် ထိုးနေပြီ။ ဒီကိစ္စလူကြီးတွေ အသိပေးလို့ မရဘူး။ အိမ်ပြန်ချိန်နောက်ကျတာတောင် လံကြုတ်ပြေးပြီး အိမ်ထဲပြန်ဝင်ရမှာကွ"

"ဟုတ်တယ်ဟ . . တို့ပြန်တော့မယ်"

"ဒီကောင်က သူ့ယောက္ခမလောင်းအိမ်ကို လိုက်တောင်းမှာပဲ . . တောင်းပါစေ"

ဖေယံက ဝင်နှောက်လိုက်၏။ ပန်းနှင်းဆီက . .

"ငါ့အဖေက ဒေါသကြီးတယ်ဟ"

"ငါ မလိုက်ပါဘူး။ မနက်ကျမှ ယူလာခဲ့ . . မနက်ဖြန် ကျောင်းပိတ်တာပဲ။ မင်းတို့လည်း ငါစမ်းကြည့်တာကို လာလေ့လာကြပေါ့။ ဒီညတော့ ဟိုတယ်မှာပဲ ငါ သွားနှပ်လိုက်မယ်။ မင်းတို့ ကားငှားပြီး ပြန်ကြပေတော့"

"ကိုလင်း"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ပြီး ဘီယာတွေ သောက်မနေနဲ့ဦးနော်"

"အေးပါ"

"မရခင်က ပညတ်တော်တွေ ချနေတာ"

"စကီလေးက အချစ်တွေ၊ စိုးရိမ်မှုတွေ ပြနေပြီ"

ဖေယံနဲ့ စစ်တို့က စကြ၏။

လင်းသန့်က သူတို့ပြောစကားတွေကို တစ်ချက်ပြုံးလိုက်ပြီး တွေးဆစွာဖြင့် ပြောလိုက်သည်။

"မင်းတို့ဇောတွေနဲ့ မေ့နေတာ . .၊ ခုတ်မိသွားတဲ့ ဓားရှပ်ထိတဲ့ ဒဏ်ရာနဲ့ အကျီအပြဲတွေကို ဘယ်လိုလုပ်မလဲ"

"ငါ့ဦးလေး ဆေးခန်းမှာ ဝင်ပြလိုက်မယ်"

ဖေယံက ပြောလိုက်ခြင်းပင်။ စစ်က–

"ငါ့အဒေါ်ရဲ့ အကျီ၊ လုံချည်ဆိုင်မှာ အသစ် ဝင်ဝယ်ပေးလိုက်မယ်။ အဲဒါတွေပါ မင်းလိုက်မပူပါနဲ့ကွာ။ ဒဏ်ရာတွေက ဖြဲမကြည့်ရင် အနာမဖြစ်ဘူး။ အသားက သူ့ဆဲလ်နဲ့သူ ပြန်ဆက်သွားလိမ့်မယ်"

"ကျေးဇူးပဲကွာ. . ငါ့အတွက်ကြောင့် ရလာတဲ့ ဒုက္ခတွေကို အပြုံးမပျက်၊ သည်းခံဖြေသိမ့်ပေးကြတာ"

အားလုံး လက်ပြနှုတ်ဆက်ပြီး လမ်းခွဲကုန်ကြ၏။ မှောင်အတိကျနေသော ခြောက်ထပ်တိုက်ကြီးကို လှည့်ကြည့်မိတော့ ကြက်သီးတွေ ဖိန်းခနဲ၊ ရှိန်းခနဲ ထသွား၏။

နောက်နေ့ကျမှ တွေ့ကြသေးတာပေါ့ သရဲမရှယ် . . လူ့ကို သရဲက နိုင်တယ်ဆိုတာ ထုံးစံမရှိဘူး။ လူကသာ သရဲကို နိုင်ရိုး



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံပဲရှိတယ်။ ဒါတောင် လူတွေက သရဲဆိုတာနဲ့ ကြံဖန်ကြောက်နေကြတယ်။

လင်းသန့် အဲဒီအတွေး တွေးမိနေဆဲမှာ နောက်စိတ်တစ်ခုက အတွေးဝင်လာပြန်၏။

(((( မကြောက်ရင် မင်းတစ်ယောက်ထဲ ခြောက်ထပ်တိုက်ပေါ်က ကိုယ့်အိပ်ခန်းမှာ ကိုယ်ပြန်အိပ်ကြည့်ပါလား))))

တွန့်ခနဲဖြစ်သွား၏။ လင်းသန့် ခေါင်းတခါခါ ဖြစ်သွားတော့၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



နွား ရိုင်းသွင်းချိန် ပြင်မထွက်နဲ့
ဖုတ်သဘက်တွေ လိုက်တတ်တယ်။
ဖုတ်သဘက်တွေ ကြောက်တဲ့ဆေးကို
ဘုန်းကြီးပေးလို့ ရှိပါတယ်။
သူငယ်ချင်းရယ် ဘဘက်ဆေးကို
ကျွဲရုပ်ကလေးနဲ့ လဲပါကွယ်။
ဗုဒ္ဓံ ဓမ္မံ သံဃံ ရွတ်ကွယ့်
သရဲလွှတ်လို့ ပြေးလိမ့်မယ်။
ရွတ်ကွယ် ရွတ်ကွယ်။

"တွေ့လား ဖတ်ပြီးပြီလား . . သရဲပြေးတဲ့ဂါထာတွေ လိုက်ရှာတာ မတွေ့လို့ သရဲပြေးတဲ့ကဗျာတော့ ငါရအောင် ယူလာတယ်။ ကဗျာဆရာကြီး မင်းသုဝဏ်ရေးတာလေ"

ဖေယံက ကဗျာကိုပေးဖတ်ရင်း ပြောလာ၏။

ကိုစစ်က. .

"သရဲပြေးတဲ့ ဂါထာတွေ၊ မန္တန်တွေ ရှိပါတယ်။ သချာ



www.burmeseclassic.com

www.burmeseclassic.com



ရှာရင် တွေ့ပါတယ်။ အဲဒါက ရွတ်တဲ့နေရာမှာ ဌာန် ကရိုဏ်းကျဖို့ လိုသေးတယ်။ ပြီးတော့ ရွတ်သူရဲ့ လျှာစက်၊ အာဏာစက်လည်း လိုတယ်”

“မင်းလို အဆဲအဆို ပါလိုက်၊ ရိုင်းပျတဲ့ စကား၊ ညစ်ညမ်းတာတွေ ပြောလိုက်နဲ့ဆိုရင် မင်းရွတ်လို့မစွမ်းဘူး။ သရဲ မပြေးတဲ့ အပြင် မင်းဘေးမှာလာပြီး ကလိတောင် ထိုးနေဦးမယ်”

“မင်း ငါ့ကို ဖဲ့လှချည်လား ငစ် . . ငါက ဘော်ဒါအကန့်နဲ့ ကူညီနိုင်သလောက် ကူညီနေတာကွ”

“မလိုဘူး၊ ကြေးစည်သံ ခတ်ပြားရပြီ။ ခြောက်ထပ်တိုက်ကြီး ရှေ့လည်းရောက်ပြီ။ အထဲဝင်ကြမယ်”

“အစောင့်တွေလည်း မမြင်ဘူးနော်”

နှင်းဆီက ပြောလာခြင်းပင်။ လင်းသန့်က–

“ပြေးကုန်ပြီ . . ဒီသရဲမကို နှိမ်နင်းပြီးမှပဲ ပြန်ခေါ်တော့မယ်”

“ကြုံဖူးပါဘူးကွာ . . မြို့လယ်ခေါင်ကြီးမှာ သရဲခြောက်ရတယ်လို့”

“မြို့လယ်ခေါင်တင် မဟုတ်ဘူး . . အမေရိကန်သမ္မတ အိမ်ဖြူတော်မှာတောင် သရဲခြောက်တယ်။ သရဲဆိုတာ ပြိတ္တာ၊ သူ မသေခင် မှီတွယ်ရာ စွဲလန်းရာမှာ သွားဖြစ်တတ်တာပဲကွ။ တချို့ မြို့လယ်က တိုက်ခန်းတွေ၊ အိမ်တွေဆို ပိတ်ကိုထားရတာ . . သရဲ ခြောက်လွန်းလို့ မနေရဲကြဘူး”

“ကဲပါကွာ . . သရဲဋီကာ ဖွင့်မနေကြနဲ့၊ သွားကြစို့”



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ယောက်သား အောက်ထပ် ညှော့လက်ခံဆောင်ထဲ ရောက်လာ၏။ လုံခြုံရေးအခန်းက အရေးပေါ် အချက်ပေးကြေငြာသည့် စက်ရှေ့မှာ ကြေးစည်သံခွေလေး ထည့်လိုက်၏။ ဦးကြေးစည်ရဲ့ ဘုရားရှိခိုးသံ၊ ပရိတ်ရွတ်သံ၊ ပဌာန်းရွတ်သံတွေ ပေါ်လာ၏။ ပြီးနောက် မေတ္တာပို့ အမျှဝေနေ၏။

ခြောက်ယောက်သား လုံခြုံရေးအခန်းထဲက အခန်းတိုင်းကို လိုက်တပ်ထားသည့် လုံခြုံရေး T.V စက္ကရင်ရှေ့ ရောက်နေ၏။ လှုပ်ရှားတာ၊ ထူးခြားတာမတွေ့ရ။ စောင့်ကြည့်နေကြ၏။

အမျှဝေပြီးသည်နှင့် ကြေးစည်သံပေါ်လာ၏။

"ဟ . . ဟာ"

"ဟယ်! . ."

"ဟင်! . ."

အခန်း အပေါ်ဆုံးထပ်မှာ အရိပ်တွေ ပြောင်းဆန်ကုန်၏။

"သွားပြီ . . ငါမွေးထားတဲ့ကောင်တွေပါ အကုန်လစ်ရပြီ"

ငါးလွှာမှာလည်း အရိပ်မျိုးစုံ၊ ဟိုတိုး ဒီဖွေ့နှင့် ကမ္ဘာပျက်သလိုမျိုးတွေ ဖြစ်ကုန်၏။

"လေးလွှာမှာ . . ကြည့်စမ်း"

ခေါင်းတလားအဖုံးကြီး လွင့်မြောက်တက်သွား၏။ အထဲမှ ထွက်လာတာက . .

"သ . . သရဲ . . သရဲမကြီး"

"ဟုတ်တယ် . . အံမယ် သူကလည်း နေ့ဘက်ဆို ရှင်တွေလို အနားယူရသေးတယ် . . သောက်သရဲမစုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေယံက ပိတ်ပြောလိုက်၏။ မိန်းကလေးတွေက ပူးကပ်ကြည့်ရင်း..

"ဆင်းလာပြီ .. ဒီအထိဆင်းလာရင် ဘယ်လိုလုပ်မလဲ"

"နှောင် .. ဝေဝေဝေ .. နှောင် ဝေဝေဝေ"

"သရဲမခေါင်းကြီး ကြေးစည်ထုလိုက်တာနဲ့ ချာလပတ် ရမ်းထွက်သွားတာပဲ။ ဟာ! .. သူ .. မခံနိုင်တော့ဘူး၊ ပျောက်သွားပြီ"

"ဘယ်ကို လစ်ပြေးတာလဲ .. တစ်ယောက်တစ်ခန်း လိုက်ကြည့်ကြစမ်း"

"သုံးလွှာမှာ ရိပ်ခနဲပဲ"

"အမလေး .. နှစ်လွှာကို ရောက်လာပြီ။ ဘုရား .. ဘုရား ရှိုးခနဲ ရိပ်ခနဲပဲ မြင်လိုက်ရတာ"

"မြတ်စွာဘုရား ကယ်တော်မူပါ။ အောက်ဆုံးလွှာ မြေညီထပ်ကို ရောက်လာပြီ။ ဟဲ့ .. ဟဲ့ .. ဟော .. ရိပ်ခနဲပဲ .. အဲ့တော် .. တိုင်လုံးကြီးနောက်ကွယ်မှာ ပျောက်သွားပြီ"

"ဓာတ်လှေကားကို လှမ်းကြည့်စမ်း .. နံပါတ်တွေ မီးလင်းလာသလားလို့"

"သရဲက ဓာတ်လှေကားနဲ့ ဆင်းမလား .. သူ့အစွမ်းနဲ့ သူဆင်းလာနိုင်တာပေါ့"

"ဝင်ပေါက်ကို ဖွင့်ထားတယ် မဟုတ်လား .. လိုက်ကာချထားတာလေ"

"အေး"

"ဟင်! .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! . . ဟယ်! . ."

"စက္ကူရင်ထဲမှာ ပုံရိပ်တွေ ပျောက်ကုန်ပြီ။ ဖြုတ်ထ . . ထ . . ဟာ . . မီးလိုင်း ပျက်သွားပြန်ပြီ"

"ထရန်စဖော်မာလည်း မီးလောင်တာ မဟုတ်ဘူး။ ဒီသရဲမ သူ့စက်ကြိုးနဲ့ ချုပ်ထိန်းထားတာ"

စစ်က ပြောလိုက်ခြင်းပင်။ ဖေယံက–

"အဲ့ဒါဆို လျှပ်စစ်မှန်သမျှ သူလိုက်ဖျက်နေရင် မကောင်းဆိုးဝါးတွေက ဖျက်ဆီးလို့ရရင် တစ်နိုင်ငံလုံး မီးပျက်နေမှာပေါ့"

"သူလုပ်ခွင့်ရတဲ့ အတိုင်းအတာထဲမှာပေါ့ဟ . . သူ အပိုင်စားရတဲ့ နေရာမှာပေါ့။ ဘီလူးတွေတောင် သူ့အပိုင်နဲ့သူပဲ နေရတာ နယ်ကျော်လို့ မရဘူး"

အောက်ထပ် ဝင်ထွက်ပေါက်ကြီးကို ဘယ်လိုလုပ်မလဲ။ ကြေးစည်သံ တိတ်သွားပြီ။

"ဟင်း . . ဟင်း . . ဟင်း . . အင်း . . အင်း . . အင်း. ."

လိုက်ကာကြီးနောက်က ညည်းတွားသံကို အတိုင်းသားကြားလိုက်ရ၏။ အထဲက ပစ္စည်းတွေ အပြင်ကို လွင့်ပစ်တာဖြစ်လာ၏။ ပုဏ္ဏားက တိုက်နေသလိုပင်။

"နင် . . နင် . . တို့ . . ငါ . . ငါ . . ကို . . သတ် . . လို့ . . မ . . ရ . . ဘူး . . နင် . . တို့ . . ငါ . . ကို . . နှင် . . လို့ . . မ . . ရ . . ဘူး"

သရဲသံကြီးနှင့် ပြောလိုက်၊ ညည်းတွားသံကြီး ပေးလိုက်နှင့် လုပ်နေပြန်၏။ အားလုံး . . အခန်းထဲမှာ အားကိုးရာမဲ့သလို ထင်သွားပြီး ပုဝပ်ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနည်းလမ်း မဟန်ဘူး . . ပြန်ထွက်ရအောင်ဟော့"

"ဘယ်လိုထွက်မလဲ . . ဒီအခန်းထဲက အပြင်ထွက်တာနဲ့ လိုက်ကာခန်းထဲက လက်ကြီးရှည်ထွက်လာပြီး ဖမ်းစားပစ်လိုက်မှာပေါ့ဟ"

"ငစစ် . . မင်း မခြောက်နဲ့လေ၊ မိန်းကလေးတွေက ပိုဆိုးကုန်မှာပေါ့"

"လင်းသန့် ဘာ . . ဘာလုပ်ကြမလဲ"

လင်းသန့် ခေါင်းတဗျင်းဗျင်း ကုတ်နေ၏။ ရတီက. .

"စစ် . . နင့်မှာ ဘုရားပုံပါတယ်လေ . . တို့အားလုံး ဘုရားစာရွတ်ပြီး တန်းစီထွက်ကြမယ်"

"အရေးအကြောင်းဆို မိန်းမတွေက ဖြတ်ထိုးဉာဏ်ကောင်းတယ်၊ ဟုတ်တယ် . . အဲလို ပြန်ထွက်ကြမယ်"

အားလုံး ရှေ့နောက်တန်းစီ လက်တွဲပြီး စစ်က ဘုရားပုံကို ဦးခေါင်းပေါ်တင်ကာ ရှေ့ဆုံးက ထွက်ရ၏။ နောက်က ဇေယံ၊ ရတီ၊ ယမင်း၊ ပန်းနှင်းဆီ၊ နောက်ဆုံးက လင်းသန့်ထွက်ရ၏။

တော်တန်ရုံလူဆို သွေးလန့် သေသွားနိုင်၏။ အခန်းထဲမှာ ဖြောင်းသတ်နေပြီ။ ဝုန်းဒိုင်းကြဲနေပြီ။

ဘုရား၊ တရား၊ သံဃာ တ,ပြီး အပြင်ဘက်ကို ပြန်ထွက်လာနိုင်၏။ ဝင်းကျယ်ထဲက အမြန်ထွက်ဖို့ ကားရပ်နားသည့်နေရာက ဇေယံနဲ့ စစ်တို့ရဲ့ ကားပေါ်ကို အမြန်တက်ကြ၏။ ထိုစဉ်–

"ဟာ! . . ဝပ်. . ဝပ်"

"ကိုလင်း . . ရှောင် . . ရှောင်"



www.burmeseclassic.com

www.burmeseclassic.com



လင်းသန့်လည်း ကားပေါ်တက်ခါနီး ခေါင်းငုံ့ဝပ်ရှောင်လိုက်၏။

"ဗိုး! . ."

အရိုးတုတစ်ချောင်း။ ပလတ်စတစ် အမာထည်နှင့် ပုံသောင်းလုပ်ထားသော အရိုးတုတစ်ချောင်း။ ပစ်လိုက်တဲ့ အရှိန်က သေး။ ခေါင်းသာ ငုံ့မရှောင်နိုင်လိုက်လျှင် ဒိုင်းခနဲထိပြီး မျက်လုံးတွေထဲ မီးတွေပွင့်ကာ အနည်းဆုံး မေ့သွားမှာပင်။ မေ့ရာက သေသည်း သွားနိုင်လောက်၏။

ကားတွေကို အမြန် မောင်းထွက်လိုက်ရ၏။ နောက်ထပ် ပ်ပစ်လေမလားလို့ နှင်းဆီ မရဲတရဲ နောက်လှည့်ကြည့်လိုက်၏။

"အမလေး"

"နှင်းဆီ . . ဘာဖြစ်လို့လဲ၊ ဘာမြင်လို့လဲ"

"သရဲမမျက်နှာကြီး မျက်လုံးနီရဲတောက်ပြီး အောက်ထပ် င်ပေါက်အပြည့်ပဲ၊ ကိုလင်းခေါ်လိုက်လို့ ပြန်လှည့်ကြည့်လိုက် တော့ မ. . မရှိတော့ဘူး။ အီး . . ညအိပ်ရင်တောင် အဲဒီမျက်နှာကြီး မြင်ပြီး လန့်နေတော့မှာပဲ အီး"

"ရေ . . ရေသောက်လိုက် နှင်းဆီ"

လင်းသန့် ကိုယ်တိုင်လည်း လန့်ရုံတင်မဟုတ်။ ကြောက် င်း ကြီးစွာဖြင့် တုန်လှုပ်နေပါပြီ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (6)

## သိပ်မိုက်တဲ့ သရဲမ

ဘ ကြေးစည်ရှိရာ မှော်ဘီဘက်က မြို့စွန်ခြံလေးကို ရောက်လာကြ၏။ နေ့လယ် (၁)နာရီ ထိုးနေပြီ။ လမ်းက ဆိုင်မှာပင် …ခင်း ကမန်းကတန်းစားပြီး ဘကြေးစည်ခြံကို အရောက်မောင်း သွားကြရ၏။

ဘကြေးစည်က သုံးပင်နှစ်ခန်း ဝါးတဲလေးနှင့် နေထိုင်၏။ …ခိုး၊ ထနီကာတဲ သပ်သပ်ရပ်ရပ်လေးနှင့် ဘုရားစင်ကို ကြည်ညို …ည်ရာ ကပ်လျှ ပူဇော်ထား၏။ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းတွေ …င် မြိုင်လှိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစင်ပေါင်မှာ ထိုင်ဖုံလေး ခင်းထား၏။ စားပွဲလေး တစ်လုံး၊ အိပ်ရာလေး တစ်နေရာ။ ဧည့်သည်ထိုင်ဖို့ နေရာမှာသာ ဖယောင်းပုဆိုး ခင်းထား၏။

ဘကြေးစည်က ပန်းနှင်းဆီတို့အိမ်ကို မကြာခဏ ရောက်တတ်၍ ပန်းနှင်းဆီနှင့် ခင်မင်သိကျွမ်းနေ၏။ ရောက်တာနှင့် အဘက ရေနွေးကြမ်းနှင့်ထန်းလျက်ခဲကိုသာ တည့်ခင်း၏။

နှင်းဆီက မိတ်ဆက်စကားပြောပြီး မိဘတွေ သာကြောင်း မာကြောင်းမေးပြီးသည်နှင့် အကျိုးအကြောင်း ပြောပြလိုက်လေ၏။

ဘကြေးစည်က မျက်ခုံးတွေပင် ဖြူနေပြီ။ ဆံပင်တိုတိုနှင့် တိုက်ပုံဝတ်ထား၏။ ပုဆိုးအကွက်ကျဲ အညိုရောင်နှင့် ဆေးတံကြီးကို ခဲပြီး နားထောင်နေ၏။

"ဖြစ်ပျက်ခဲ့သမျှကတော့ အဲဒါပဲ . . အဘရယ်"

"အင်း . . တူမကြီးတို့ဟာက အစွဲကြီးကြီးနဲ့ သေခါနီးမှာ ကျိန်စာတိုက်တာ ဆုတောင်းတာတွေလုပ်ပြီး သေသွားတဲ့ သ ပြိတ္တာပဲကွဲ့။ ဒါမျိုးက ချွတ်ရ သိပ်ခက်တယ်။ သူ့ဆန္ဒက ဘာလဲ သူဖြစ်ချင်တာ ကိုယ့်ဘက်က တတ်နိုင်သလောက် လိုက်လျော လိုက်ရင် သူကျေနပ်သွားရင် မိုက်ဇာတ် ဆက်မခင်းတော့ဘူးပေါ့"

"ဟုတ်လိမ့်မယ် . . အဘ၊ ကျွန်တော့် စီးပွားရေးလုပ်င မှာ သူ ဝင်နှောင့်နေလို့ ကျွန်တော် ဒုက္ခ ရောက်ရတော့မယ်။ အဘ ကယ်တင်ပေးပါ။ ကျေးဇူးမမေ့ပါဘူး။ အဘကို သိန်းတစ်ရာ တော့ပါ့မယ်"

ဘကြေးစည်က လက်ကာတားပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"ငွေကြေးစကား မပြောပါနဲ့"

"ဟုတ်သားပဲ . . ကိုလင်းကလည်း နှင်းဆီ သေချာ ပြောထားရဲ့သားနဲ့"

"တောင်းပန်ပါတယ် . . အဘ ပြောမှား၊ ဆိုမှားမိတာ ခွင့်လွှတ်ပါ"

"အိမ်း . . ခွင့်လွှတ်ပါတယ် . . တူမောင်ကြီးကိစ္စ၊ အဘ ကူညီပေးနိုင်ပါတယ်။ မေတ္တာရပ်ခံ ဆွေးနွေးကြည့်ရတာပေါ့ကွယ်။ အဖြေထွက်လာမှာပါ"

"ကျွန်တော်ကတော့ အခုပဲ သွားတွေ့စေချင်တယ်"

"ဒီအချိန် မကောင်းသေးဘူး။ နွားရိုင်း သွင်းချိန်လောက်ဆို အတော်ပဲ။ အင်း . . မင်းတို့ သိပ်မိုက်တဲ့ သရဲမနဲ့ ရှင်းရမှာ"

"ဒါဆို အဘကို ငါးစောင့်ခေါ်မယ် . . ဖေယံ ကားထားခဲ့ဆေး။ စစ်ရဲ့ ကားနဲ့ အားလုံးပြန်ကြပေါ့"

"မင်းတစ်ယောက်ထဲ ဖြစ်ပါ့မလား"

"အဘ ရှိတာပဲကွာ"

လင်းသန့် ပြန်ပြောလိုက်သောအခါ နှင်းဆီက . .

"အရေးအကြောင်းကြုံရင် နှင်းဆီကို ဖုန်းဆက်ဖြစ်အောင်ဆက်ခေါ်ပါနော်"

"အင်း . . အင်းပါ နှင်းဆီလေးရယ်"

"အဘသိရင် အိမ်ကလည်း သိတော့မှာ၊ အိမ်ကို ဖွင့်ပြောလိုက်ရင် ကောင်းမလား"

"မပြောပါနဲ့ . . လူကြီးတွေကို စိတ်ဒုက္ခ မရောက်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ ကိုယ့်ကိစ္စ ကိုယ်ရှင်းမယ်''

"ကိုလင်းဆီကို အရေးအကြောင်းလာရတော့ လူကြီးတွေ အမြင်ရှင်းပြီး ကူညီသင့်တာ၊ လိုက်ကူညီပေးလာမှာပေါ့''

"ကိုလင်းတို့အကြောင်းကို လူကြီးတွေ သိကုန်ပြီလား''

"သိကုန်ပြီ . . ကိုလင်းက စီးပွားရေး လုပ်နေတယ်ဆိုတော့ ဖေဖေကတောင် ချီးကျူးလိုက်သေးတယ်။ ကိုလင်းနဲ့ သဘောမတူ စရာ မရှိပါဘူးလို့ မေမေက ပြောတာပဲ။ ကိုလင်း မိဘတွေ ဆုံးသွား ပေမယ့် လူကြီးလူကောင်းတွေ . . စီးပွားရေးသမားပေမယ့် သမာ သမတ်ရှိတဲ့ လူတွေဆိုတာ ဖေရော၊ မေရော သိကြတယ်လေ''

"တော်သေးတာပေါ့၊ ကျေးဇူးပဲ အချစ်ရယ်''

"ဟော့ကောင်တွေ . . ဘေးမှာ အဘရှိတယ်လေ''

အဘကတော့ ပြုံးနေ၏။ စစ်ရဲ့ကားနဲ့ အားလုံး ပြန်ကုန် ကြ၏။ ပြန်ခါနီး ကားနားမှာ . .

"ကိုလင်းအတွက်ဆို နှင်းဆီက အသက်ပေးပြီးတော့ တောင် ကူညီရဲသေးတယ်။ အရေးကြုံရင် ဖုန်းဆက်ဖို့ ဘယ်တော့မှ မမေ့ပါနဲ့''

လင်းသန့် ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်၏။ အားလုံး ပြန်သွားကြတော့ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွား၏။ ရှေ့ဆက် ရမည့် လုပ်ငန်းတွေ ရှိနေသေး၍ အဘတဲမှာ သွားထိုင်ပြီး ဘုရား ဝတ်ပြုဖြစ်၏။

အဘက ရုပ်နာမ်ဓမ္မ သင်္ခါရ တရားသဘောတွေကို ခြ စိတ်ဖြာပြီး ပြောပြနေ၏။ နာကြားပြီး နာရီဝက် တရားထိုင်၏။





www.burmeseclassic.com

www.burmeseclassic.com


နောက် အဘ တရားထိုင်နေစဉ် အပျင်းပြေစာအုပ်လေး ယူဖတ်ဖြစ်၏။ စာအုပ်ကြားထဲမှာ မိသားစု ဓာတ်ပုံလေးတစ်ပုံ သွားတွေ့၏။ အဖြူအမဲ ဓာတ်ပုံလေး။

အဘ ငါးဆယ်အရွယ်လောက်က ဖြစ်မည်။ အဘရဲ့ ဇနီးကလည်း လေးဆယ်လောက် ရှိမည်။ လင်မယားနှစ်ယောက် အလယ်မှာ သားတစ်ယောက်၊ သမီးတစ်ယောက်။ သားက ဆယ့်လေးနှစ်သားအရွယ်။ သမီးက ရှစ်နှစ်သမီးအရွယ်။

အဘ တရားထိုင်၍ ပြီးသွားပြီ။ မေတ္တာပို့ အမျှဝေပြီး ခေါင်းလောင်းသံလေးကို အချက်ပေါင်းများစွာ တီး၏။

((( နောင် ဝေဝေဝေ )))

အသံလေးက ပြန့်လွင့်နေတော့၏။ အဘနားပြီး ဆေးတံသောက်ချိန်မှာ ညနေ လေးနာရီခွဲနေပြီ။

"အဘ. . ဒါ အဘရဲ့ မိသားစုပုံလား"

"အိမ်း. . ဟုတ်တယ်"

"အဘ မိသားစုဝင်တွေကော"

"အဲဒီ ဓာတ်ပုံစုရိုက်ပြီး တစ်နှစ်လောက်အကြာမှာ အိမ်ထောင်ရေး ပြိုကွဲသွားတာပဲ။ အဘက အရင်တုန်းက အရာရှိကြီးတစ်ဦးပါ။ ဇနီးက သူဌေးသမီး။ သားကြီးနဲ့ သမီးငယ်နှစ်ယောက်မွေးတယ်။ ဇနီးက အဘထက် အသက်(၁၅)နှစ်လောက် ငယ်တယ်။ မာလာခင်လို့ ခေါ်တယ်"

"သားကြီးက ဂျင်မီစိုး၊ သမီးငယ်က အေမီစိုး၊ အဘနာမည်အရင်းက ကျော်ဒင်စိုး။ လင်မယားကွဲရတာကလည်း သား


www.burmeseclassic.com

www.burmeseclassic.com



ကို သူ့အမေက သိပ်အလိုလိုက်တယ်။ အဘက ဆုံးမတယ်။ သားကြီး သိပ်ဆိုးလွန်းလို့ အဘက ဘာမှ သူ့ပြဿနာ လိုက်မရှင်းပေးဘူး။ ရိုက်ဆုံးမတယ်။ အဲဒီမှာတင် သူ့အမေနဲ့ အကြီးအကျယ် စကားများပြီး အဘ အိမ်ပေါ်က ဆင်းခဲ့တာပဲ . . သမီးငယ်က လိမ္မာသလောက် သားကြီးက ဆိုးမိုက်တယ်"

"အဘ အိမ်ထောင်ကွဲသွားတော့ စိတ်ညစ်စိတ်လေလွင့်ပြီး လျှောက်သွားရာက ဘရသေ့နဲ့တွေ့တယ်။ ဘရသေ့က သူ့ဆီမှာ တပည့်ခံခိုင်းပြီး ဝိဇ္ဇာအတတ်တွေ သင်ပေးတယ်။ အဘမိန်းမကတော့ နောက်အိမ်ထောင် ထူသွားတယ်။ ကွဲပြီး (၁)နှစ်အကြာမှာပေါ့။ အဘလည်း လူ့ဘဝကြီးကို တော်တော် စိတ်ကုန်သွားတယ်"

ဘကြေးစည်က ဆေးတံကို မီးပြန်ညှိပြီး သုံးလေးချက်ရှိုက်ဖွာလိုက်၏။ ပြီးမှ –

"အဘလည်း ဝိဇ္ဇာကျင့်စဉ်လိုင်းမှာ ပျော်မွေ့သွားတယ်။ ဘရသေ့ရဲ့ ပညာကုန်ရတဲ့ လက်ရင်းတပည့်ကြီးဖြစ်ပြီး ဘရသေ့ အရှင်ထွက်တာကို ကူညီပေးခဲ့ရတယ်"

"အရှင်ထွက်တယ်ဆိုတာ ဘာလဲ၊ အဘ"

"ဝိဇ္ဇာတွေက သေတ္တာထဲဝင် . . အခန်း တံခါးပိတ်၊ တစ်ပတ်လောက်အထိ အဘက အခန်းရှေ့မှာ စောင့်ရတယ်။ တစ်ပတ်ပြည့်မှာ ဖွင့်ကြည့်တော့ ဘရသေ့ သေတ္တာထဲမှာ သော့ခတ်ထားတာကို မရှိတော့ဘူး။ ရုပ်ရော၊ နာမ်ရော အရှင်ထွက်သွားတာ . . ခုနှစ်ရက်သားသမီးတွေ ကယ်တင်ဖို့ အဘကို မှာသွားတယ်။ အဲဒီလိုနဲ့ အဘလည်း ဒီလိုဘဝနဲ့ ကျင်လည်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဘရဲ့ မိသားစုနဲ့ကော ပြန်ဆုံမိသေးလား"

"မဆုံဖြစ်တော့ပါဘူး၊ သတင်းတော့ ကြားမိပါတယ်။ အကြီးကောင်က ဆိုးပေနေဆဲပဲ။ သမီးငယ်က ပညာရေးထူးချွန်တော့ ပြည်ပမှာ အလုပ်ဝင်လုပ်တယ်။ သူတို့ရဲ့ ပထွေးဆိုးတော့ သူ့အမေလည်း သူ့သား သုံးဖြုန်းဆိုးသွမ်းတဲ့ဒဏ် မခံနိုင်တာနဲ့ ပြည်ပ သမီးဆီလိုက်နေတယ် ကြားရတာပဲ"

"အဘ သားကရော"

"သူ အမွေရတဲ့အိမ်မှာ ရှိမှာပေါ့။ ငွေအလွယ်ရတဲ့နည်း လိုက်ပြီး ဘိန်းကုန်သည်၊ လောင်းကစားဒိုင်တွေ လုပ်နေလေရဲ့။ သူ့ဘဝနဲ့သူ ရှိပါစေတော့။ ငယ်တုန်းကထဲက ဆုံးမ,မရတာ၊ ခုဆို ပိုဆိုးနေပြီပေါ့ကွာ"

"ဒါတွေ ထားပါတော့ . . အချိန်ကောင်း ရောက်တော့မယ်။ ကားမောင်းမှာနဲ့ဘာနဲ့ တို့တွေ သွားကြရအောင်"

"ဟုတ်ကဲ့ အဘ . . အဘ ဘာယူဦးမလဲ"

"ကြေးစည်နဲ့ တူဘုကလေးပါရင် ရပြီလေ"

လင်းသန့် အံ့အားတသင့်ဖြင့် ခေါင်းညိတ်ပြလိုက်မိလေသည်။

"ဒီခြောက်ထပ်တိုက်ကြီးပဲ အဘ"

"ဩော် . . အေး အေး"

တိုက်ထဲမှာ မီးမှောင်ကျနေပြန်ပြီ။ ဓာတ်မီးကို လုံခြုံရေးအခန်းထဲ ဝင်ယူလိုက်၏။

"ဘုရားစင် ဘယ်မှာရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

"အပေါ်ဆုံးထပ်မှာ အဘ"

"အဲဒီကို သွားကြမယ်"

"ဓာတ်လှေကားက မီးမလာတော့ မောင်းမရဘူး"

"ဟုတ်လား . . လာပါ၊ ဓာတ်လှေကားထဲ ဝင်ရအောင်"

ဘကြေးစည်နဲ့ ဓာတ်လှေကားရှေ့ ရပ်လိုက်တာနှင့် မီးတွေ ပြန် လင်းထိန်လာကုန်၏။

"ပျက်လည်း ခဏပေါ့ကွာ"

"အဘအစွမ်းနဲ့ . . မိစ္ဆာစက်ကို ပယ်ဖျက်လိုက်တာ ဖြစ်မယ်"

"ပြောတိုင်းလည်း မကောင်းဘူးကွ"

ဓာတ်လှေကားထဲ ဝင်လိုက်၏။ အပေါ်ထပ်ရောက်သည် အထိ နဘယံ ဘေးမရှိ။

ရုံးခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကွန်ပျူတာခန်းတွေ ခြေရာ လက်ရာ မပျက်၍ လင်းသန့် အနည်းငယ် ရင်အေးသွားရ၏။ ဘုရား ခန်းကို အထူးရှယ် ပြုပြင်ထား၏။ ဘုရားပန်းတွေ၊ သစ်သီးဆွမ်း တွေ လတ်လတ်ဆတ်ဆတ် ရှိသေး၏။

ဘကြေးစည်က ဘုရားခန်းထဲဝင်ပြီး ရှိသေလေးမြတ်စွာ ဖြင့် အမွှေးတိုင်ထွန်း၊ ဖယောင်းတိုင်ထွန်းပြီး ဘုရားဝတ်ပြု၏။ ပရိတ် ရွတ်ဖတ်၏။ ပဋ္ဌာန်း ရွတ်ဖတ်၏။ နောက် သမထကျင့်စဉ် ရှုမှတ်နေ၏။

လင်းသန့်က ကွန်ပျူတာထိန်းချုပ်ခန်းထဲမှာ လိုက်ရှာ ကြည့်နေ၏။ စက္ကရင်မှာ ဖြတ်တွေပဲ ပေါ်နေလေ၏။ အသံဖမ်း



www.burmeseclassic.com

www.burmeseclassic.com



နားကြပ်ကို တပ်ဖို့ပြင်တော့ ဖြောင်းဆန်အောင် သောင်းကျန်းသော အသံတွေကြောင့် နားကြပ်တပ်၍ မရ။

(((( နှောင် ဝေဝေဝေ ))))

(((( နှောင် ဝေဝေဝေ ))))

ဘကြေးစည် မေတ္တာပို့၊ အမျှဝေပြီးသွား၍ ကြေးစည်ထုလေပြီ။ အဲဒီအသံကို သေချာ ဖမ်းထားလိုက်၏။ ခြောက်ထပ်လုံးမှာ တပ်ထားသည့် စပီကာတွေထဲ ထည့်ဖွင့်မည်လုပ်သောအခါ ဘကြေးစည် အခန်းရှေ့ရောက်လာ၏။

"သူ့ကို နှင်ထုတ်လို့ မဖြစ်သေးဘူး၊ တွေ့ပြီး . . မေတ္တာနဲ့ မေးမြန်း ဆွေးနွေးချင်သေးတယ်။ အဘ အာရုံခံပြီးပြီ။ လူလေး ဒီအခန်းထဲက မထွက်နဲ့ . . အဘ စည်းတားပေးခဲ့မယ်"

"အဘ လေးထပ်မြောက်ကို ဆင်းသွားပြီး သူ့ကို သွားတွေ့လိုက်မယ်။ သူတို့က အမှောင်ကြိုက်တွေ၊ အလင်းထဲကို ဘုရားစင်ရှိတဲ့ ဒီအပေါ်ထပ်ကို သူမလာနိုင်ဘူး"

"ဟုတ် . . ဟုတ်ကဲ့ အဘ၊ တခြားဆရာတွေက သူတို့ဆီရောက်လာအောင် ခေါ်ကြတယ်နော်"

"ဘာလဲ . . အဘကသွားတွေ့လို့ တစ်မျိုးထင်နေတာလား၊ ဘဝင်ဆိုတာ မာနအနွယ်ဝင်ပဲ။ အဘက မေတ္တာသမားလေ။ ချွတ်လို့ ကျွတ်မယ့်သူရှိရာ ဘုရားရှင်၊ ရဟန္တာကြီးတွေတောင် ကြွသွားပြီး ချေချွတ်ပေးသေးတာ . . မေတ္တာပဲ မနိုင်းကောင်းပါဘူး။ လူလေး သဘောပေါက်ရဲ့လား"

"ပေါက် ပေါက်ပါပြီ အဘ"



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

ဘကြေးစည်က အခန်းထဲကို လက်ညှိုးနှင့် သုံးခါဝေ့ဝိုက်ပြီး ပါးစပ်က တတွတ်တွတ် ရွတ်ဆိုသွား၏။ ပြီးတော့ ထွက်သွား၏။ လေးလွှာကို အတွင်းထဲကဆင်းသော သီးသန့်ဓာတ်လှေကားနှင့် ဆင်းသွား၏။

တော်တန်ရုံ ဆရာတွေ ဒီလောက်မသိနိုင်။ ဒီလောက်ကြီးလည်း ဘာအဆောင်၊ လက်ဖွဲ့မှမပါဘဲ ပရလောကကြီးစိုးရာကို မသွားနိုင်ကြ။ ဘကြေးစည်ကတော့ မေတ္တာသမားပီပီ၊ အေးအေးလူလူလေးပင်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



**လင်း**သန့်ထံ ဖုန်းဝင်လာ၏။ သူငယ်ချင်းတွေ တစ်ယောက်ပြီး တစ်ယောက်ဆက်ကာ သတင်းမေးနေ၏။ လက်ရှိအခြေအနေကို အမှန် အတိုင်း ဖြေကြားပေးမိ၏။

ပန်းနှင်းဆီနဲ့ ပြောဖြစ်တော့ –

"ကိုလင်း နှင်းဆီကို မမေ့နဲ့နော်"

"စိတ်ချပါ . . မှာနေတာ အခါတစ်ရာလောက် ရှိနေပြီ။ ကိုယ်သိပါတယ်"

"စိတ်မချလို့၊ ကိုလင်းအတွက် စိတ်ပူလို့ . . အဲဒါ ဘာကြောင့်လဲသိလား"

"ပြောကြည့်လေ"

"ကိုလင်းကို သိပ်ချစ်လို့"

"ကမ္ဘာပေါ်မှာ အချိုမြိန်ဆုံးစကားကို ကြားဖူးသွားပြီ"

"သွား . . သူသိပ်ပို"

"မပိုပါဘူး နှင်းဆီလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သရဲမကို သတိထားနော်"

"စိတ်ချ"

"အခြေအနေထူးတာရှိလည်း ဖုန်းဆက်"

"အိုကေ"

လေးဆယ့်ငါးမိနစ်လောက်မှာ ဓာတ်လှေကားတံခါး ပွင့်သွားပြီး ဘကြေးစည် ပြန်ထွက်လာ၏။ လင်းသန့်က ဘကြေးစည်အတွက် ထိုင်ခုံ ခင်းပေး၏။ ဘကြေးစည်က ဝင်ထိုင်လိုက်ပြီး ဆေးတံကို မီးညှိဖွာရှိုက်နေ၏။ တစ်စုံတရာကိုလည်း အလေးအနက် စဉ်းစားနေပုံပေါ်၏။

"အဘ . . သရဲမနဲ့ တွေ့ခဲ့လား"

"အင်း . . တွေ့ခဲ့ပြီးပါပကောကွာ"

"ဘာ . . ဘာတဲ့လဲ"

"ပဋ္ဌာန်းဆက်တွေ၊ ပဋ္ဌာန်းဆက်တွေ ပတ်သက်မှုတွေက အမျှင်မပြတ် ရှိနေတာပဲလေ။ အင်း . . ပြောရမယ်ဆိုရင်တော့ ဒီလိုကွ"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (7)

## မိစ္ဆာလမ်းမှာ နန်းစိုက်တဲ့ နီလာ

ခိုလာသိန်းဆိုတဲ့ မိန်းကလေးမှာ မနေမရှိပေမယ့်၊ အလှ တော့ ရှိတယ်။ ဆယ်တန်းနဲ့ ကျောင်းထွက်ခဲ့ရပြီး ဘဝဖော်ရေး အတွက် မိုတယ်မှာ ဧည့်ကြိုဝင်လုပ်ခဲ့ရတယ်။ မိဘနှစ်ပါး ကွယ်လွန် သွားတော့ တစ်ယောက်ထဲ ဘဝကို ဖြတ်သန်းရတာပေါ့။

မိဘတွေကလည်း အိမ်ငှားဘဝနဲ့ နေခဲ့ကြရသူတွေ။ ဆုံး သွားတော့ ပိုင်ဆိုင်မှု ဘာမှမကျန်ခဲ့ဘူး။ မိုတယ်မှာ ခိုကပ်နေခဲ့ရ တယ်။ မိုတယ်ပိုင်ရှင် ကိုဂျက်ရဲ့သူငယ်ချင်း ကိုလူချောတစ်ယောက် နဲ့ သိကျွမ်းခဲ့ရတယ်။ သူ့နာမည်ကို သူပြောပြတာက ကိုမြတ်သူတဲ့။



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

ကိုမြတ်သူက သူ့ဒွေးတပည့်တပန်းတွေနဲ့ . . ဒီလို ဟိုက်ဘောစ်ကို နီလာသိန်း ကြာပစ်ပြီး အမိဖမ်းရပြီပေါ့။

ကိုမြတ်သူက နီလာ့ကို တွဲလိုက်တယ်။ နီလာကို ပန်းကောင်း အညွှန့်ချိုးလုပ်ပြီး ခြေတော်တင်တယ်။ နီလာ့ကို သား မှတ်မှတ်၊ မယား မှတ်မှတ် လက်ထပ်ယူပါ့မယ်ပြောလို့ ယုံမှတ်ပြီး ပုံအပ်လိုက်တာ။ နီလာ့ကို ရိုးသွားတော့ နောက်အသစ်ကို လှမ်းပြန်ရော။

နီလာက ဘယ်ခေါက်ထားတာ ခံမလဲ။ ကိုမြတ်သူသွား တတ်တဲ့ K.T.V ကို လိုက်ပြဿနာရှာတာပေါ့။ ကိုယ်ဝန်မရှိဘဲနဲ့ ရှိ ချင်ယောင်ဆောင်ပြီး တရားဝင်လက်ထပ်ဖို့ ပြောတယ်။

မြတ်သူက မယူနိုင်ဘူး။ ထွက်သွားနဲ့ . . နှင်ထုတ်တယ်။ K.T.V အခန်းထဲမှာ နှစ်ယောက်ထဲ။ အပြင်မှာတော့ သူ့တပည့် တပန်းတွေ ရှိတာပေါ့။

နီလာကလည်း စလင်းဘတ်ထဲ ဆောင်လာတဲ့ မောင်းချ ဓားနဲ့ လူသားစား ကျားကြီး မြတ်သူကို အပြတ်ရှင်းတာပေါ့။ မြတ်သူနဲ့ လုံးထွေးရင်း ခွန်အားချင်းမမျှလို့ မြတ်သူလက်ထဲ ဓား ရောက်သွားပြီး မြတ်သူ ထိုးသတ်တာကို မရှုမလှ ခံလိုက်ရတယ်။

မြတ်သူကို မကျေနပ်တဲ့စိတ်နဲ့ စွဲလမ်းပြီး ကျိန်စာတိုက် ခဲ့တယ်။ ကောင်းမှုကုသိုလ် ပြုခဲ့ဖူးတာလေးတွေ အမှတ်ရပြီး ဆုတောင်းရင်း သေခဲ့ရတယ်။ မြတ်သူက သူ့လူတွေနဲ့ရော ဖောက်သည် ဆိုင်မန်နေဂျာနဲ့ ပူးပေါင်းပြီး အဲ့ဒီ K.T.V ရဲ့ အောက်ခန်းထဲထည့်ပြီး မြေမြှုပ်ပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# မတောင်းပန်နဲ့ ပြောင်းဆန်အောင် ခြောက်မယ်



အဲ့ဒီ K.T.V က ခြောက်ထပ်။ အောက်ထပ်မှာ စားတော်ဆက်၊ ဒုတိယထပ်မှာ မာဆတ်၊ တတိယထပ်မှာ နိုက်ကလပ်(စ်)၊ စတုတ္ထထပ်မှာ K.T.V ၊ ပဉ္စမထပ်မှာ လောင်းကစားဝိုင်း၊ ဆဋ္ဌမထပ်မှာ ဆောင်ကြာမြိုင်ခန်းတွေ ဖွင့်ထားတယ်။

အလောင်းကိုမြေမြှုပ်ပြီး လက်စဖျောက်ပေမယ့် နီလာသိန်းဟာ မကျွတ်ဘူး။ အလောင်းမှာပဲစွဲနေပြီး မြတ်သူပြန်အလာကို လက်စားချေဖို့ စောင့်နေခဲ့တယ်။ မြတ်သူ ပြန်မလာတော့ဘူး။

အဲဒါနဲ့ စုံတွဲတွေမြင်ရင် ကိုယ်ချစ်ခဲ့တဲ့ မြတ်သူကို မပိုင်ခဲ့ရလို့ ငါ့ချစ်သူဘဝလည်း ပျက်ခဲ့တယ်။ သူတို့ ချစ်သူတွေကိုလည်း ပျက်အောင်လုပ်မယ်ဆိုပြီး ကမ္မဇိဒ္ဓိအစွမ်းနဲ့ ဝင်ပူးကပ်ပြီး စုံတွဲ ငါးတွဲအထိ သူတို့ချင်း ပြဿနာတက်ပြီး ထသတ်သလို တစ်ညထဲ လက်စတုံးပစ်တယ်။

ဒါကြောင့် လူသေမှုနဲ့ အဲဒီခြောက်လွှာ ဇိမ်ခံခန်းကြီး ပိတ်လိုက်ရရော။ ပိတ်လိုက်ပေမယ့် နီလာသိန်းကတော့ ဒီကနေ စောင့်နေတယ်။ အထိုင်ကနေ မြတ်သူ တစ်နေ့လာလိမ့်နိုးနဲ့ စောင့်နေခဲ့တယ်။ မလာမချင်းပေါ့။ အဲဒီမှာ လုပ်ငန်းတစ်ခု လာဖွင့်တယ်။ အဲဒါလည်း မနေနိုင်လောက်အောင် ခြောက်လွှတ်လိုက်တယ်။

နောက်တော့ လက်ရှိမှာ သရဲခြောက်တဲ့ ဂိမ်းသမားလေးတွေ ဖွင့်တယ်။ နီလာ့အကြိုက်ပဲပေါ့။ သူတို့ရဲ့ အယောင်ဆောင် သရဲတွေလည်း ခြောက်၊ နီလာလည်း ဝင်ခြောက်ပေါ့။ ဒီသရဲဂိမ်းကြီးကို မြတ်သူ မလာဘူးလို့ အတတ်ပြောနိုင်မလား။

ဂိမ်းပိုင်ရှင်ကြီးက စုံတွဲတွေ ခေါ်လာပြန်တော့ အနားကောင်း


www.burmeseclassic.com

www.burmeseclassic.com



က ပြန်ပေါ်လာတယ်။ ဒါနဲ့ ဝင်ကြမ်းမိတာပဲ။

"အဲဒီ နီလာသိန်းဆိုတဲ့ မိန်းကလေးရဲ့အလောင်းက ဒီ အဆောက်အဦ မြေတိုက်ခန်းထဲမှာ ရှိနေပါတယ်။ မြတ်သူကို လက်စားချေခွင့်ခဲ့ရရင် သူ ကျေနပ်မယ်တဲ့"

လင်းသန့် တအံ့တသြဖြင့် နားထောင်နေ၏။ ပြီးမှ -

"မြတ်သူက ဘယ်သူလဲ၊ ဘယ်မှာလဲ"

"အဘ သိတယ်၊ အဘ အာရုံခံကြည့်လိုက်တာ"

"ဟုတ်လား . . အဘ၊ အဲ့ဒီ မြတ်သူက ဘယ်မှာလဲ"

"သူ ကျင်လည်ရာမှာပေါ့။ သူက တခြားလူမဟုတ်ဘူး"

"ဗျာ . . ဘယ်သူလဲ"

"အဘရဲ့သား ဂျင်မီစိုးပေါ့။ နာမည်အမျိုးမျိုးနဲ့ မိန်းမငယ် လေးတွေကို လိုက်ဖျက်ဆီးနေတဲ့ သားမိုက်ကြီးပေါ့"

"ဟာ! . . တိုက်ဆိုင်လိုက်တာ အဘရယ် အံ့သြကုန်နိုင် ဖွယ်ပါပဲဗျာ"

"အင်း . . ဒါမျိုးက ဖြစ်တတ်ပါတယ်လေ။ မြတ်သူ ခေါ် ဂျင်မီစိုးကို လက်စားချေချင်ချေပါ။ တရားလွန် သေတဲ့အထိတော့ မလုပ်ပါနဲ့လို့ အဘ မေတ္တာရပ်ခံခဲ့တယ်"

"သရဲမ နီလာသိန်းက သဘောတူလား"

"တူတယ် . . လူလေး၊ မြတ်သူရှိတဲ့နေရာကိုလည်း နီလာ သိတယ်။ ဒါပေမယ့် သူ ပိုင်နက်ကျော်သွားလို့မရဘူး အကူလိုတာ သူ့ကို ကူညီနိုင်တာ . ."

"သူကျေနပ်ရင်ပြီးရော . . ကျွန်တော် ကူညီပေးလိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမရုံလောက်ပဲဟာ အဘ တစ်မျိုးမထင်ပါနဲ့နော်"

"မထင်ပါဘူးကွယ် . . လူလေးက လိပ်ပြာမလုံဘူး။ သူ ဝင်ပူးကပ်လို့ မရဘူး။ သူ ပူးကပ်လို့ရနိုင်တာက လူလေးရဲ့ချစ်သူ ကောင်မလေးတဲ့။ အဲဒီကောင်မလေး လိပ်ပြာလုံတယ်။ သူ ပူးကပ် နိုင်တယ်။ သူနဲ့ပူးကပ်ပြီး နယ်ကျော်သွားလို့ ရတယ်။ ဂျင်မီစိုးကို သွားလုပ်ကြံဆုံးမလို့ ရတယ်တဲ့"

"ပန်းနှင်းဆီ . . နှင်းဆီကို ခေါ်ရမှာလား"

"ဟုတ်တယ် . . လူလေး သဘောတူရင် ဒီည(၁၀)နာရီ လူလေးတို့ စုံတွဲ ဒီပေါ်က ဆင်းလာပါတဲ့။ အဘကတော့ ဒီလိုကိစ္စ တွေမှာ ပါလို့မရဘူး။ မပါသင့်ဘူး။ သားကို ဒုက္ခပေးမယ့် အဖေမျိုး မဖြစ်ချင်ဘူး။ သားကလည်း မိုက်တော့၊ အင်း. . ဆုံးမသင့်တဲ့လူ ဆုံးမပါစေတော့လေ"

ထိုသို့ပြောပြီး ဘကြေးစည် ဆေးတံခဲပြီး တရားအမှတ်လေး နှင့် ငြိမ်သက်နေလေ၏။

"ဒီည. . ပန်းနှင်းဆီကို ခေါ်လို့ရမယ်မထင်ဘူး အဘ"

"ဆက်သွယ်ကြည့်ပါဦးကွယ် . . လူလေးက ကိစ္စ မြန်မြန် ပြီးချင်တာ မဟုတ်လား။ နီလာ့ဘက်က ဆန္ဒပြင်းပြင်းရှိနေမှတော့ မြန်မြန် လိုက်လျောလိုက်တာ ပိုမကောင်းပေဘူးလား"

"ဟုတ်ကဲ့ အဘ"

လင်းသန့် . . အပေါ်ထပ် လေသာဆောင်ဘက် ထွက်ပြီး နှင်းဆီထံ ဖုန်းဆက်လိုက်၏။ ခကာနှစ်ခါလောက်ဝင်ရုံနှင့် ဖုန်းမိုင် ၏။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီ မအိပ်သေးဘူးလား"

"အိပ်ပျော်သွားလို့ တရေးလန့်နိုးလာတာ . . နိုးတုန်းက ကိုလင်း ဖုန်းဆက်လို့ ကိုင်လိုက်တာ"

"နှင်းဆီ . . အရေးတော့ကြုံနေပြီ"

"နှင်းဆီလာရမယ့် အရေးလား"

"ဟုတ်တယ် . . နှင်းဆီအိမ်က ခွင့်ပြုမှာ မဟုတ်ပါဘူး"

"နှင်းဆီ အသာလေး ခိုးထွက်လာလို့ ရပါတယ်။ ခြံစောင့်ကြီးကို မုန့်ဖိုးပေးပြီး စည်းရုံးထားတယ်။ ကားကို သူ အသာတွန်းရွှေ့ပေးမယ်။ အိမ်သားတွေ ကားစက်သံ မကြားရလောက်တဲ့ နေရာအထိပေါ့"

"နှင်းဆီနဲ့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် . . နှင်းဆီနဲ့ သူနဲ့ခင်နေပြီ"

"ဘယ်သူနဲ့လဲ"

"သရဲမ နီလာသိန်း"

"ဟင်! . . နှင်း . . နှင်းဆီ သိနေတယ်"

"သိတယ် . . အိပ်မက်လာပေးတယ်။ နီလာသိန်းက အိပ်မက်ထဲမှာ သနားဖို့ကောင်းတဲ့ ရုပ်ကလေးနဲ့ ငိုပြီး သူ့ကို ကူညီပေးဖို့၊ နှင်းဆီ ဘာမှ မထိခိုက်စေရပါဘူးလို့လည်း ကတိပေးသေးတယ်"

"နှင်းဆီကို သူက ဘယ်လို အိပ်မက်လာပေးနိုင်တာလဲ။ သူပြောတော့ ပိုက်နက်ကျော်လို့ မရဘူးတဲ့"

"ဪ . . ကိုလင်းကလဲ၊ လူကိုယ်တိုင် လာလို့မရပေမယ့် လူတွေ ဖုန်းဆက်လို့ ရသလိုမျိုးပေါ့၊ စိတ်ချင်းဆက်သွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ပေးတာ နေမှာပေါ့"

"အင်း . . အေးလေ ဖြစ်နိုင်မှာပေါ့လေ။ သရဲမက ဘာတွေ ပြောသွားသေးလဲ"

"နှင်းဆီကို ဝင်ပူးပေမယ့် ဘာအန္တရာယ်မှ မရှိစေရဘူး။ မိမွေးတိုင်း၊ ဖမွေးတိုင်း ပြန်ဖြစ်စေရမယ်တဲ့ ပူးတုံခွာတုံ ဝင်လိုက် ထွက်လိုက် လုပ်မှာပါ။ လူ့ခန္ဓာကိုယ်ထဲမှာ သူတို့လည်း အကြာကြီး ဝင်မနေနိုင်ပါဘူးတဲ့"

"နှင်းဆီ အဲ့ဒီလို ဝင်ပူးခံရဲသလား"

"ခံရဲပါတယ် . . နီလာသိန်းကို သနားလို့ ကူညီပေးမယ် လို့ ပြောလိုက်တယ်။ သူ သိပ်ဝမ်းသာသွားတယ်။ အိပ်မက်က လန့်နိုး တော့ ကိုလင်း ဖုန်းခေါ်သံကြားတာပဲ"

လင်းသန့် အံ့အားသင့်နေ၏။ သရဲမက လင်းသန့်ထက် ပိုပြီး လက်ကွက်စိပ်နေသေး၏။

"ကိုလင်း . . စောင့်နေ (၁၀)နာရီမထိုးခင် အရောက်လာခဲ့ မယ်၊ ဘိုင့်"

လင်းသန့် ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ပြီး ဘကြေး စည်ရှိရာ လျှောက်လာလိုက်၏။

"အဆင်ပြေပြီလား . . လူလေး"

"ဟုတ်ကဲ့"

"လိုက်သွားပေးလိုက်ပါ။ အဘ ဘုရားခန်းထဲမှာ တရားမှတ် ရင်း စောင့်နေမယ်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေကို မေတ္တာပို့နေ မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . ဟုတ်ကဲ့ အဘ"

လင်းသန့် ဒါပဲပြောနိုင်တော့သည်လေ။

ည(၁၀)ကိုးခါနီးမှာ နှင်းဆီရောက်လာလေ၏။ တစ်ပွေထဲ ဂျင်းဘောင်းဘီ၊ ကိုယ်ကြပ်ဝေ့စကုပ်နှင့် ဆံပင်ကို သေသပ်စွာ ဖီးသင်ပြီး နောက်လှန် စုစည်းထား၏။ ကျော့ရှင်း လှပနေသည်။ လင်းသန့် အောက်ထပ်မှာ လာစောင့်နေလိုက်၏။

"ကိုလင်း . . ခုန ကားရပ်တော့ လှမ်းကြည့်လိုက်တယ်။ ကိုလင်း ဘေးနားမှာ အနက်ရောင်ကိုယ်ကြပ်၊ စကတ်နဲ့ မိန်းကလေး က ဘယ်သူလဲ"

"မနောက်ပါနဲ့ . . ကိုလင်းပဲ ရပ်နေတာပါ"

"အဟုတ်ပြောတာ ကိုလင်းနောက်နားမှာ ရပ်နေတာ"

လင်းသန့် စဉ်းစားမိသွား၏။ လင်းသန့်ကို စိုက်ကြည့်နေသော နှင်းဆီရဲ့အကြည့်နဲ့ ဟန်ပန်တွေ ရုတ်ချည်း ပြောင်းလဲသွား၏။

"နှင်းဆီ"

"ငါ . . နှင်း . . ဆီ . . မ . . ဟုတ် . . ဘူး"

"ဟင်! . . မင်း . . မင်း"

ကြက်သီးတွေ ထ။ ခေါင်းနပမ်းတွေ ကြီး။ ကျောရိုးတွေ တောင့်တင်း အေးစက်သွား၏။ အကြည့်ကြီးကိုက စိမ်းစိမ်းစူးစူး ကြီး။ အသံကလည်း တခြားမိန်းမသံကြီး။

"နီ . . လာ . . သိန်း"

လင်းသန့် ကြောင်တောင်ငေးနေမိ၏။

"သွား . . မယ်။ နင် . . ကား . . မောင်း . . လိုက် . . ပို့"



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးရာ . . စက်ရုပ်တစ်ရုပ်ပမာ ကားပေါ်တက်ခေါင်းလိုက်၏။ သရဲမနဲ့ ကားအတူ ထိုင်စီးဖူးတာ လင်းသန့်ဘဝမှာ ဒါပထမဆုံး အကြိမ်။ ပြောမယုံ၊ ကြုံဖူးမှ သိကြမှာပင်။ နီလာသိန်းက လက်ညှိုးနှင့် လမ်းညွှန်ပြသွား၏။

ရောက်ရှိသွားသော နေရာက . . ဟိုက်ဘော့စ်၊ စူပါဘော့စ်တွေ ကျက်စားရာ အပျော်ကမ္ဘာကြီးတစ်ခုပင်။ တစ်နေရာထဲမှာ အားလုံးရသည်ဆိုသော ဇိမ်ခံမြိုင်နန်းကြီးပဲ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (8)

## တောင်းပန်မရတဲ့ ပြောင်းဆန်မ

နိုက်ကလပ်၊ K.T.V ၊ မာဆတ်၊ ကာစီနို ဆောင်ကြာမြိုင်
...အလင်ရှိသည့် နေရာ။

"နင် . . ဒီ . . မှာ . . နေ . . ခဲ့"

"စိတ်မချဘူး ငါလိုက်ခဲ့မယ်"

"မ . . လိုက် . . နဲ့"

နီလာ ဝင်ပူးနေသော နှင်းဆီအထဲကို ဝင်သွား၏။ အစောင့်
...ကလည်း ဂိုဏ်းစကားပုံစံတွေ။ နှင်းဆီသဘောသာဆို ဒီနေရာ
...သာဖူးမှာ မဟုတ်။ လင်းသန့်ပါ လိုက်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနဲ့ နီလာ ပေါင်းစပ်နေသောကြောင့် 'နှင်းဆီနီ' ဟု အမည်ယာယီခေါ်သွားပါမည်။

နှင်းဆီနီက သူ့သားကောင်ရှိရာကို တည့်တည့်သွားနေ၏။

အလင်းဖျော့တွေ ထွန်းထားသော K.T.V ခန်းတစ်ခု။ ရှေ့မှာ အစောင့်နှစ်ယောက် ရပ်နေ၏။

နှင်းဆီနီက လူမိုက်နှစ်ယောက်ကို ညို့ကြည့်နှင့်ပြော လိုက်၏။ လူမိုက်တွေက တံခါးဖွင့်ပေးလိုက်၏။ အထဲဝင်သွား ပြီ။ လင်းသန့်က လိုက်ဝင်မည်ပြင်တော့ –

"ဟေ့ကောင် . . ဒါ VIP သီးသန့်ခန်း မဝင်နဲ့"

"အထဲကို ကျုပ်ရည်းစားဝင်သွားလို့"

"မင်းရည်းစား ဟုတ်လား၊ သူပြောသွားတာ . . တို့ ဆရာ ကြီးရဲ့ ဖောက်သည်ဟောင်းတဲ့၊ တို့ဆရာကြီးကလည်း ဒီကစော်တွေ ကို အာရုံညောင်းပြီး သူ့ဘာသာ K.T.V ဆိုနေတာ၊ မင်းဟာမလေး ကဲဖော် ရသွားပြီကွ။ ဟား ဟား ဟား ဟား"

"ကျစ် . . ခက်တာပဲ ကျုပ်ကို ပေးဝင်ပါ"

"ဘာကွ . . လေသံမာမာနဲ့ မင်းက ဘာကောင်လဲ"

အထဲမှာ ဝရုန်းသုန်းကားဖြစ်သံ ကြားလိုက်ရ၏။

အထဲမှာ နှစ်ပါးသွားကနေတာ မဟုတ်ဘူး။ သတ် သတ်ပွဲကျင်းပနေတာ . . ခင်ဗျားဆရာကို သတ်မယ့် သေမင်း အဲဒီကောင်မလေးဗျ"

"ဟင်! . ."

"ဟာ! . ."



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးဖွင့်ပြီး ဝင်ကြည့်ကြ၏။ ဂျင်မီစိုး (ခ) မြတ်သူကို လည်ပင်းညှစ်ထားသော နှင်းဆီနီကို တွေ့လိုက်ရ၏။

"ဟော့ . . ဟိတ် လွှတ်စမ်း"

"ဘာလုပ်တာလဲ၊ လုပ်ထည့်လိုက်ရမလား"

"မလုပ်နဲ့ . . မလုပ်နဲ့"

ထွေးလုံးရစ်ပတ်တွေ ဖြစ်ကုန်၏။ လင်းသန့်က နှင်းဆီနီကို အရ ဆွဲထုတ်၏။ လူမိုက်တွေကလည်း သူတို့ဆရာကို အတင်းမြန် ဆွဲထုတ်နေ၏။

နောက်မှ လက်ပြုတ်ပြီး နှင်းဆီ မေ့မြောကျသွား၏။

"နှင်းဆီ . . နှင်းဆီ"

ဆိုဖာပေါ်မှာ မေ့မျောနေသော နှင်းဆီကို အတင်းလှုပ်နှိုး၏။ လူမိုက်တွေက သူတို့ဆရာကြီးကို ဆွဲမတ်ထူလိုက်၏။

ဆရာကြီးက သံမဏိကြီးလို ဘာမှဖြစ်သွားဟန်မတူ။

"ဟား ဟား ဟား ဟား"

"ဆရာ . . ဒီကောင်မကို ရှင်းပစ်လိုက်မယ်"

"မ . . လုပ် . . နဲ့"

"ဘာဆက်လုပ်ရမလဲ"

"ပြန် . . မယ်၊ ဟား ဟား ဟား"

"ဟင်! . . နီလာသိန်း . . ဂျင်မီစိုးကို ဝင်ပူးကပ် သွားပြန်ပြီ"

သူတို့သုံးယောက် ထွက်သွား၏။ နှင်းဆီ ပြန်သတိရလာ၏။



www.burmeseclassic.com

www.burmeseclassic.com





“ကိုလင်း . . ကိုလင်း၊ သူ . . သူကောဟင်”

“သူ . . ဂျင်မီစိုးကို ဝင်ပူးသွားပြီ”

“အဲ့တော် . . တကယ်”

“တကယ် . . နှင်းဆီ ဘာမှမဖြစ်ဘူးနော်”

“ဟင့်အင်း”

“လာ . . မြန်မြန် ပြန်ကြစို့၊ တို့တာဝန်ကျေပြီ။ သူ့ကိုရှ
သူ ဆက်ရှင်းလိမ့်မယ်”

အခန်းအပြင်ဘက်ကို ထွက်လာလိုက်ကြ၏။ အခန်းကျယ်
မှာ ဂျင်မီစိုး(ခ) မြတ်သူက ခါးထောက်၊ ရင်ကော့ပြီး တဟားဟား
အော်ရယ်နေ၏။ တပည့်တွေလည်း သူ့ဆရာကိုကြည့်ပြီး ဘာလု
ဘာကိုင်ရမှန်း မသိ။

“အဲဒါ နီလာသိန်းဝင်ပူးပြီး ရယ်နေတာ”

ထိုအခိုက်မှာ လူတစ်ယောက်က လက်နောက်ပစ်ပြီး အခန်း
က ဖြတ်လျှောက်မလိုနှင့် –

“ငါ့ညီမကို ဖျက်ဆီးတဲ့ကောင် . . ကဲကွာ”

“ဖွ”

“အင့် . . ဟား ဟား ဟား ဟား”

“ငါ့နှမကို ပြည်ပနိုင်ငံ ရောင်းစားခဲ့တဲ့ကောင် . . ကဲကွာ”

“ဖွပ်”

“အင့် . . ဟား ဟား ဟား ဟား”

ဓားနဲ့ထိုးသူက လူစိမ်း။ နှစ်ချက်ထိုးတာတောင် ဂျင်မီ
(ခ) မြတ်သူက တဟားဟားနှင့် အော်ရယ်နေ၏။ အဲဒီပုံစံကြော



www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက်ပင် ကြောင်ကြည့်နေမိကြ၏။ သူ့ဆရာအသိက လာနှောက်နေတာလားပေါ့။ ဓားနဲ့ထိုးတာတောင် သူ့ဆရာက မဖြုံ၊ ဓားပြီးကြောင်း ပြနေတာလားပေါ့။

ဓားနဲ့ထိုးတဲ့ လူစိမ်းကလည်း ဒီလောက် လုပ်နေတာတောင် ပမာမခန့်နဲ့ ရယ်ပြနေတော့ လိမ့်ထိုးပြီပေါ့။ ဓားချက်ပေါင်းများစွာ။ ရယ်ရင်းက အသံတိတ်ပြီး မြတ်သူ လဲပြိုကျသွား၏။ ဒီတော့မှ –

“ဟာ! . . ဆရာ”

“ဟော့ကောင် . . မင်း . . မင်း မပြေးနဲ့”

တပည့်တပန်းတွေ ဝိုင်းဖမ်းကုန်၏။ အဲဒီမြင်ကွင်းကို သေချာမြင်ရပြီး လင်းသန့်တို့လည်း ကွယ်ရာကို အမြန်ရှောင်ပြေးရတော့၏။

တော်ကြာ အမှုတွဲခံနေရဦးမည်။ ကားနှင့် ပြန်ထွက်လာနိုင်တော့မှ သက်ပြင်းမောကြီး မှုတ်ထုတ်မိလိုက်၏။

“နီလာသိန်းက ဝင်ပူးပြီး ဓားထိုးခံတယ်နော်”

“ဓားနဲ့ထိုးမယ့်လူ ရောက်နေတာ၊ အဲလိုလုပ်မှ သူလည်း အပြစ်လွတ်မှာကို သူ ကြိုသိလို့ အကွက်ချစီစဉ်လိုက်တာ ဖြစ်မယ်။ ဘကြေးစည်က ရွှေဖော့ရိုးနဲ့ ရိုက်ဆုံးမခိုင်းလိုက်တာ၊ နီလာသိန်းက ဝါးရင်းတုတ်နဲ့ ရိုက်သတ်ခံရအောင် လုပ်သွားပြီ”

“သူတို့ ဘာဆက်ဖြစ်မလဲဟင်”

မြတ်သူ သေမှာပေါ့။ ဓားထိုးတဲ့ကောင်ကို မြတ်သူတပည့်တွေကလည်း လူပုံအလယ်မှာ ပြန်သတ်ရဲမှာ မဟုတ်ဘူး။ ရဲလက်ထဲအပ်ကြမှာ၊ အဲဒီကောင် ထောင်ကျ . . ဒါပဲရှိမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ကျွတ် . . ကျွတ် ကျွတ် သရဲမ ဖြစ်နေတာတောင် အငြိုးကြီးတယ်နော်"

"ဘကြေးစည် သိသွားရင် စိတ်ကောင်းမှာ မဟုတ်ဘူး။ သူ အာရုံခံကြည့်ရင် သိမှာပါ။ ဒါမျိုးတွေက အစပေါ့။ သူ့သား အခြေအနေကလည်း မီးစာကုန် ဆီခန်းဖြစ်နေလို့ အဖတ်ဆယ်မရတော့လို့ လွှတ်ပေးလိုက်တာ ဖြစ်မယ်"

"သေတဲ့လူက ဘကြေးစည်ရဲ့သား"

လင်းထက်လည်း နှင်းဆီနားလည်အောင် အတိုချုံးပြီး ရှင်းပြလိုက်ရတော့၏။ သူငယ်ချင်းတွေကလည်း ဟိုက၊ ဒီက ဖုန်းဆက်မေးလာကြကုန်၏။

နှင်းဆီရောက်လာပြီး လက်ရှိအခြေအနေ၊ ဖြစ်ရပ်အထိ အဆင့်ဆင့် ရှင်းပြလိုက်မှ ဓာတ်ရည်လည်သွားတော့၏။ ကားရပ်ပြီး ဖုန်းဆက် ရှင်းပြပြီးတာနှင့် ကားကို ဘကြေးစည်ရှိရာ ဦးတည်မောင်းနှင်လိုက်၏။ ဒီနှစ်ရက်လေးမှာကို မထင်မှတ်တာ အကြီးကြီးတွေ ပြောင်းလဲဖြစ်ပေါ်ခဲ့ရ၏။

အံ့ဩရလွန်းလို့လည်း လူက ထုံနေလေပြီ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (9)

## အလောင်းစွဲ ပြိတ္တာ သရဲ

**ခြောက်** ထပ်တိုက် ဝင်းဝ ရောက်သောအခါ ခြံဝမှာ ထွက်စောင့်နေသော ဘကြေးစည်ကို တွေ့လိုက်ရ၏။ ဘကြေးစည်က အုတ်မီးလုံးတိုင်ကို အသာမှီပြီး ထိုင်နေ၏။ ဘေးနား ကားထိုးရပ်ပြီး အမြန်ဆင်းလာလိုက်၏။

"အဘ . . ဘကြေးစည်"

"ဟေ . . အေး . . မင်းတို့ ရောက်လာကြပြီကိုး"

"ဟုတ်တယ် . . အဘ၊ အဘ ဘုရားခန်းထဲမှာ တရေး မှတ်နေမယ် ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . ငါလည်း ဗိုက်ရစ်နာတာနဲ့ တရားမှတ်တာ ရပ်ပြီး အပြင်ထွက် သန့်စင်ခန်းသွားလိုက်တာ၊ အဲဒါ ဘာကြာသေးလို့လဲ၊ အဲဒီမှာတင် ဝုန်းဆို . . အပူလုံးကြီးတိုးပြီး ငါ့နောက်ကျောကို ပင့်ရိုက်သွားတာပဲ၊ အား . . ကျွတ် . . ကျွတ်"

"အဘ . . သွေးအန်ထားတာလား၊ နှုတ်ခမ်းမှာ သွေးစတွေ တွေ့နေလို့"

"တစ်ခါ အန်လိုက်တယ်။ နည်းနည်းပါ . . ငါလည်း ဗိုက်ရစ်နာတဲ့ ဝေဒနာကြောင့် ပယောဂမှိုင်းမိသွားတယ်။ မိသွားတုန်းမှာ အငိုက်ဆော်သွားတာ၊ နီလာသိန်း . . နီလာသိန်းပေါ့"

"သူ စည်းဖောက်တယ်၊ ကတိပျက်တယ်၊ အဘသားကို သူ . . သူ့ပယောဂနဲ့"

"အဘ သိတယ် . . သား၊ ထားလိုက်ပါ။ သူက အဘကိုပါ အပြတ်ရှင်းပြီး ဒီနေရာကို စိုးမိုးချင်တာ မင်းတို့စုံတွဲတွေကိုလည်း အလွတ်ပေးမှာ မဟုတ်ဘူး။ မိစ္ဆာဉာဏ်ဆင်သွားတာ"

"အဘ အနေနဲ့ အဘသားကို သေအောင် လုပ်လို့လည်း သူ့ကို မမုန်းဘူး။ အဘကို အလစ်တိုက်သွားလို့လည်း အဘ မမုန်းဘူး။ သူ့ကို လွှတ်ထားလို့ မရတော့ဘူး။ ဆုံးမရတော့မယ်။ သူ့ကို မုန်းလို့ ဆုံးမတာမဟုတ်ဘူး"

"ကျွန်တော်တို့ နားလည်ပါတယ် အဘ"

"သူ့ကို လွှတ်ထားလို့ မရတော့ဘူး။ အန္တရာယ်ပေးတော့မှာ . . သူ့ကို ဒီနေရာကနေ ရှင်းပစ်ရမယ်။ ပြိတ္တာဘဝကနေ ရှေ့ပို့ပြီး ပြစ်ဒဏ် ဆေးကြောခံခိုင်းမှပဲ ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . အဘ သူသိပ်ဆိုးနေပြီ။ သူ့ကို ဘယ်လို ရှင်းထုတ်ပစ်ရမလဲ အဘ"

"မြစ်ခြား ချောင်းခြား သူမကြားနဲ့"ဆိုတာကို အဘက သုံးကြိမ် ရွတ်လိုက်၏။ ထို့နောက် –

"သူ့အလောင်းမြှုပ်ထားတာကို ပြန်ဖော်ရင် အရိုးလောက် ကျန်မှာပေါ့။ အဲဒါတွေ စုစည်းကောက်သိမ်းပြီး အဆောက်အဦ နောက်ဘက်မှာ မီးရှို့ပစ်ရမယ်"

"နီလာသိန်းက သူ့အလောင်းကိုစွဲပြီး စောင့်နေတဲ့ ပြိတ္တာ လေ။ သူ့အလောင်း မရှိရင် ပြိတ္တာဘဝကနေ သူသေပြီ။ ဘဝပြောင်း ပြီး သူ့မကောင်းမှုကြောင့် ငရဲကို ရောက်ရလိမ့်မယ်"

"အင်း . . တကယ်လို့ သူ ဘဝမပြောင်းခင် သူ့အတွက် ကို ကုသိုလ်ကောင်းမှုလေး ပြုလုပ်ပြီး သူ့နာမည်ခေါ်လို့ အမျှအတန်း ဝေပေးပါဆိုလည်း ဝေပေးမယ်။ သူ့ခမျာ သရဏဂုံတောင် မတင် လိုက်ရဘဲ သေခဲ့ရတာဆိုတော့ အဲ့ဒါမျိုးလည်း လိုချင်ရှာမှာပေါ့"

"အဘပြောတာ ဟုတ်တယ်။ အဲလို ရှင်းကြမယ်"

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

## စေတန်

**နှင်းဆီ** က . .

"အဘကြေး ဘယ်တော့ရှင်းရမှာလဲ ဟင်"

"ဒီည သူတို့ အားကောင်းတဲ့အချိန်၊ မနက်ဖြန် နေ့လယ် (၁၂)နာရီတိတိဆို သူတို့ အားနည်းဆုံးအချိန်။ အလင်းပြင်းပြင်း ရှရှ ရှိတဲ့အချိန်မှာ အရိုးသွားတူးဖော်ပြီး မီးသဂြိုဟ်ကြတာပေါ့"

"ဒါဆို ဒီည ကျွန်တော်တို့ ဘာဆက်လုပ်ကြမှာလဲ"

"ဒီတိုက်ကြီးပေါ် လုံးဝ မတက်နဲ့တော့။ မင်းတို့တက်လာရင် မင်းတို့ကို ဒုက္ခပေးမှာမို့လို့ အဘ ဘာသာဆင်းပြီး ကြိုစောင့်နေတာ။ ဒီည ဘုရားလေးတစ်ဆူဆူမှာ သွားနားခိုကြမယ်။ ကလေးမလေးလည်း တုံးမောင်းခေါက်မှ ပြန်၊ အခု ည(၁၁)ခွဲနေပြီ။ သူတို့ လိုက်နှောင့်ယှက်နိုင်တယ်"

"အပိုင်နယ်တွေကို ကျော်လို့မရဘူးလေ"

"သူတို့မိစ္ဆာတွေက မကောင်းတာလုပ်လေ . . အစွမ်းတိုးတက်လေပဲ။ သူ လက်စားချေနိုင်ပြီ။ အဘကိုတောင် အနိုင်ကျ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခံဆောင်နိုင်ပြီဆိုတော့ သူ့အစွမ်းက နယ်ကျော်လို့ရရင် မင်းတို့ကို လိပ်ပြာနှုတ်ပစ်မှာ"

လင်းသန်နဲ့ နှင်းဆီတို့ သဘောပေါက်သွားကြ၏။ ဘကြေးစည်ကို ကားနဲ့တင်ခေါ်ပြီး ညဘက် ခြံဝင်းမခတ်ထားသော စေတီငယ်လေး တစ်ဆူဆူရှိရာကို မောင်းလာလိုက်ကြလေသည်။

နောက်တစ်နေ့ (၁၂)နာရီမထိုးခင်မှာ လင်းသန့် ဖုန်းဆက်ခေါ်ထား၍ နှင်းဆီ၊ ရတီ၊ ယမင်း၊ စစ်၊ ဇေယ်၊ နေ့ဂျူတီကျ လုံခြုံရေး နှစ်ဦးတို့ ရောက်ရှိနေကြ၏။

မိန်းကလေးတွေ ဧည့်ဆောင်ထဲမှာ နေခဲ့၊ အောက်ထပ်မှာ အလုပ်မပြီးမချင်း အပေါ်ကို လင်းသန့်တို့အဖွဲ့ ပြန်မရောက်မချင်း ဘကြေးစည် စည်းဝိုင်းပေးထားသည့် ထိုင်ခုံတွေပေါ်က မထနဲ့။

ဘုရားစာတွေရွတ်ဖတ်ပြီး ဘုရားပုံပါသော လော်ကတ်သီးလေးတွေကို ကိုယ်စီဆောင်ထားပြီး ပုံတော်ကို ဂုဏ်တော် ထုံမွှန်းကာ ရွတ်ဖတ်နေကြရန် မှာကြားထားလိုက်၏။

ပြီးနောက် အဘကြေးစည်၊ လင်းသန့်၊ စစ်၊ ဇေယ်နှင့် လုံခြုံရေး အစောင့်နှစ်ယောက်တို့ စတိုခန်းဘက်မှာ မြေအောက်ခန်း သွားရှာကြ၏။ မြေအောက်ခန်းရှိတာ လင်းသန့်လည်း ကြားဖူး၏။ မသုံးတာကြာလို့ ပိတ်ပစ်လိုက်ပြီဟု ကြားသိထား၏။

စတိုခန်းထဲမှာ သံခုတင်ကြီးရှိ၏။ အောက်ဘက် သံဇကာနှင့် သံခုတင်ကြီးကို လူအားနှင့် ဝိုင်းတွန်းရွှေ့သောအခါ မြေအောက်ခန်းပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မီးတွေထိုးပြီး မြေအောက်ခန်းထဲ ဆင်းလာလိုက်ကြ၏။ အနံ့အသက်က မကောင်း။ ကြွက်သိုက် ကြွက်တိုင်းပြည်ဖြစ်နေပြီ။ တချို့နေရာတွေမှာ အင်္ဂတေတွေ ကွာနေ၏။ ခင်းထားသော အင်္ဂတေတွေလည်း ကြွက်ဖောက်ထား၍ တချို့မှာ မြေသားဖြစ်နေပြီ။

ဘကြေးစည်က မျက်လုံးစုံမှိတ်ပြီး တစ်နေရာကို လက်ညှိုးထိုးပြ၏။

"အဲ့ဒီ . . ဒေါက်ထောက်ကန်ထားတဲ့ ပိုင်တိုင်ကြီးဘေးကို တူးကြကွာ"

လုံခြုံရေးတွေ အသင့်ယူလာသော ဂေါ်ပြားပေါက်ချွန်းတွေနှင့် တူးကြ၏။ ပေါင်လယ်ခန့်နက်သောအခါ ဖျာလိပ်နှင့်ပတ်ထားသော အလောင်းတစ်လောင်းကို တွေ့လိုက်ရ၏။ ဖျာတွေက ဆွေးမြေ့ကုန်ပြီ။ အလောင်းက အရိုးမကျသေး။

အသားတွေကပ်ပြီး အလွန် ကြည့်ရဆိုးလှ၏။ အပုပ်နံ့ကလည်း ထောင်းထောင်းမထတောင် နံချင်နေသေး၏။

"အဲ့ဒါ နီလာသိန်းပဲ"

လုံခြုံရေးတွေက ပီနန်အိတ်ပါလာ၏။

"အလောင်းအတိုင်းကြီးကို ထမ်းစင်နဲ့ သယ်သွားရမလား၊ ဘကြေးစည်"

"ချိုးဖွဲ့ထည့်မရရင်လည်း သယ်ပေါ့။ မှန်းစမ်း . . မင်းတို့ တူးဆန်းမနေဘူးလား။ အလောင်းက သေတာ ကြာပြီ။ ဆေးမကိုက်၊ ပိုး မထိုး၊ ကြွက် မကိုက်၊ ငါးရှဉ့် မကိုက်ဘဲ အသားကျုံ့ကပ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကပ်နေတာပဲ။ တခြား အလောင်းဆို အရိုးပြိုင်းပြိုင်းကျနေပြီ"

"ထူးဆန်းတယ် အဘ"

လုံခြုံရေးတွေက လူနာတင်ကဒ်ထမ်းစင် ယူလာကြ၏။ ဇေယံ၊ စစ်တို့က လက်အိတ်တွေနှင့် အလောင်းကို ထမ်းစင်ပေါ် မတင်ပေးကြ၏။

"အရိုးကပ်သာ ပြောတယ်။ လေးတော့ လူလောက်မကတောင် လေးသေးတယ်"

"ကဲ . . သွက်သွက်လုပ်ဟေ့ . . အပေါ်ကို တင်တော့မယ်။ ဒီမသာကို နေ့လယ်(၁၂)တိတိ ချမှာကွ"

အားလုံး တက်ညီလက်ညီဖြင့် မြေညီထပ်ရောက်အောင် အလောင်းကို မ,တင်လာကြ၏။ ဘကြေးစည်က ကြေးစည်လေးထုတာ ဆုတောင်း မေတ္တာပို့ဝေပေးနေ၏။

စည့်ခန်းဆောင် ပြန်ရောက်လာကြ၏။ ယမင်း၊ ရတီတို့ နှစ်ယောက်ထဲသာ တွေ့ရ၍ လင်းသန့် ရင်ထိတ်သွား၏။

"နှင်းဆီ . . နှင်းဆီရော"

"ရှူးဖလားဝါးချင်လို့တဲ့၊ တွိုင်းလက် ခဏသွားတယ်"

"ဟင်! . ."

"ဟေ! . ."

"အဘ စည်းပေါက်ပြီ"

"လာဟေ့ . . နောက်ဘက်မှာ ထင်းတွေ အရုံသင့် ပုံထားတဲ့ဆီ သွားကြစို့"

ဘကြေးစည်က ခေါ်ထုတ်သွား၏။ လင်းသန့်က စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သန့်စင်ခန်းရှေ့မှာ တံခါးခေါက်မည်ပြင်လိုက်စဉ် အထဲက ဘွားခနဲ နှင်းဆီ ထွက်လာ၏။

မျက်လုံးတွေ နီရဲတောက်နေ၏။

အံတွေကြိတ်ပြီး တကက်တခေါက်ခေါက်နဲ့။

နှင်းဆီနီ ဖြစ်သွားပြန်ပြီ။ နီလာသိန်းဆိုသော သရဲမ ဝင်ပူးသွားပြန်ပြီ။

"နှင်း . . နှင်းဆီ"

"ဘာ . . နှင်း . . ဆီ . . လဲ၊ နင် . . တို့ . . ငါ့ . . ကို . . သတ် . . မယ် . . ဆို။ မ . . ကျေ . . နပ် . . ဘူး။ အ . . ဘိုး . . ကြီး . . ကို . . သွား . . ပြော။ ငါ့ . . ကို . . မီး . . ရှို့ . . ရင် . . ယော ဒီ"

နှင်းဆီ ခန္ဓာကိုယ်ရဲ့ ရင်ဘတ်ကို ပုတ်ပြရင်း –

"လိပ် . . ပြာ . . ရှင် . . ကို . . အူ . . အ . . သည်း . . နှ . . လုံး . . ပါ . . မ . . ကျန် . . အ . . ကုန် . . စား . . သွား . . ပစ် . . မယ် . . လို့ . . ပြော . . လိုက်"

"အဲဒီလိုကြီး စွတ်မလုပ်ပါနဲ့။ ခင်ဗျားမကြိုက်ရင် မီးမသင်္ဂြိုဟ်ရအောင် ကျွန်တော် တားပေးပါ့မယ်။ လာ . . တစ်ခါထဲ လိုက်ခဲ့"

လင်းသန့်က နှင်းဆီရဲ့ လက်ကိုဆွဲပြီး မီးမသင်္ဂြိုဟ်သေး ချိန်မှီအောင် ခပ်သွက်သွက် သွားလိုက်၏။ နှင်းဆီနီရဲ့လက်ကြီး က အေးစက် တင်းခဲနေသလိုပင်။ ပယောဂ ဝင်ပူးနေသော ချစ်သူ ကြောက်တာ တစ်ဝက် . . ချစ်တာ တစ်ဝက်ပေါ့။

"အဘ . . မီးမသင်္ဂြိုဟ်နဲ့ဦး။ နှင်းဆီကို လက်ဆွဲ သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့"

ဘကြေးစည်က ကြေးစည်ထုတာရပ်ပြီး–

"မင်းတို့တွေကို ဆေးခံ၊ ဝါးခံ အဘ ကြိုတိုက်ထားတယ်။ ဆေးကမလောက်လို့ ကလေးမလေးတွေကို မတိုက်ရတာ၊ မင်းတို့ ညည်းစားတွေ စည်းပေါက်နေပြီ။ ဒီကို ခေါ်လာခဲ့ကြကွာ"

ဇေယံနှင့် စစ်တို့ကို ပြောလိုက်၏။ ဇေယံက ရတီကို၊ စစ်က ယမင်းကို သွားခေါ်လာ၏။ ဘကြေးစည်က အရေးကြုံလျှင် စည်းပေါက်လျှင် ဘယ်လိုလုပ်ရမည်ဆိုတာ လင်းသန့်ကို ကြိုမှာထား၏။

"ကဲ . . လူလေး မင်းတို့လုပ်ပြလိုက်၊ မင်းတို့ လုပ်သလို သူတို့ စုံတွဲတွေကိုလည်း လိုက်လုပ်ခိုင်းလိုက်။ အငှားခန္ဓာမြှောင် လို့ရရင် ဒီခန္ဓာကနေ ဟိုဘက်ခန္ဓာ ပြောင်းပြောင်းနေဦးမယ်။ မင်းတို့ ကို အာဏာစက်ထက်အောင် ပေးထားတယ်။ မင်းတို့နှုတ်က လျှာ စက်၊ အာဏာစက်ကို ပွားစည်းလိုက်။ ပယောဂ မကပ်နိုင်တော့ဘူး။ အပြင်ကို ဝေ့လည်နေရင်လည်း ဟော့ဒီ "

"နှောင် ဝေဝေဝေ နှောင် ဝေဝေဝေ နှောင် ဝေဝေဝေ"

"ကြေးစည်သံနဲ့ ထိန်းချုပ်ထားလိုက်မယ်။ ဟိုနှစ်ယောက် ဆင်းပုံပေါ်က အလောင်းကောင်ပေါ် ခတ်ဆီဖျန်းပြီးပြီနော်။ အဘ ခေါင်းဆတ်ပြတာနဲ့ မီးရှို့လိုက်တော့"

လုံခြုံရေးတွေက နားလည်ကြောင်း ဦးခေါင်းညိတ်ပြ၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







# CHAPTER (10)

## အရိုးကို မီးရှို့သောအခါ . .

**လင်း**သန့်ကလည်း နှင်းဆီကို ဆွဲဖက်ပြီး နှင်းဆီရဲ့ နှုတ်ခမ်းနှစ်လွှာကို အားရပါးရ နမ်းစုပ်ထားလိုက်၏။

"ကဲ . . နှင်းဆီကလေးမှာ ဝင်ပူးနေတဲ့ ပယောဂ၊ နှင်းဆီ ဆီမှာ နေလို့မရတော့ဘူး။ (နောင် ဝေဝေဝေ) ကြေးစည်သံကြောင့် လည်း အပြင်မှာ ရပ်တည်မနေနိုင်ဘူး။ မင်းတို့ရည်းစား လိပ်ပြာလွ တဲ့ မိန်းမသားတွေဆီ ပြောင်းပြီး ပူးကပ်တော့မယ်။ လူလေးသုံး ဆလိုသာ လုပ်ကြပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဖေယံနဲ့ စစ်တို့ သဘောပေါက်သွား၏။ ဖေယံက ရတ္တိကို၊ စစ်က ယမင်းကို အတင်းဆွဲဖက်ပြီး နှုတ်ခမ်းတွေကို နမ်းစုပ်ပစ်လိုက်၏။

(((( နောင် ဝေဝေဝေ ))))

(((( နောင် ဝေဝေဝေ ))))

(((( နောင် ဝေဝေဝေ ))))

(((( နောင် ဝေဝေဝေ ))))

(((( နောင် ဝေဝေဝေ ))))

---

---

---

နှင်းဆီ ထွန့်ထွန့်လူးသလို ဖြစ်နေရာက အင့်ခနဲ ပျော့ခွေကျသွား၏။ နှင်းဆီထံက ပယောဂ ခွာသွားလေပြီ။ ပယောဂ သရဲမကြီး (နီလာသိန်း)ရဲ့ အရိပ်က ဟိုဟိုဒီဒီ မှီတွယ်ရာရှာရင်း ဝေ့လယ်ဝေ့ဝဲနေ၏။

ဘကြေးစည် မျက်ရိပ်ပြလိုက်သည်နှင့် လုံခြုံရေးတွေက အလောင်းကို မီးရှို့ကြပြီ။ ထိုအချိန်တွင် အရိပ်မည်းကြီးပေါ်လာပြီး အရိပ်မည်းမှာ နေစရာမရှိ၊ ပူလောင်လွန်း၍ မီးပုံပေါ်မှာ တဝီဝီနှင့် လည်ထွက်နေ၏။

မီးတွေ အရှိန်ပြင်းပြင်း မြိုက်လောင်ကျွမ်းလေပြီ။ မီးခိုး တွေကြားထဲမှာ သရဲမရဲ့ မျက်နှာ၊ ပြောင်းလဲဝင်ပူးခဲ့သော လူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်နှာအမျိုးမျိုး တဖျတ်ဖျတ်ပေါ်လိုက်၊ ပျောက်လိုက်နှင့်။

နောက်ဆုံးမှာ သရဲမကြီးရဲ့ မူလ ရုပ်သွင်၊ မမြင်အပ်သော ရုပ်သွင်ကြမ်းကြီးပေါ်လာကာ မီးခိုးတန်းထဲ လောင်ကျွမ်း အရည်ပျော် ပျောက်ပျက်ကွယ်သွားရလေပြီ။

"သွားရှာပြီ။ အင်း . . သူက ချေချွတ်လို့မရဘူး။ သူ့အမှားကို ဝန်မခံဘူး။ မတောင်းပန်ဘူး။ အင်း . . သူ့လမ်းသူ ရွေးသွားပြီ။ မတတ်နိုင်ဘူး။ ကဲ . . အဘလည်း တာဝန်ကျေပြီ။ ပြန်တော့မယ်"

"သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။ အစွဲကြီးတဲ့ သေးမှ ကင်းလွတ်ပေးကြပါစေ"

"ကျွန်တော်တို့အားလုံး လိုက်ပို့ကြမယ်လေ။ အဘကြေး စည်ကို ကန်တော့ချင်သေးတယ်"

"ဘုရား၊ တရား၊ သံဃာကို အမြဲတမ်း နှလုံးသွင်း ကြည်ညို ဖူးဖော်ကြ။ ဘာသာရေး၊ သာသနာရေး၊ လူမှုပရဟိတလုပ်ငန်း တွေမှာ လှူဒါန်းကြ၊ အဘကို မကန်တော့နဲ့"

အဘကပြောပြီး ရှေ့ဆုံးက ထွက်သွား၏။

"မင်းတို့ . . အဲဒီ အရိုးတွေကို ပြာကျတဲ့အထိ မီးရှို့ရမယ်။ လောင်စာလိုရင် တာယာကွင်းတွေသုံးပြီး ပြာကျတဲ့အထိ ရှို့"

"အဲဒီပြာတွေ ဘာလုပ်ပစ်ရမလဲ ဆရာကြီး"

"မြောင်းကြီးထဲ သွားမျှောပစ်လိုက်။ ရေဆိုးထုတ်တဲ့ မြောင်းကြီးထဲ မကောင်းမိစ္ဆာတွေမှန်သမျှ သူတို့နဲ့ ထိုက်တန်တဲ့ လမ်းကိုလားရတာ ခမ္မတာပဲလေ"

လင်းသန့်က ပျော့ခွေနေသော ပန်းနှင်းဆီကို အသာပွေ့ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားရင်း ပြန်ပြောနေခြင်းပင်။ ပန်းနှင်းဆီ 'ဝါး'ခနဲ သမ်းဝေပြီး ပြန်သတိရလာ၏။ ယမင်း၊ ရတီတို့ကလည်း ဖြစ်ပျက်ခဲ့တာတွေ ပြန်ပြောပြကြ၏။

လင်းသန့်၊ စစ်၊ ဖေယံတို့က ဘကြေးစည်နောက် လိုက်သွားကြ၏။ ကားပါကင်မှာ ဘကြေးစည် စောင့်နေ၏။ ကားတွေပေါ်တက်ပြီး စက်နှိုးကြ၏။ မိန်းကလေးတွေ ပြေးထွက်လာကြ၏။ ဘရသေ့က လင်းသန့်ရဲ့ကား နောက်ခန်းထဲ ဝင်ထိုင်နေ၏။

ဖေယံနဲ့ ရတီတို့က တစ်စီး၊ ယမင်းနဲ့ စစ်တို့က တစ်စီး။

အဘကို လိုက်ပို့ပေးပြီး အဘလိုရာသုံးဖို့ ငွေဆယ်သိန်းကို အတင်း ကန်တော့ခဲ့ကြ၏။ မိန်းကလေးတွေက အဘအတွက် လိုအပ်တာ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ အသုံးအဆောင်တွေ မှော်ဘီဈေးထဲက သွားဝယ်ပြီး အဘကို ကန်တော့ထားခဲ့လေသည်။

အပြန်လမ်းမှာ စိတ်တွေ ပေါ့ပါးလွတ်လပ်နေကြ၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



“**ကိုလင်း** . . အဲဒီ ခြောက်ထပ်တိုက်ကြီးကို ဘာဆက်လုပ်မလဲ ဟင်”

“အ မင်္ဂလာတွေ အကုန်ဖျက်ပစ်မယ်။ သရဲခြောက်တဲ့တိုက်ကြီး မလုပ်တော့ဘူး။ မင်္ဂလာရှိတဲ့တိုက်ကြီး ဖြစ်သွားအောင် မင်္ဂလာခန်းမတွေ ပထမလွှာ၊ ဒုတိယလွှာတွေမှာ ခမ်းနားအောင် ပြင်ဆင်ပြီး ဖွင့်ပစ်မယ်။ ခန်းမ ငှားစားမယ်”

“အပေါ်ထပ်တွေမှာ ကုမ္ပဏီရုံးခန်းတွေ ပြင်ဆင်ပြီး ငှားမယ်။ အပေါ်ဆုံးထပ်မှာကျတော့ ဘွဲ့ရတာနဲ့ မောင်နဲ့ နှင်းဆီတို့ လက်ထပ်ပြီး အတူနေကြမယ်လေ”

“ငါးလွှာမှာ ကလေးကစားကွင်း ဖွင့်မယ်။ လေးလွှာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘီလီယက်၊ ဂိမ်းတွေဖွင့်မယ်။ အလှပြင် ဆိုင်ခန်းတွေ ငှားမယ်”

“နာမည်ကြီး အလှဖန်တီးရှင်တွေဆီကို အိမ်ထောင်ရှင်မ တွေလာပြီး အလှပြင်။ သူတို့ကလေးတွေကို ကစားကွင်းထဲ ပို့ထား၊ သူတို့ အမျိုးသားတွေက ဘီယာလေးစုပ်ရင်း ဘီလီယက် ထိုးလိုက်၊ ဘိုးလင်း လှိမ့်လိုက်၊ ဂိမ်းကစားလိုက်နဲ့ အပန်းဖြေပေါ့ . . အဲဒါမျိုး တွေဆို မင်္ဂလာရှိသွားပြီ မဟုတ်လား”

“ဒါပေါ့ . . အဲဒါမျိုးဆိုရင် သူငယ်ချင်းတွေ အားလုံးက ဝိုင်းပြီး ရှယ်ယာထည့်ကြမှာပါ”

“မပူနဲ့ . . နှင်းဆီရေ၊ ကိုယ်သိပါတယ်။ စစ်၊ ဇေယံ၊ ယမင်း၊ ရတီတို့ သူတို့အားလုံး ပါလိမ့်မယ်။ သူတို့ ကိုယ်တိုင် တောင် ဒီခြောက်ထပ်တိုက်ကြီးကနေ မပြန်ချင် ဖြစ်နေလိမ့်မယ်”

“နှင်းဆီနဲ့ မောင်နဲ့ကတော့ အချစ်ရှယ်ယာ ထည့်ထား ပြီးပြီနော်။ တစ်နှစ်ကျော်မှ ရှယ်ယာအကျိုးအမြတ်ကို ထုတ်လို့ ရမယ်။ ဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့ သားသားမီးမီးတွေ တစ်နှစ် တစ်သားနှုန်းနဲ့ ဆက်တိုက်မွေးကြမယ်”

“အမ် . . သေရချည့်ရဲ့”

ပန်းနှင်းဆီက လျှာတစ်လစ်နှင့် မျက်ဖြူလန်ပြီး ရှောသွား ဂန့်သွားတဲ့ပုံလေး လုပ်ပြနေ၏။ ချစ်စရာကောင်းသော ပုံလေးမို့ လင်းသန့် သတိလက်လွတ်ဖြစ်ပြီး အားရပါးရ ဆွဲဖက်နမ်းပစ်လိုက် ၏။

တစ်သက်တာမှာ တစ်ခါမှ မကြုံခဲ့ဘူးသော၊ မယုံနိုင်စရာ အဖြစ်အပျက်များသည် သူတို့ဘဝအတွက် အမှတ်တရများအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်မည်မှာ အမှန်ဖြစ်သည်။

ထိုစဉ် . .

"မောင် . . ကား . . ကား"

ပန်းနှင်းဆီ အော်ဟစ်သတိပေးလိုက်မှ ကားကိုပြန်ပြီး စတီယာရင် ကိုင်ရ၏။

အချစ်ရဲ့ ဖြစ်တတ်ခြင်းသဘောတွေထဲမှာ သတိလက်လွှတ် ချစ်မိသွားတတ်သော အချစ်ဇာတွေလည်း ပါကြောင်းကို လင်းသန့်နဲ့ ပန်းနှင်းဆီတို့ ကောင်းစွာသဘောပေါက်သွားကြလေတော့သတည်း။ ။

စေတန်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



# တတိယမြောက် စာအုပ်

# ဝိညာဉ်ဘုံသားများ

**စေတန်**

- သတ္တလောကထဲက လူသား(၈)ဦး
  သင်္ခါရလောကထဲ ရောက်သွားတဲ့အခါ
- ကမ္ဘာသစ်မှာ ဘာဖြစ်လာမလဲ . .
- ထူးထူးခြားခြား လူသားများရှာ
- မရဏမင်း အော်သံ၊ မေ့ခြင်းသစ်ပင်၊
  ညငရဲ၊ အလူးအလဲ၊ သေမင်းခေါ်သံ၊
- ပြန်ရောက်လာသော သေခြင်းများ
- သေကံမကြုံ၊ ပြန်ရှင်ခုန် စသည့် . .
  ချောက်ချားစရာ၊ ထိတ်လန့်စရာ၊
  ရင်သိမ့်တုန် ဖြစ်ရပ်ဆန်း များစွာဖြင့် . .

**မကြာမီ လာမည် . . မျှော်**



www.burmeseclassic.com